www.burmeseclassic.com



www.burmeseclassic.com

၈၉၅.၈၃
ကြူသိမ်
ချည်းခြားသည့်ဗေဟာနိကတော်ခဲ့ / ကြူသိမ်း - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၅၁ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြူသိမ်

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ **ဖြန့်ချိရေး** အောင်မြင်စာပေ
**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်** အောင်မြင်ပန်းပိုတ်ကား၊ ပထမအကြိမ် ၂၀၁၃ ခုနှစ်
(အောက်တိုဘာလ) အုပ်ရေ(၅၀၀)



# ကြူသိမ်



www.burmeseclassic.com

www.burmeseclassic.com

## ဘယနုလက်ဆောင်

- စကားများများပြောခြင်းသည်..
သစ်ပင်ကို သစ်ရွက်ဖုံးနေသည်နှင့် တူပါတယ်၊
သစ်ရွက်သိပ်များနေလျှင်
အသီးနှင့်အပွင့်တို့
ကွယ်ပျောက်နေတတ်ပါတယ်၊

- ပစ်မှတ်ကို မရောက်နိုင်စေကာမူ
ချိန်ရွယ်ပြီးသောပစ်ပါ...၊
လေးညို့မှ မြားဖြတ်သွားသောအသံက
ခွန်အားကို တိုးပွားလာစေနိုင်ပါတယ်..၊

- ကြိုးစားမှု မအောင်မြင်သူအတွက်..
ဆင်ခြေပေးစရာတွေ ရှိနေတတ်သည်၊
အောင်မြင်အောင် စွမ်းဆောင်သူအတွက်ကတော့
သက်သေပြစရာ တစ်ခုသာ ရှိတတ်သည်၊

BURMESE CLASSIC

## ဘယနုလက်ဆောင်

- အချစ်နှင့် ထိတွေ့ခွင့် ရသောအခါ...
စဉ်းစားတွေးတောမှုများစွာ
ရှိလာတတ်ပါတယ်၊
အချစ်များစွာတို့ဖြင့် တွေ့သောအခါမှာတော့
စဉ်းစားတွေးခေါ်မှု
မရှိသလောက် နည်းသွားပါလိမ့်မယ်...၊

- ဖုံးကွယ်ထား၍မရသော...
အရာနှစ်ခုရှိပါတယ်၊
အမှန်တရားနဲ့ ချစ်ခြင်းမေတ္တာ ဖြစ်ပါတယ်၊
ထိုအရာနှစ်ခုကို
ဘယ်သောအခါမှ ဖုံးကွယ်ဖို့ မကြိုးစားပါနှင့်..၊

- ချစ်ခြင်းမေတ္တာဆိုတာ
နှလုံးသားမှ လာခြင်းဖြစ်ပါတယ်၊
ခံစားမှု မပါဘဲနှင့်...
ချစ်ခြင်းမေတ္တာရဲ့အနှစ်သာရကို
တွေ့နိုင်မှာ မဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com

# အသဲနုလက်ဆောင်

- ကြင်နာမှုဆိုတာ...
ဘဝအတွက် ခွန်အားဖြစ်စေနိုင်ပါတယ်။
ချစ်တယ်ဆိုတာ ကိုယ့်အတွက်ဖြစ်ပေမယ့်
ကြင်နာမှုကတော့...
ချစ်သူအတွက် ဖြစ်ပါတယ်...။

- အလှတရားကို အလိုရှိသူအတွက်
စိုးရိမ်ကြောက်လန့်နေလို့ မဖြစ်ပါဘူး။
ထို့အတူ ချစ်ခြင်းမေတ္တာအတွက်
ရဲရင့်ဖို့လည်း လိုအပ်ပါတယ်...။

- မီးသည် အသုံးဝင်သော်လည်း...
အသုံးချမှုမှားလျှင် ဆုံးရှုံးရနိုင်သည်၊
စွမ်းရည်ကောင်းများ ရှိသော်လည်း
အသုံးခ [illegible] ားလျှင်တော့
ဆုံးရှုံးမှုသာမကဘဲ
ပျက်သုန်းခြင်းပါ ရောက်စေနိုင်သည်။

# အသဲနုလက်ဆောင်

- အချိန်သည်...
တိုးတက်မှုများအတွက်
အသုံးမချနိုင်ခဲ့လျှင်...
အရွယ်၏ တိုးတက်ခြင်းကိုတော့
သူ့ဘာသာ ဆောင်ရွက်သွားပေလိမ့်မည်၊

- ကိုယ်ခန္ဓာ၌ ဒဏ်ရာရလျှင်
အမာရွတ်ကျန်နေခဲ့သည်၊
နှလုံးသားမှ ဒဏ်ရာဒဏ်ချက်များကိုတော့
မျက်ရည်ဖြင့် ဖုံးကွယ်ထားတတ်ကြသည်၊


- တစ်သက်လုံး
အသက်ရှင်ခွင့်ရသည့်သဘောဖြင့်...
ကြိုးစားအားထုတ်မှုပြုပါ...။
မကြာခင်သေရတော့မည် စိတ်သွင်းပြီး
ကုသိုလ်ကောင်းမှုကိုလည်း မမေ့ပါနှင့်...။

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ဟိမဝန္တာမှ မဟာဂန္ဓာရီတက္ကသိုလ်
အခန်း(၂) ရှေးဟောင်းအိန္ဒိယဆေးပညာ
အခန်း(၃) နင်းကြာပန်း သို့မဟုတ်
ဖောင်ထိပ်မှာပွင့်သောပန်း
အခန်း(၄) ကျောင်းတော်ကြီးအတွင်းမှ
စည်းခြားထားသောနေရာ
အခန်း(၅) အသက်ဝင်နေသောပန်းချီကား
အခန်း(၆) နေ့နှင့်ည အချိန်လွဲမှားနေသောနေရာ
အခန်း(၇) ဝင်္ကြေးကံကြွေး ပေးဆပ်နေရသူများ
အခန်း(၈) ထူးဆန်းသော ဝေမာနိကပြတိုက်ဘဲ
အခန်း(၉) မရဏမှော်ဝင်ဓား
အခန်း(၁၀) သိုက်ဝင်ဆေးပင်များ ရှိသောနေရာ
အခန်း(၁၁) ချစ်လိုလျက်နှင့် ဝေးရသူများ
အခန်း(၁၂) သိဒ္ဓိရှိသော ကက်ကင်းဓာတ်ပညာ
အခန်း(၁၃) ဝေမာနကအကျဉ်းသား
အခန်း(၁၄) ချစ်ခွင့်မပိုင်သောဘဝများ
အခန်း(၁၅) အထိကရတောမှ မိစ္ဆာများ
အခန်း(၁၆) ချစ်ခွင့်ဆုံနိုး မကြုံနိုးနှင့်
အခန်း(၁၇) စည်းတစ်ဘက်ခြမ်းမှ
လွမ်းကျန်ရစ်ခဲ့သူ။



# အခန်း(၁)

# ဟိမဝန္တာမှ မဟာဂန္ဓာရီတက္ကသိုလ်

BURMESE CLASSIC

မဟာဂန္ဓာရီနှင့် သက်ဆိုင်သော အကြောင်းအရာတို့မှာ သာမန်လူတို့ စိတ်ဝင်စားမှု များသော်လည်း ဉာဏ်တစ်ထွာ တစ်မိုက်ဖြင့် လိုက်မမီနိုင်သော အကြောင်းအရာများ ဖြစ်ပေသည်။

မဟာဂန္ဓာရီဟူသော ဝေါဟာရကို အလွယ်တကူ သုံးစွဲပြီး သင့်ရုံမျှသာ ရေးသားဖော်ပြနေသောကြောင့် ယိုအရာမှာ



www.burmeseclassic.com

www.burmeseclassic.com



သာမန်အကြောင်းအရာများနှင့် ရောထွေးပြီး ပေါ့ပျက်ပျက်ဖြစ်နေသည်ဆိုက မမှားပေ။

"မဟာဂန္ဓာရီ"ဟူသော အမည်မှာ အကြောင်းအရာတစ်ခုဖြစ်ပေသည်။

ထိုအကြောင်းအရာသည်လည်း သာမန်အကြောင်းအရာမျိုးတော့ မဟုတ်ပေ။

နက်ရှိုင်းသည်၊ သိမ်မွေ့သည်၊ အကြောင်းအရာတစ်ခုတွင် အတုအယောင်ပေါင်း မြောက်များစွာတို့ ဝန်းရံနေသော အရာတစ်ခုဆိုပါက မှားမည်မဟုတ်ပေ။

မဟာဂန္ဓာရီ ပညာရပ်များမှာ လူသားမျိုးနွယ်တို့ ပေါ်ပေါက်လာခဲ့ပြီးနောက် မရှေးမနှောင်းမှာပင် ပေါ်ပေါက်လာခဲ့သော်လည်း ထိုအချိန်ကာလကတော့ မည်သို့အသုံးချရမှန်း မသိခဲ့ကြပေ။

မီးကိုစတင်တွေ့ရှိသူသည် မီးသည်ပူမှန်းသိသော်လည်း မည်သို့မည်ပုံ အသုံးချရမှန်း မသိသကဲ့သို့ ရှိလေသည်။

ထိုကဲ့သို့ပင် ရှေးကလူများသည် မဟာဂန္ဓာရီပညာရပ်များနှင့် ထိတွေ့ခွင့်ရသော်လည်း မည်သို့မည်ပုံ အသုံးချရမှန်းတော့ သူတို့မသိခဲ့ကြပေ။ နောက်ပိုင်း တဖြည်းဖြည်းနှင့် တိုးတက်မှုရှိလာသောအခါမှ စမ်းသပ်သည့် သဘောမျိုးဖြင့် ထိတွေ့သုံးစွဲခဲ့ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ခုနစ်သိန်းခန့်က ကမ္ဘာပေါ်တွင် အတ္တလန်တိတ်တိုက်ကြီး ရှိခဲ့ဖူးပြီး ထိုတိုက်ကြီးတွင် အတ္တလန်





တိယ်လူသားများ နေထိုင်ခဲ့ကြသည်။

ထိုလူတို့သည် ဉာဏ်ပညာအဆင့်အတန်း မြင့်မားသောကြောင့် မဟာဂန္ဓာရီ ပညာတို့ကို ကောင်းစွာအသုံးချနိုင်ခဲ့ကြသည်။ နောက်ပိုင်း မဟာဂန္ဓာရီပညာကို အချို့က လွဲမှားစွာ အသုံးချခဲ့ကြသောကြောင့် စောင့်ရှောက်သော နတ်များက အတ္တလန်တိတ် တစ်တိုက်လုံးကို ပင်လယ်ရေပြင်အောက်သို့ နစ်မြုပ်ဖျောက်ဖျက်ပစ်ရန် ကြံစည်ကြသည်။

ထိုအကြောင်းကို ကြိုတင်သိသော 'နိုအာ' ဆိုသော ပုဂ္ဂိုလ်သည် သင်္ဘောကြီးတစ်စင်း တည်ဆောက်လျက် ထိုသင်္ဘောပေါ်တွင် မိသားစုများနှင့် နောက်လိုက်နောက်ပါများကို တစ်ပါတည်း ခေါ်ဆောင်ကာ. . ရေဘေးလွတ်သော ကုန်းမြေဒေသဘက်သို့ ထွက်ပြေးခဲ့ကြသည်။

နောက်ပိုင်းအတ္တလန်တိတ်တိုက်ကြီးနှင့် အတ္တလန်တိတ်ရွှေမြို့တော်ကြီး ပင်လယ်ရေအောက်တို့ နစ်မြုပ်ပျောက်ကွယ်သွားသောအခါ နိုအာတို့ မိသားစုနှင့် တပည့်များမှာ ဘေးအန္တရာယ်ဆိုးမှ လွတ်မြောက်ခွင့် ရကြလေသည်။

သူတို့ရောက်သွားသောနေရာမှာ 'အီဂျစ်' နေရာပင်ဖြစ်ပေသည်။

အီဂျစ်သည် လူသူမရှိဘဲ ရေဘေးလွတ်သော သဲကန္တာရတစ်ခုသာ ရှိပေသေးသည်။

နောက်တွင် နိုအာ၏သားဖြစ်သူ 'ရှမ်'သည်အီဂျစ်၌ တိုင်းပြည်တည်ထောင်ကာ စိုးမိုးအုပ်ချုပ်ခဲ့ပေသည်။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အီဂျစ်သည် အတ္တလန္တိတ်နောက်ပိုင်း. . မဟာဂန္ဓာရီပညာ အစောဆုံးရောက်ရှိခဲ့သော နေရာတစ်ခုဖြစ်လာခဲ့ပေသည်။

အီဂျစ်ပြည်၌တွေ့ရသော ပိရမစ်များမှာ မဟာဂန္ဓာရီပညာ၏ သင်္ကေတများပင်ဖြစ်သည်။

အီဂျစ်ပြည်မှာ မဟာဂန္ဓာရီပညာများ ပြန့်နှံ့လာပြီးနောက်မှ ဥရောပသို့ ပြန့်နှံ့သွားလေသည်။

အင်္ဂလန်၌တွေ့ရသော (Stone Hange) ကျောက်တိုင်စက်ဝိုင်းများမှာလည်း ထိုသင်္ကေတများပင် ဖြစ်ပေသည်။ နောက်ပိုင်းမှ အရှေ့တိုင်းဒေသများသို့ တဖြည်းဖြည်း ပြန့်နှံ့ရောက်ရှိလာခဲ့လေသည်။

နောက်ပိုင်းမှာတော့ အိန္ဒိယ၊ တရုတ်၊ တိဘက်၊ ဘူတန်၊ နီပေါ စသောနေရာများမှာ မဟာဂန္ဓာရီပင်မ ဒေသများဖြစ်လာသည်။

ဟိမဝန္တာတောင်၊ ကေလာသတောင်၊ ဂူတန်တောင်တို့ မဟာဂန္ဓာရီနှင့် သက်ဆိုင်သော အဓိကနေရာများ ဖြစ်လာခဲ့ကြသည်။

ထိုအချိန်မှအစပြုခဲ့ပြီး မဟာဂန္ဓာရီ ပညာများသည် အရှေ့တိုင်းရော အနောက်တိုင်းသို့ပါ ပြန့်နှံ့ကာ ရောက်ရှိသွားလေသည်။

အတ္တလန်တိတ်တိုက်ကြီး ပင်လယ်ရေအောက် မကျရောက်မီက ပင်မ မဟာဂန္ဓာရီ ပင်ရင်းဒေသတစ်ခု ဖြစ်ခဲ့သော





ကြောင့် ပညာရပ်များ ပြန့်ပွားစေရန် မဟာဂန္ဓာရီ တက္ကသိုလ်တည်ထောင်ပြီး သင်ကြားပို့ချပေးခဲ့သည်။

အတ္တလန္တစ်ယဉ်ကျေးမှုများ ထွန်းကားခဲ့စဉ်က အစောဆုံး ပေါ်ပေါက်ခဲ့သော မဟာဂန္ဓာရီတက္ကသိုလ်မှာ အတ္တလန္တစ် မဟာဂန္ဓာရီ တက္ကသိုလ်ပင်ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၂)သိန်းခန့်က အတ္တလန္တစ်မျိုးနွယ်များ ပေါ်ပေါက်ခဲ့ရာ. . (၇)မျိုးဖြစ်သည်။

၎င်းမျိုးနွယ် (၇) မျိုးမှာ. . .

(၁)မိုဟာ၊ (၂)လေဗတ်တီ၊ (၃)တောလ်တက်၊ (၄)တာရေနီယံ၊ (၅)ဆီးမိုက်၊ (၆)အကာဒီယံ၊ (၇)မွန်ဂိုလီယံ. . စသည့်တို့ဖြစ်ကြသည်။

ယခုတွင် ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးရှိနေသော မျိုးနွယ်မှာ 'မွန်ဂိုလီယံ' မျိုးနွယ်ခွဲများ ဖြစ်ကြလေသည်။

မွန်ဂိုလီယံ မျိုးနွယ်ခွဲများတွင် မြန်မာလူမျိုးတို့လည်း အပါအဝင်ဖြစ်သည်။

မွန်ဂိုလီယံ မျိုးနွယ်ခွဲများတွင် တရုတ်၊ မွန်ဂို၊ တိဘက်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စသောလူမျိုးများလည်း အပါအဝင်ဖြစ်သည်။

အတ္တလန္တစ် နိုင်ငံတော်ကြီး ထွန်းကားစဉ်ကပင် မဟာဂန္ဓာရီ ကျောင်းတော်ကြီးများ ဖွင့်လှစ်ပြီး ပညာရပ်အမျိုးမျိုးတို့ကို သင်ကြားပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အတ္တလန္တစ်နိုင်ငံတော်ကြီး ပင်လယ်ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားပြီးနောက်မှာတော့ မဟာဂန္ဓာရီ တက္ကသိုလ်ကြီးများ၊ တစ်နေရာပြီး တစ်နေရာတွင် တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။

အတ္တလန္တစ် မဟာဂန္ဓာရီတက္ကသိုလ်ကြီး ကွယ်ပျောက်သွားပြီးနောက် အစောဆုံး ပေါ်ပေါက်လာသည်ဟု ယူဆရသော တက္ကသိုလ်မှာ အီဂျစ် မဟာဂန္ဓာရီ တက္ကသိုလ်ဖြစ်သည်၊

ထို့နောက် ဟိမဝန္တာ မဟာဂန္ဓာရီတက္ကသိုလ်၊ ၄င်းမှာ အိန္ဒိယနယ်နိမိတ်အတွင်း၌ပင် တည်ရှိခဲ့သော တက္ကသိုလ်တစ်ခုဖြစ်သည်။

ခေါမ မဟာဂန္ဓာရီ တက္ကသိုလ်၊ အက်ဆင်နီ မဟာဂန္ဓာရီ တက္ကသိုလ်၊ အလက်ဇန်းဒြီးယား မဟာဂန္ဓာရီ တက္ကသိုလ်၊ အနာဂတ်တွင် ဖွင့်လှစ်သင်ကြားမည့် မဟာဂန္ဓာရီ အချို့လည်း ရှိနေပေသေးသည်။

အတ္တလန္တစ် မဟာဂန္ဓာရီ တက္ကသိုလ်ကြီး ကွယ်ပျောက်သွားခဲ့ပြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့သော မဟာဂန္ဓာရီများထဲတွင် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးနှင့် သင်ကြားပို့ချသော ပညာရပ်များစုံလင်သော တက္ကသိုလ်ကြီးမှာ ဟိမဝန္တာ မဟာဂန္ဓာရီ တက္ကသိုလ်ကြီးပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နေရာဒေသအသီးသီးတို့တွင် ဟိမဝန္တာ တောင်တန်းများသည် မဟာဂန္ဓာရီ ပင်မဒေသများအဖြစ် ထင်ရှားလေသည်။





ထိုကဲ့သို့ပင် ထိုနေရာတွင် တည်ရှိသော မဟာဂန္ဓာရီ တက္ကသိုလ်ကြီးမှာလည်း အထိကရနေရာကြီးတစ်ခုဆိုက မမှားပါချေ. . . ၊

ဟိမဝန္တာ မဟာဂန္ဓာရီ တက္ကသိုလ်ကြီး တည်ရှိရာနေရာသည် အလွန်မြင့်မားသော တောင်စွယ်တစ်ခုတွင် ဖြစ်သည်။

ယင်းတောင်စွယ်နှင့် အနီးရှိတောင်တို့၏ အကြားတွင် အလွန်နက်ရှိုင်းလှသော လျှိုကြီးရှိသည်။

လျှိုကြီး၏အောက်ခြေတွင် တောင်(၂)လုံးကြား၌ စမ်းရေစီးဆင်းနေသည်။

မဟာဂန္ဓာရီ တက္ကသိုလ်တည်ရှိရာ တောင်စွယ်ဘက်သို့ ဤမှာဘက်တောင်စွယ်မှ ကူးသန်းရန် ကြိုးတံတားရှိသည်။ ထိုတံတားသည် နွယ်ပင်တို့ဖြင့် ရက်လုပ်ထားသော ချိန်နဲ့တံတားဖြစ်သည်။

လေအတိုက်တွင် ထိုနွယ်ကြိုးတံတားသည် လှုပ်ယမ်းနေသည်။

တည်ရှိနေသော တောင်နှစ်လုံး၏ ပမာဏ၊ လျှို၏အနက်နှင့် နှိုင်းယှဉ်ပါက နွယ်တံတားသည် ပင့်ကူအိမ်မျှင်နှင့်ပင် တူသေးသည်။

အသူရာတမျှ နက်ရှိုင်းသော လျှိုကြီးကို ဖြတ်သန်းထားသော ခနော်ခနဲ့ယိမ်းထိုးနေသည့် နွယ်ကြိုးတံတားကို ဖြတ်သွားဝံ့သူ မရှိပေ။

ထိုခရီးတွင် ဤနွယ်ကြိုးတံတားမှအပ အခြားလမ်း



www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိချေ။

သို့ဖြစ်၍ မဟာဂန္ဓာရီတက္ကသိုလ်သည် လူစိမ်းတို့ ဝင်ရောက်လာမည့် အန္တရာယ်မှ ကာကွယ်ပြီးသား ဖြစ်နေပေသည်။

သို့သော် သဒ္ဓမ္မဆရာရှင်တို့၏ တပည့်သာဝကများကမူ ဤနွယ်ကြိုးတံတားကို မကြောက်မရွံ့ ကူးနိုင်ကြသည်။

ထိုနွယ်ကြိုးတံတားကို ဖြတ်ကူးပြီးနောက် ဟိုဘက်မှာရှိသော တောင်ကြောပေါ်သို့ ခြေချမိလိုက်သည်နှင့် တစ်ပြိုင်တည်းမှာ မဟာဂန္ဓာရီ တက္ကသိုလ်ကြီးကို စွင့်စွင့်မားမား ဘွားခနဲ တွေ့ရမည်ဖြစ်သည်။

အထပ်(၇)ထပ်၊ ဘုံ(၇)ဆင့်ရှိသော ကျောက်ပြဿဒ်ကြီးဖြစ်သည်။ တရုတ်ပြည်ရှိ ဗုဒ္ဓဘာသာတို့ တည်ထားလေ့ရှိသော ပုထိုးပြဿဒ်ကြီးဖြစ်သည်။

အချို့ကလည်း ၎င်းကို မျှော်စင်(Tower)ဟုခေါ်သည်။

အဆောက်အအုံမှာ လေးထောင့်သဏ္ဍာန်ဖြစ်သည်။ ကျောက်သားများဖြင့် တည်ဆောက်ထားရာ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းနှင့် ဆင်သည်။

အဆိုပါ ကျောင်းကြီးသည် ဂျပ်ဆင်ဘုရားရှိခိုးကျောင်းထက် များစွာကြီးမားထည်ဝါသည်။

သဒ္ဓမ္မ ဆရာရှင်တို့က ဤမဟာဂန္ဓာရီ တက္ကသိုလ်ကို "ဗောဓိသတ္တ လေ့ကျင့်ရေးကျောင်းတော်" ဟုလည်း ခေါ်ကြသည်။

ကျောင်းတော်ကြီးရှိ အထပ်တစ်ထပ်သည် သာဝကတို့၏ မာဂအဆင့်လိုက် သင်ကြားရာ ကျောင်းဆောင်များဖြစ်သည်။





သင်ကြားသော ဆရာတို့မှာ မာဂအဆင့်မြင့် ဆရာရှင်များဖြစ်သည်။

ဂန္ဓာရီ တက္ကသိုလ်၏ တာဝန်ခံဆရာရှင်မှာ "ကူသူမီး" နှင့် လက်ထောက် "ဒီကေ" တို့ဖြစ်သည်။

ဤဆရာရှင်တို့မှာ အုပ်ချုပ်မှု ကျောင်းစည်းကမ်းနှင့် သင်ရိုးညွှန်းတမ်းတို့ကို တာဝန်ယူကြရသည်။

လက်တွေ့ လေ့ကျင့်သင်ကြားရေးအတွက်ကိုမူ အခြားဆရာရှင်တို့က တာဝန်ယူသင်ကြားပေးရသည်။

ဝေးလံသော နေရာဒေသ၊ တိုင်းပြည်များရှိ သာဝကများကိုမူ ညအခါတွင် လိပ်ပြာခန္ဓာဖြင့် သင်ကြားပေးရသည်။

ဟိမဝန္တာနှင့်နီးသော ဒေသများဖြစ်သည့် တိဘက်၊ တရုတ်၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ လာဒတ်၊ နီပေါ၊ ဆစ်ကင်၊ ဘူတန်၊ အာဖကန်နစ္စတန်၊ ပါကစ္စတန်၊ နိုတန်၊ ဥဘက္ကစ္စတန်၊ တာစစ်စတန် ဒေသများမှ သာဝကများကို ရုပ်ခန္ဓာကိုယ်ဖြင့် တက်ရောက်ခွင့်ပြုပြီး သင်ကြားပေးကြသည်။

အခြားအဝေးတိုင်းပြည်များမှ တပည့်သာဝကများကို ညအချိန်တွင် လိပ်ပြာခန္ဓာဖြင့် ခေါ်ယူသင်ကြားပေးပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

အဝေးတိုင်းပြည်များရှိ သာဝကများသည် ည(၁၁)နာရီထက် နောက်မကျဘဲ အိပ်ရာဝင်ကြရသည်။

အိပ်ရာဝင်ချိန်တွင် ဟိမဝန္တာရှိ မဟာဂန္ဓာရီ တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရည်မှန်းပြီး အိပ်ရသည်။

အိပ်ပျော်ချိန်တွင် လိပ်ပြာခန္ဓာသည် ရုပ်ခန္ဓာမှ ခွဲခွာသွားနေကျအတိုင်း ခွဲခွာသွားသည်။

ထိုလိပ်ပြာခန္ဓာကို ဆရာရှင်တို့က မေတ္တာဆွဲငင်အားဖြင့် ခေါ်ယူလိုက်သောအခါ သာဝက၏ လိပ်ပြာခန္ဓာသည် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ပင်လယ်အမျိုးမျိုးတို့ကို ဖြတ်သန်းပြီး မြောက်အရပ်ရှိ ဟိမဝန္တာကို ဦးတည်၍ လွင့်မျောသွားသည်။

လေ့ကျင့်မှုမရှိသေးသောကြောင့်၊ ဆရာတို့၏ မေတ္တာဓာတ်လှိုင်း ဆွဲငင်အားဖြင့် ခေါ်ယူခြင်းမခံရသေးသော သာမန်လူတို့သည် အိပ်သောအခါတွင် သူတို့၏ လိပ်ပြာခန္ဓာသည် မိမိသွားနေကျ၊ နေထိုင်ကျက်စားနေကျ နေရာတစ်ဝိုက်ထိသာ သွားနိုင်သည်။

သာဝက၏လိပ်ပြာခန္ဓာကို မဟာဂန္ဓာရီတက္ကသိုလ်သို့ မခေါ်ယူမီ ဆရာက သာဝကအား လိပ်ပြာလွင့်နည်းကို လေ့ကျင့်သင်ကြားပေးသည်။

ညတိုင်း အိပ်ရာဝင်ချိန်တွင် ဆရာရှင်တို့အား အာရုံပြုပြီး သမာဓိယူနေစဉ်တွင် လိပ်ပြာခန္ဓာခွာနည်းကို သင်ပေးခြင်းဖြစ်သည်။

သင်ပေးသူ ဆရာရှင်ကို တွေ့မြင်ရသည့်အချိန်လည်းရှိသည်။ မတွေ့မြင်ရဘဲနှင့် သင်ကြားပေးသည့် အခါမျိုးလည်းရှိသည်။





ခါတိုင်း အိပ်နေကျအချိန်တွင် အိပ်ပျော်သွားသဖြင့် လိပ်ပြာခန္ဓာ ထွက်လို့ထွက်မှန်းမသိ ဖြစ်သွားသည်။

သင်ကြားပေးသောအခါတွင်ကား လိပ်ပြာခန္ဓာ စတင်ထွက်တော့မည့် နိမိတ်လက္ခဏာများကို အထင်အရှားတွေ့ရသည်။

ဥပမာ. . . ခန္ဓာကိုယ် အေးစက်လာခြင်း၊ ခြေလက်အင်္ဂါတို့ လှုပ်ရှားရန် ခဲယဉ်းလာခြင်း၊ ထုံကျဉ်လာခြင်း၊ နားထဲက လေတွေ တဝီဝီထွက်လာခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးရှိ ကလာပ်စည်းများအားလုံး ဆူဝေတက်ကြွလာခြင်းတို့ ဖြစ်ပေါ်လာသည်။

ဤခြင်းရာ လက္ခဏာများမှာ မသိမသာမဟုတ်။ စိတ်အထင်မဟုတ်။ အလွန်သိသာထင်ရှားသော အာရုံခံစားမှုများဖြစ်သည်။

အထူးသဖြင့် နှလုံးသည် ပြင်းထန်စွာ တဒုံးဒုံးခုန်လာသည်။

နှလုံးသည် ပေါက်ထွက်မတတ် ခုန်လာသောအခါ မိမိအသက်ကလေးထွက်သွားတော့မည်ဟူသော စိုးရိမ်စိတ် ဝင်လာသည်။

ထိုစိုးရိမ်စိတ်ကြောင့် လိပ်ပြာမထွက်နိုင်တော့ပေ။

သို့ဖြစ်၍ ဆရာတို့က နည်းအမျိုးမျိုးဖြင့် လိပ်ပြာလွင့်အောင် လေ့ကျင့်ပေးကြသည်။

နည်းတစ်မျိုးဖြင့် လိပ်ပြာမထွက်ခွာသော သာဝကအား အခြားနည်းတစ်နည်းဖြင့် စမ်းသပ်လေ့ကျင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ----

- ❖ ဒန်းစီးရသော အာရုံနိမိတ်ပေးခြင်း၊
- ❖ လေထီးခုန်ချသောအာရုံ၊
- ❖ ဓာတ်လှေကားဖြင့် အရှိန်မြန်မြန်ဆင်းရသော အာရုံ
- ❖ အမြောက်ဆန်ကိုစီးပြီး ထွက်ရသောအာရုံ. . .

စသည်ဖြင့် နည်းအမျိုးမျိုးဖြင့် လိပ်ပြာခွာစေသည်။

လိပ်ပြာလွင့်ပြီး ဟိမဝန္တာသို့ ဦးတည်ပျံသန်းနေစဉ်အ တွင်း လမ်းခရီးတွင်တွေ့ရမည့် အဟန့်အတားအနှောင့်အယှက် များကို ကျော်လွှန်ရန် ဆရာရှင်တို့က စောင့်ရှောက်ပေးသည်။

ဆရာသခင်တို့က လိပ်ပြာလွင့်ပြီး ပျံသန်းနေသည့် တပည့်များကို လမ်းတွင်တွေ့ရမည့် အဟန့်အတား အနှောင့် အယှက်များကို ရှောင်တိမ်းနည်း၊ ကာကွယ်နည်းများကိုလည်း လက်တွေ့ လိပ်ပြာလွင့်ရင်း သင်ကြားပေးသည်။

သာဝက၏ မာဂအဆင့်အတန်းအလိုက် (၂)နှစ်၊ (၃)နှ ကြာတတ်သည်။

လိပ်ပြာလွင့်နေစဉ်တွင် တောင်ပြိုခြင်း၊ လျှပ်စစ်မုန် တိုင်းထခြင်း စသော သဘာဝအန္တရာယ်များကိုလည်း တွေ့ကြုံ ဖြတ်သန်းရပေရာ ယင်းသဘာဝ အန္တရာယ်များကို မည်သို့ဖြတ် သန်းကျော်လွှားသွားရမည်ကိုလည်း ဆရာသခင်တို့က လက် တွေ့ပြသပြီး လေ့ကျင့်သင်ကြားပေးသည်။

တစ်ဖန် လိပ်ပြာခန္ဓာဖြင့် မဟာဂန္ဓာရီ တက္ကသိုလ်တွင် လေ့ကျင့်သင်ကြားခဲ့ရသော သင်ခန်းစာများကို ဦးနှောက်တွင်





မှတ်သားနိုင်အောင် လေ့လာရသည်။

လိပ်ပြာခန္ဓာဖြင့် တွေ့ခဲ့ရသော အတွေ့အကြုံ လိပ်ပြာ ခန္ဓာဖြင့် သင်ကြားခဲ့ရသော သင်ခန်းစာများကို လူ့ရုပ်ခန္ဓာရှိ ဦးနှောက်ထဲတွင် မှတ်မိအောင် လေ့လာသင်ကြားနည်းကိုလည်း ဘာသာရပ်တစ်ခုအဖြစ် သီးသန့်သင်ရသည်။

ဤသို့ ခန္ဓာတစ်ခုမှ အမှတ်သညာများကို ရုပ်ခန္ဓာသို့ ကူးပြောင်းခြင်း၊ မှတ်မိနိုင်မှုရှိခြင်းသည်ပင်လျှင် မဟာဂန္ဓာရီ ပညာရပ်ဖြစ်သည်။

မဟာဂန္ဓာရီတက္ကသိုလ်သို့ အဝင်တွင် ရုပ်ခန္ဓာဖြင့်ဆိုပါ က မြေညီထပ်အပေါက်ဝမှ ဝင်နိုင်သော်လည်း လိပ်ပြာခန္ဓာဖြင့် ဝင်သောအခါ အမိုးထိပ်မှနေပြီး မိမိသင်ရမည့် အထပ်သို့ ဝင် ရောက်နိုင်ပေသည်။

အာရှတိုက်အလယ်ပိုင်း ဂိုဘီပင်လယ်၊ ရှမ်ပဲလားကျွန်း မှ အာရိယန်မျိုးနွယ်များသည် အနောက်ဘက်သို့လည်း ကောင်း၊ တောင်ဘက်သို့လည်းကောင်း တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာပျံ့နှံ့သွားရာ ဘီစီ(၁၀၀၀၀)ခန့်တွင် နောက်ဆုံးအသုတ် သည် အိန္ဒိယပြည်တွင်းသို့ ရောက်ရှိပြီး အိန္ဒုမြစ်ဝှမ်းနှင့် ဂင်္ဂါ မြစ်ဝှမ်းတို့တွင် အခြေချမိကြသည်။

ထိုအချိန်တွင် အာရိယန်ယသ်ကျေးမှု လူ့အနွယ်ကြီး ပေါ် ထွန်းရေးနှင့် အာရိယန်ဒဿနများ ပေါ် ထွန်းရေးအတွက် သင့်အပ်သော ရှေ့ဆောင်ကွပ်ကဲမှု ပေးနိုင်ရန်အတွက် ဆဋ္ဌမ အဖွဲ့ချုပ်ကို ဟိမဝန္တာသို့ ပြောင်းရွှေ့ဖွင့်လှစ်ရာ လူ့ယဉ်ကျေးမှု



www.burmeseclassic.com

www.burmeseclassic.com



အတွက် မရှိလျှင်မဖြစ်သော မဟာဂန္ဓာရီ တက္ကသိုလ်ကြီးကို ဟိမဝန္တာမြောက်ဘက်ခြမ်းတွင် ဖွင့်လှစ်လိုက်သည်။

မဟာဂန္ဓာရီ တက္ကသိုလ်ကြီးသည် သဒ္ဓမ္မအဖွဲ့ကြီး၏ ပညာပေးရာဌာန ဖြစ်သည့်အလျောက် သဒ္ဓမ္မအဖွဲ့ချုပ်နှင့် မနီး မဝေးရှိ ဂတ်ဆီဒေသဝန်းကျင်တွင် ဖွင့်လှစ်ခဲ့သည်။

နှစ်သန်းပေါင်းများစွာကြာမည့် ရွှေခေတ်ကြီး၏ ပထမ ကဏ္ဍ. . . ကုံရာသီခေတ် ယခုအချိန်မှစတင်ပြီး ကျင့်ရမည့် ယောဂမှာ အဂ္ဂနိယောဂ(ခေါ်)တေဇောဓာတ်ယောဂ ဖြစ်သည် ဟု သဒ္ဓမ္မအဖွဲ့ချုပ်မှ သတ်မှတ်ထားသည်။

အဂ္ဂနိဟူသော သက္ကတဝေါဟာရမှာ "မီး၊ အပူ၊ တေ ဇောဓာတ်" ဟု အဓိပ္ပါယ်ဖွင့်သည်။

"မီး" ဟု ဆိုရာတွင် ရုပ်မီးတောက်မီးပွားကို ဆိုလိုခြင်း မဟုတ်ပေ။

မီးဓာတ်ဖြစ်သော်လည်း ပူလောင်ခြင်းကို မဖြစ်စေသော တေဇောဓာတ်၊ အလင်းဓာတ်ကို ဆိုလိုခြင်းဖြစ်သည်။

လူတွင်ကိန်းအောင်းနေသော ဝိညာဏဓာတ်သည် တေဇောဓာတ်ဖြစ်သည်။ စိတ်သည်လည်း တေဇောဓာတ်ဖြစ် သည်။ ကုဏ္ဍလိနီသည် တေဇောဓာတ်ဖြစ်သည်။

ယင်းတေဇောဓာတ်များကို စုပေါင်းပြီး အဂ္ဂနိ(သို့မ ဟုတ်) တေဇောဓာတ်ယောဂဟု ခေါ်တွင်ခြင်းဖြစ်သည်။

အတွင်းတေဇောဓာတ်နှင့် အပတေဇောဓာတ်တို့ကို အချိုးညီညီ၊ အကွက်ကျကျသမအောင် အသုံးပြုသော ယောဂ





ကျင့်စဉ်ပင်ဖြစ်သည်။

တေဇောဓာတ်ဆိုရာတွင် သူတော်ကောင်းတရားများ ကို နိုးကြားရှင်သန်ထက်မြက်စေသော ကုဏ္ဍလိနီ တေဇောဓာတ်၊ အသက်တေဇောဓာတ်၊ ဈာန်တေဇောဓာတ်၊ အာကာသတေ ဇောဓာတ်များကို လက်တွေ့ခံယူကျင့်သုံးနေထိုင်သော ဘဝကို ထူထောင်ခြင်းဖြစ်သည်။

အဂ္ဂနိယောဂသည် လူတွင်ကိန်းဝပ်သော တေဇော ဓာတ်နှင့် အာကာသရှိ တေဇောဓာတ်အကြောင်းကို သိသူမြင်သူ ဖြစ်ရာ လူများတွင်ဖြစ်ပေါ်သော ရောဂါဝေဒနာများကိုလည်း တေဇောဓာတ်အမြင်ဖြင့် မြင်သည်။

အချို့သောရောဂါမှာ. . အစားအသောက်ရာသီဥတု စသောရုပ်အကြောင်းတရားများကြောင့် ဖြစ်ပေါ်သောရောဂါ မဟုတ်ဘဲ တေဇောဓာတ်လွန်ကဲသော၊ တေဇောဓာတ် အလွဲသုံး စားပြုသော ဝေဒနာများဖြစ်သည်ဟု ယူဆသည်။

ဆေးသိပ္ပံသမိုင်း ကနဦး ဟစ်ပိုကရေတီး ခေတ်ကပင် ဘုရားမကြိုက်သောအမှုကို ပြုခဲ့သောကြောင့် ဖြစ်ပေါ်သော ရောဂါများကို "ဘုရားပေးသောရောဂါ" (Scared Disease)ဟု စိတ်ရောဂါများကို ကင်ပွန်းတပ်ခေါ်ဝေါ်ကြသည်။

အဂ္ဂနိယောဂကလည်း အတွင်းတေဇောဓာတ်၊ အပ တေဇောဓာတ်တို့ကြောင့် ဖြစ်ပေါ်သောရောဂါများကို "ဘုရား ပေးသောရောဂါ" ဟုတင်စားခေါ်သည်။

စိတ်ကြောင့်ရုပ်ခန္ဓာတွင် ဖြစ်ပေါ်သောရောဂါများဟု



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည့် တေဇောဓာတ်ကြွမှုကြောင့် ဖြစ်ပေါ်ရသော ရုပ်ဝေဒနာများမှာ နှလုံးရောဂါ၊ လေးဘက်နာရောဂါ၊ အစာအိမ်ရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ သွားရောဂါ၊ သွားဖုံးရောဂါ၊ တီဘီရောဂါ၊ မေးခိုင်ရောဂါ၊ အကြောတက်ရောဂါ၊ ခြေလက်ကိုယ်အင်္ဂါကိုက်ခဲမှုရောဂါ၊ လည်ချောင်းနှင့် အရေပြားရောဂါများ စသည်တို့ဖြစ်သည်။

အများအားဖြင့် နှလုံးရောဂါသည် ကံနာ၊ ဝဋ်နာမဟုတ်ဟု အင်္ဂနိယောဂက ယုံကြည်သည်။ နှလုံးချက္ကရ၏ လုပ်ငန်းဖြစ်သောမေတ္တာစိတ်ခေါင်းပါးမှုကြောင့် နှလုံးချက္ကရ အလုပ်မလုပ်သောရောဂါဖြစ်သည်ဟု ဆိုသည်။

တေဇောဓာတ်များကို အင်္ဂနိယောဂ ကမ္မယောဂတို့ဖြင့် အသုံးမပြုသောကြောင့် တေဇောဓာတ်များ လျှံထွက်သောအခါ ခြေ၊ လက်၊ အစာအိမ်တို့တွင် ရောဂါဖြစ်ပေါ်တတ်သည်။

တေဇောဓာတ်များသည် နှလုံးချက္ကရမှ လျှံထွက်လာသောအခါ ခန္ဓာကိုယ်ညာဘက်ခြမ်းရှိ ခြေ၊ လက်၊ ပါး၊ ပခုံး၊ ဒူးဆစ်တို့တွင် ကိုက်ခဲနာကျင်မှုရောဂါ ရတတ်သည်။

ဖျက်စိတ်၊ မလိုတမာစိတ်၊ မစ္ဆရိယစိတ်များဖြစ်လျှင် ယင်းစိတ်၏ အကျိုးတရားများကြောင့် အစာအိမ်နှင့် အရေပြားတွင် ရောဂါရတတ်သည်။

အထူးသဖြင့် အမျက်ဒေါသဖြစ်ချိန်၊ စိတ်တိုနေစဉ် အစာစားလျှင် ယင်းအစာသည် အဆိပ်အတောက်ဖြစ်ပြီး အစာအိမ်ရောဂါ ဖြစ်တတ်သည်။ ထိုရောဂါသည် ရက်၊ လနှင့်ချီပြီး





ကြာတတ်သည်။

ထိုသို့အန္တရာယ်ရှိသော အစာကိုစားခြင်းထက် အငတ်ခံလိုက်သည်က တော်သေးသည်။

အဆိပ်ဖြေဆေးအဖြစ် နို့သောက်လျှင်သက်သာ၏။

အကောင်းဆုံးအဆိပ်ဖြေဆေးမှာ စိတ်ရှည်သည်းခံခြင်းဖြစ်သည်။ စိတ်ရှည်သည်းခံစိတ်ကြောင့် ဂလင်းမှအဆိပ်ပြေနိုင်သော ဓာတုပစ္စည်းက အဆိပ်ပြေစေနိုင်သည်။

တေဇောဓာတ်ကို အသုံးမပြုသောကြောင့် ယေထိပ်တွင် စုပုံနေပါက တီဘီရောဂါဖြစ်သည်။ မေးခိုင်ရောဂါလည်းဖြစ်တတ်သည်။ စိတ်နှလုံးကြောင့် မျက်စိကွယ်စေသည်။ ဥပမာအားဖြင့်. . .

ဒုတိယကမ္ဘာစစ်အတွင်းက အိုကီနာဝါကျွန်းတိုက်ပွဲဖြင်းထန်ချိန်တွင် အမေရိကန်စစ်သားများသည် ဂျပန်ကိုရင်ဆိုင်တိုက်ခိုက်ရန် ကြောက်လန့်ကြသဖြင့် မျက်လုံးများကြောင်တောင်ဘန်းသွားကြသည်။ စစ်ပြီးပြီဟု ကြေညာလိုက်သောအခါ မည်သည့်ဆေးမှမကုလိုက်ရဘဲနှင့် မျက်စိရောဂါ အကုန်ပျောက်ကင်းသွားကြသည်။

လူတို့တွင် သောကနှင့်ဒေါသကြောင့် သွားရောဂါဖြစ်ပေါ်ရသည်။

နာကြည်းမှု၊ လက်စားချေလိုမှု အနိုင်ကျင့်လိုမှုတို့သည် အသည်းရောဂါကို ဖြစ်ပေါ်စေတတ်သည်။

စိတ်တန်ခိုးများ ထကြွနေချိန်တွင် အသားစားလျှင် အ



www.burmeseclassic.com

www.burmeseclassic.com



သည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ အစာအိမ်ရောဂါ၊ အရေပြား ရောဂါများရတတ်သည်။

ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခေါင်းထဲက စစ်ခနဲနာ ကျင်မှုများသည် အပြင်အာကာသမှလာသော ဓာတ်လှိုင်း၊ တေ ဇောလှိုင်းများ ဝင်ရောက်လာမှုကြောင့် ဖြစ်ပေါ်တတ်ပေရာ အ စိုးရိမ်မကြီးသင့်ချေ။

တစ်ခါတစ်ရံတွင် နှလုံးခုန်မြန်လာပြီး တဒိန်းဒိန်းမြည် လာတတ်သည်။

ဤသည်မှာ နှလုံးရောဂါကြောင့်ချည်းမဟုတ်ပေ။ နှလုံး စက် နှိုးကြားမှုကြောင့်လည်း ဖြစ်နိုင်သည်။ ပရလော ၁မှ ဆက် သွယ်လာသော တယ်လီပသီလှိုင်း ဝင်လာသောကြောင့်လည်း ဖြစ်နိုင်သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ရောဂါဝေဒနာများကင်းစင် ပပျောက်စေရန် အဓိကကျင့်သုံးရမည့်မှာ မိမိ၏စိတ်ရင်းစိတ် ဓာတ်များကို တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲပစ်ရန်ဖြစ်သည်။

ပျော်ရွှင်ရယ်မောခြင်းသည် သိုင်းရိုက်ဂလင်းကို အား ကောင်းစေသဖြင့် ဖန်တီးမှုစိတ်စွမ်းအင်များ တိုးတက်လာမည် ဖြစ်သည်။

ထိုနည်းတူစွာ . . ခွင့်လွှတ်စိတ်၊ ကျေးဇူးသိတတ်သော စိတ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာထားသောစိတ်တို့သည် နှလုံး ချက္ကရကို အားပေးနိုးကြားစေသည်။

အထူးသဖြင့် ကျေးဇူးသိတတ်ခြင်းသည် ကောင်းမြတ်





သော တွန်းအားပင်ဖြစ်သည်။

ကျေးဇူးသိတတ်သော စိတ်ဓာတ်သည် စွမ်းအင်ကြီးမား ပြီး ချက္ကရများကို ဖြူစင်သန့်ရှင်းအောင် ဆေးကြောပေးသဖြင့် ဈာန်အဘိညာဉ်ကို အထောက်အကူဖြစ်စေသည်။ လွတ်မြောက် မှုကို လျင်မြန်စေသည်။

စိတ်စွမ်းအင်များကို တိုးတက်ကောင်းမွန်စေပြီး ဘဝ တွင် သောကကင်းဝေး၍၊ ရောဂါဘယကင်းစင်စွာ နေထိုင်လိုပါ က တေဇောဓာတ်ကို ဖျက်ဆီးစေသော အမျက်ဒေါသ၊ ရွံမုန်း ခြင်း၊ နာကြည်းခြင်း၊ လက်စားချေလိုခြင်း၊ သောကမီးတောက် လောင်ခြင်း၊ စိတ်တိုခြင်း၊ မနာလိုဝန်တိုစိတ်များခြင်း၊ မလိုတမာ စိတ်နှင့် စိတ်တွင်တေးမှတ်ထားတတ်သော အစွဲအမှတ်ကြီး သော စိတ်များကို ဖျောက်ရမည်။

အသက်ဖော်ပြပါ အကြောင်းအရာများမှာ မဟာဂန္ဓာရီ တက္ကသိုလ်များနှင့် ထိုတက္ကသိုလ်များတွင် သင်ကြားပို့ချသော အကြောင်းအရာအချို့ပင် ဖြစ်ပေသည်။

ထိုတက္ကသိုလ်တို့တွင် ဆေးဝါးကုသမှုများနှင့် လက်တွေ့ အသုံးချ၍ရသော ဆေးပင်များကို လေ့လာသင်ယူရသော ပညာ ရပ်များလည်း ပါဝင်ပေသည်။

ထိုပညာရပ်များကိုတော့ ရုပ်ခန္ဓာဖြင့် လာရောက်သင် ကြားသူများသာ သင်ခွင့်ရသည်။

အဘယ့်ကြောင့်ဆိုသော်. . . .

ထိုဆေးပင်များ ရရှိစေရန် ကိုယ်တိုင်ထွက်ပြီး ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ကြရသောကြောင့်ဖြစ်သည်။

မိုင်ပေါင်း(၁၅၀၀)ခန့်ရှည်လျားသော ဟိမဝန္တာ တောင်တန်းကြီးပေါ်၌၊ ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင်ထွတ်တစ်ခုဖြစ်သော ဧဝရက်တောင်ထွတ် အပါအဝင်. . တောင်ထွတ်ပေါင်းမြောက်များစွာတို့ ရှိကြသည်။


ထိုတောင်များ၌ ကမ္ဘာပေါ်မှာ ရှိရှိသမျှသော ဂမုန်းပင်ဆေးပင်တို့ကို ရှာဖွေရရှိနိုင်ကြပေသည်။

ထိုဆေးပင်တို့ကို ဟိမဝန္တာ မဟာဂန္ဓာရီတက္ကသိုလ်၌ လာရောက်ပညာသင်ကြားနေကြသူများက ရှာဖွေရန်အတွက် ခရီးထွက်ကြရသည်။

ထိုသို့ခရီးထွက်ကြရင်းမှပင် ဒေါက်တာမင်းထိုက်ကျော် အပါအဝင် ကျောင်းသားတစ်စုမှာ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တို့နှင့် ကြုံတွေ့ခဲ့ကြရလေသည်။







# အခန်း(၂)

## ရှေးဟောင်းအိန္ဒိယဆေးပညာ

ရှေးအခန်းတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဟိမဝန္တာ မဟာဂန္ဓာရီ တက္ကသိုလ်ကြီးတွင် လာရောက်ပညာသင်ကြားနေကြသူများမှာ ဟိမဝန္တာနှင့် နီးသောဒေသများ ဖြစ်ကြသည့် တိဘက်၊ တရုတ်၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ လာဒတ်၊ နီပေါ၊ ဆစ်ကင်၊ ဘူတန်၊ အာဖ့ဂန်နစ္စတန်၊ ပါကစ္စတန်၊ နိုတန်၊ ဥဘက္ကစ္စတန်၊ မြန်မာစသော နေရာများမှ လာရောက်ပညာသင်ကြား



www.burmeseclassic.com

www.burmeseclassic.com



နေကြသူများ ဖြစ်လေသည်။

အများဆုံးကတော့ အိန္ဒိယမှ လာရောက်ပညာသင်ကြားသူများလေသည်။

မြန်မာနိုင်ငံဘက်မှတော့ လူအချို့လောက်သာ သွားရောက်ပညာသင်ခွင့်ရလေသည်။

ဟိမဝန္တာ မဟာဂန္ဓာရီ တက္ကသိုလ်တွင် ရုပ်ခန္ဓာဖြင့် ပညာသင်ခွင့်ရသူများမှာ အများအားဖြင့် လောကီနှင့် သက်ဆိုင်သော ဆေးဝါးအတတ်ပညာ၊ ဂါထာမန္တာန်အတတ်များကို သင်ယူကြသည်။

ရုပ်ဝေးမှ ရုပ်ခန္ဓာဖြင့် မလာရောက်နိုင်သူများကတော့ လိပ်ပြာခန္ဓာ (ဝိညာဉ်ခန္ဓာ)ဖြင့် လာရောက်ကာ ပညာသင်ကြားကြရသည်။

၎င်းတို့သင်ယူသော ပညာများက စိတ်စွမ်းအင်နှင့် ပတ်သက်သည့် အဆင့်အတန်းမြင့်သော ပညာရပ်များဖြစ်ကြလေသည်။

ဟိမဝန္တာ မဟာဂန္ဓာရီ တက္ကသိုလ်တွင် ပညာသင်ကြရာတွင် သူ့အဆင့်နှင့်သူ၊ သူ့အချိန်နှင့်သူ ဖြစ်လေရာ ရုပ်ခန္ဓာဖြင့် ပညာသင်ကြားနေသူများက နေ့အချိန်များ၌ ဖြစ်ပြီး၊ ဝိညာဉ်ခန္ဓာဖြင့် ပညာသင်သူများက ညပိုင်းအချိန်များတွင် ဝင်ရောက်ပညာသင်ကြားကြရသည်။

'မဟာဂန္ဓာရီ တက္ကသိုလ်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ပညာသင်ယူနေသူများတွင် မြန်မာနိုင်ငံသား နှစ်ဦးလည်း





ပါဝင်လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့ နှစ်ယောက်ဖြစ်သည်။

သူတို့နှစ်ဦးကတော့ ရုပ်ခန္ဓာဖြင့် လာရောက်ပညာ သင်ကြားနေသော ကျောင်းသားစာရင်းတွင် ပါဝင်လေသည်။

သူတို့နှစ်ဦး အဓိကထားပြီး သင်ယူနေသောပညာမှာ သဘာဝဆေးပင်များကို အသုံးချပြီး ရောဂါများကို ကုသပေးနိုင်သော ပညာမျိုးဖြစ်သည်။

သူတို့ကို ဆေးပညာသင်ကြားပေးသော ဆရာသခင်မှာ ဇာဝေဓိက ဖြစ်သည်။

သူ့ထံ၌ ဆေးပညာသင်ကြားရာတွင် အိန္ဒိယ ရှေးဟောင်းဆေးအတတ်ပညာတို့ကို သင်ကြားပေးလေရာ ဒေါက်တာမင်းထင်ကျော်တို့အတွက်တော့ တန်ဖိုးမဖြတ်နိုင်သော ပညာရပ်များကို သိခွင့်၊ လေ့လာခွင့်၊ သင်ယူခွင့်များ ရရှိခဲ့ခြင်းဖြစ်သည်။

ဆေးအတတ်ပညာသမိုင်းကြောင်းများတွင် ရှေးခေတ်အိန္ဒိယ ဆေးအတတ်ပညာသမိုင်းမှာလည်း အဓိကနေရာမှ ပါဝင်လေသည်။

အိန္ဒုမြစ်ဝှမ်းတွင် တိမ်မြုပ်နေ၍ ရှေးဟောင်းသိုက်တူးရာမှ ပြန်၍တွေ့ရသော မိုဟင်ဂျိုဒါရိုမြို့၊ ဟာရပ္ပာမြို့နှင့် အခြားမြို့ကြီးတို့သည် ရှေးဆူမားတိုင်းပြည်နှင့် အဆက်အသွယ်ရှိကြောင်း အထောက်အထားများ တွေ့ရှိခဲ့ရလေသည်။

သို့ဖြစ်၍ အိန္ဒိယသည် ရှေးမက်ဆိုပိုတေးမီးယား၊ အီဂျစ်



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်တန်းတူ လူသားတို့၏ ယဉ်ကျေးမှုကို စတင်ထူထောင်ခဲ့သော တိုင်းပြည်တစ်ခုဖြစ်ကြောင်း အိန္ဒိယသမိုင်း ပညာရှင်တို့က ဂုဏ်ယူပြောဆိုကြလေသည်။

မိုဟင်ဂျိုဒါရိုပြည်သားတို့ ရေးသားထားခဲ့သော စာများ၏ အဓိပ္ပါယ်ကို မဖော်နိုင်သေးသောကြောင့် ထိုတိုင်းပြည်တွင် အနာရောဂါကုသမားများ ရှိခဲ့ကြောင်း တပ်အပ်သေချာ မပြောနိုင်ပေ။

သို့ရာတွင် သန့်ရှင်းရေးဘက်တွင် ထူးခြားသော အဆောက်အအုံများကို မိုဟင်ဂျိုဒါရိုပြည်၌ တွေ့ရလေသည်။

ထိုခေတ်တွင် အတုမရှိသော ရေညစ်နှုတ်မြောင်းကြီးတစ်ခု၊ ရေချိုးကန်ကြီးတစ်ခုနှင့် ချွေးထုတ်ရေချိုးခန်းများ ဆောက်လုပ်ထားခဲ့ကြောင်း တွေ့ရလေသည်။

လူနေအိမ်များ၌ ရေညစ်တွင်းတစ်ခုစီ ဆောက်လုပ်ထား၍ ဤတွင်းများမှ ရေညစ်နှုတ်မြောင်းများသည် လမ်းမအောက်မြောင်းကြီးနှင့် ဆက်ကြသည်။

လမ်းမအောက် မြောင်းကြီးမှာ တစ်ပေမှ နှစ်ပေအထိ နက်၍ အုတ်(သို့မဟုတ်)ကျောက်ပြားများဖြင့် ဖုံးအုပ်ထားလျက်ရှိသည်။

မြောင်းကြီးကို ဆေးကြောသုတ်သင်ရန် လူဆင်းတွင်းများ ဆောက်လုပ်ထားသည်။

လမ်းမအောက် မြောင်းကြီးတို့မှ ရေဆိုးရေညစ်များတို့ မြောင်းကျယ်ကြီးများက မြစ်ထဲသို့ နှုတ်ယူသွားကြလေသည်။





ရှေးအိန္ဒိယသမားတို့သည် ထိုခေတ်ထိုအခါက တိုင်းတစ်ပါးသမားတို့ထက် ခွဲစိတ်ဘက်ဆာဂျရီ အတတ်ပညာ (Operative Surgery) ထူးချွန်ခဲ့လေသည်။

ဘီစီ(၁၅၀၀)တွင် ရတုဗေဒကျမ်း၌ အာသဝိ(Asvoms) နတ်အမြွှာညီနောင်တို့ကို ကိုး၍ အနာရောဂါကုသသည့် သမားများကို ညွှန်းသည့်စာများ၊ ဆေးဘက်ဝင်သော သစ်ပင်များကို ညွှန်းသည့်စာများ၊ အလင်းကွယ်နေသည့် မျက်စိကို ပြန်၍လင်းအောင် ကုသပေးကြောင်း ဖော်ပြသည့် စာများနှင့် စစ်ပွဲတွင် ခြေပြတ်သွားသူ တစ်ဦးအား သံခြေတုတပ်ပေးကြောင်း ဖော်ပြထားသည့်စာများကို တွေ့ရလေသည်။

ဗြာဟ္မဏခေတ် (ဘီစီ-၈၀၀ မှ အေဒီ-၁၀၀၀)တွင် ဗြာဟ္မဏရှင်ကြီးများနှင့် ပညာရှိများက ဆေးအတတ်ပညာကို မြှင့်တင်ခဲ့ကြလေသည်။

ဗာရာဏသီပြည်၌ ဆေးအတတ်ပညာသင်ကျောင်းတစ်ဆောင် တည်ဆောက်ခဲ့ကြလေသည်။

ဘုရင်အာသောက၏ ကျောက်စာတစ်ခုတွင် (ဘီစီ-၂၆ ခန့်) မိမိသည် ဆေးရုံများ တည်ဆောက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

သီဟိုဠ်ကျွန်းမှတ်တမ်းများတွင်လည်း ဘီစီ-၄၃၇ ခုနှစ်နှင့် ၁၃၇) ခုနှစ်တို့တွင် ဆေးရုံများရှိခဲ့ကြောင်း ဖော်ပြထားသည်။

(အေဒီ-၃၆၈ ခုနှစ်)အထိ အိန္ဒိယနှင့် သီဟိုဠ်ဆေးရုံများ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြဟ္မဏခေတ် ဆေးအတတ်ပညာကျမ်းသုံးစောင် ရှိသည်။

ပထမဆေးကျမ်းဖြစ်သော ဆရကသံဟိတကျမ်းသည် သမားဆရာ အတြိယ (ဘီစီ-၆ ရာစု)၏ ပို့ချစာများကိုမူတည်၍ သမားအဂ္ဂနိဝေရ ပြုစုသောကျမ်းကို သမားဆရာက (အေဒီ ဒုတိယရာစု) အတိုချုံးပြုစုသော ကျမ်းဖြစ်သည်။

ဒုတိယဆေးကျမ်းဖြစ်သော သံသရုတသံဟိတကျမ်းသည် သမားသုသ္ရုတ(အေဒီ-၄၀၀ ခန့်)ပြုစု၍ ဆာဂျရီ ခွဲစိပ်ကုထုံးများစွာ စုဆောင်း၍ ဖော်ပြထားသောကျမ်းဖြစ်သည်။

တတိယကျမ်းမှာ ဘဂဝတပူရာဏ်ကျမ်း (အေဒီ သတ္တမရာစု) ဖြစ်သည်။

အဆိုပါ ကျမ်းတို့သည် အာယုဗေဒကျမ်းတွင် အကျုံးဝင်သည်။

အထက်ပါကျမ်းသုံးစောင်အနက် သုသရုတသံဟိတသည် အရာရောက်ဆုံးကျမ်းဖြစ်သည်။

ထိုကျမ်းတွင် ဆာဂျရီခွဲစိတ်ကုသမား သုဘရုတ သံဟိတသည် ခွဲစိတ်ကုသရေးတွင်အသုံးပြုသော ကိရိယာတန်ဆာပလာမျိုး (၁၂၀)ကို ဖော်ပြထားခဲ့သည်။

အဆိုပါ ခွဲစိတ်ကိရိယာများတွင် အသားလှီးဓားများ၊ လှံ့ငယ်များ၊ လွှများ၊ ကတ်ကြေးများ၊ ချုပ်အပ်များ၊ ချိတ်များ၊ စမ်းတံများ (probes)၊ ညွှန်းတံများ (directors)၊ အခေါင်းပေါက်စမ်းတံများ၊ ညှပ်များ၊ စူးနှင့် စူးအိမ် (trocar)၊ ဆီးချူတံ၊





ပြွတ်များ၊ အပေါက်ချဲ့တံများနှင့် စအိုတွင်း အမြင်ကူ တစ်ခုတို့ ပါဝင်လေသည်။

ထိုခေတ် ဆာဂျရီ ခွဲစိတ်သမားတို့သည် သွေးကြောပြွတ်စများကို သွေးတိတ်အောင် ချည်နှောင်ခြင်းအတတ်မှ လွဲ၍ အခြားသော ခွဲစိတ်ကုသနည်းတို့ကို မတတ်မြောက်ကြဟန်ရှိသည်။

ခြေလက် အင်္ဂါတို့ကို ဖြတ်တောက်ရာတွင် သွေးကြောပြွတ်စများကို သွေးတိတ်အောင် မီးရှို့ကြသည်။

ကျိုးသောအရိုးကို ဝါးစိုအားဖြင့် စီရင်ထားသော ကျပ်ဖြင့်စည်း၍ ကုသကြသည်။

ဆီးကျောက်ကို ခွဲထုတ်ကြသည်။

သားအိမ်ကိုခွဲ၍ သားဆွဲကြသည်။

အသားပိုများကို ဖြတ်ပယ်ကြသည်။

မျက်စိအတွင်းတိမ်ကို ထုတ်ပယ်ကြသည်။

အိန္ဒိယ ဆာဂျရီသမားတို့ ကျင့်သုံးကြသော နှာခေါင်းပုံမှန်ဖော်ပေးနည်း (rhinoplasty) ကို အာရေဗျ ဆာဂျရီသမားများမှ အတုယူကြရသည်။

မေ့ဆေးမပေါ်သေးသည့်ခေတ်၌ ခွဲစိတ်ကုသရာတွင် လက်မြောက်ကျွမ်းကျင်ခြင်းနှင့် လျင်မြန်ခြင်း ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံရမည်ဖြစ်သောကြောင့် သမားဆရာတို့က တပည့်များကို ဦးစွာ သစ်ပင်များနှင့် တိရစ္ဆာန်အသေကောင်များဖြင့် လေ့ကျင့်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ် ဆာဂျရီ ခွဲစိတ်မှုအတတ်ပညာသည် အနာတိုမီပညာနှင့် ဖီဆီယိုလိုဂျီပညာတို့ကို မှီ၍ တိုးတက်လာသော အတတ်ပညာဖြစ်သည်။

သို့ဖြစ်သောကြောင့် ရှေးအိန္ဒိယသမားတို့သည် ဤအနာ ခြေခံ ပညာနှစ်ရပ်၌လည်း ထူးချွန်ခဲ့ကြပေမည်ဟု ယူဆရပေသည်။

သို့ရာတွင် ဝေသာလိယာ၏ ရှေးဦးခေတ်များ၌ အနာတိုမီပညာ မတိုးတက် မထွန်းကားနိုင်ခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ရှေးအိန္ဒိယ အနာတိုမီပညာနှင့် ဖီဆီယိုလိုဂျီ ပညာတို့သည်လည်း မဖြစ်လောက်ခဲ့ချေ။

သို့သော်လည်း "ဆေးအတတ်ပညာဝတ္ထုကြီး"ကို ပြုစုသူ သမား ကင်းနက်ဝါကာ၏ အဆိုအရ အာယုဗေဒကျမ်းတွင် သွေးကြောများဖွဲ့စည်းမှုအကြောင်း ဖော်ပြထားချက်ကို ဖတ်ရှုရသောအခါ ရှေးအိန္ဒိယသမားတို့အနေဖြင့် သွေးအယဉ်မှာ လူ၏တစ်ကိုယ်လုံးသို့ ပတ်လည်လှည့်နေကြောင်း ဟာဗီ အလျင် ဦးစွာ စိတ်ကူးရခဲ့သည်ဟု ထင်မှတ်ယူဆရပေသည်။

သုသရုတသံဟိတကျမ်းတွင် ကိုယ်တွင်းရောဂါ အမျိုးပေါင်း (၁၁၂၀)ကို သွေးရိုးသားရိုး ရောဂါတစ်စု၊ အပမှီ ရောဂါတစ်ခုဟူ၍ အစုနှစ်စုခွဲ၍ ဖော်ပြထားလေသည်။

လူနာကို စမ်းသပ်ကြည့်နည်းများတွင် ရှုစားခြင်း၊ လက်ဖြင့်စမ်းကြည့်ခြင်း၊ နားထောင်ကြည့်ခြင်း၊ အနံ့ခံခြင်း၊ အရသာခံခြင်း စသည်အားဖြင့် တွေ့မြင်နိုင်သော . ရောဂါဝေဒနာ





လက္ခဏာများကို ဖော်ပြထားသည်။

ငှက်ဖျားရောဂါ၏ ဝေဒနာလက္ခဏာများကို ဖော်ပြထားသည့်အပြင် ခြင်ကိုက်ခံရသောကြောင့် ဤရောဂါ သင့်ကြောင်းလည်း ဖော်ပြထားသည်။

ကြွက်နာကျလျှင် ပလိပ်ရောဂါကျရောက်တတ်ကြောင်းလည်း ဖော်ပြထားသည်။

ချောင်းဆိုး၊ အဖျားတက်၊ ချွဲသလိပ်နှင့်အတူ သွေးပါလာ၍ ပိန်ချုံးနေသောသူတို့၏ရောဂါ(မြစ်ခြောက်နာ) ကိုလည်း ဖော်ပြထားသည်။

ကျကျောက်ရောဂါကာကွယ်ရန် ကျောက်ဖုမှ အရည်ကို ယူ၍ အရေပြားထဲသို့ ထိုးသွင်းနည်းကိုလည်း ဖော်ပြထားသည်။

ဆေးဘက်ဝင်သော သစ်ပင်အမျိုးပေါင်း (၇၀၀)ကျော်ကို ဖော်ပြထားသည်။

ရောဝုဖီးယား ဆာပင်တီနာ (Rouwolfia Serpentina) ဆေးမြစ်မှ ထုတ်ယူရရှိသော ရီဆာပင်(reserpine)ဆေးကို ယခုခေတ်တွင် သွေးတိုးအားလွန်ကဲရောဂါအတွက် အထူးပြုအသုံးပြုကြလေသည်။

ဟိမဝန္တာ မဟာဂန္ဓာရီ တက္ကသိုလ်တွင် သင်ကြားသော ဆေးပညာရပ်များတွင် အိန္ဒိယ ရှေးဟောင်းဆေးပညာများသည်း အပါအဝင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော် အနေဖြင့် ဆေးပင်များ၏ အာနိသင်များကို စိတ်ဝင်စားသူဖြစ်သဖြင့် ဆေးပင်များကို



www.burmeseclassic.com

www.burmeseclassic.com



အထူးပြုလေ့လာလေသည်။

ဆေးပညာကို သင်ကြားပို့ချပေးသော ဆရာသခင်မှာ ကုဝေဓိက သင်ကြားမှုမှာ အထူးစိတ်ဝင်စားဖွယ် ကောင်းလှသည်။ ၎င်းက ဆေးပင်များနှင့်ပတ်သက်ပြီး ဤသို့ပြောလေသည်။

"ကမ္ဘာမြေပြင်ပေါ်မှာ ပေါက်နေတဲ့ အပင်မှန်သမျှ ဆေးဖက်ဝင်တဲ့အပင်တွေချည်း ဖြစ်တယ်၊ သုံးတတ်ဖို့ပဲလိုတယ်. . အဆိပ်ရှိတဲ့ အပင်တောင်မှ အဆိပ်ဖြေဆေးသုံးလို့ရတယ်. .။ ကမ္ဘာပေါ်မှာ မြက်ပင်တွေ အမျိုးအစားအများကြီးရှိတယ်၊ အားလုံး ဆေးဖက်ဝင်ကြတာချည်းပဲ၊ နွားတွေဟာ မြက်ကိုသာ မှန်မှန်စားနေရင် ဘယ်တော့မှ ရောဂါမဖြစ်ဘူး၊ မြက်မစားတဲ့ခွေးနဲ့ ကြောင်လိုသတ္တဝါတွေတောင် ရောဂါဖြစ်ရင် မြက်စားပေးရတယ်"

"မှန်ပါတယ် ဆရာသခင်"

"ဒီတော့ ဆေးပညာလိုလားသူတွေဟာ စာသင်ခန်းထဲမှာချည်း အချိန်မကုန်သင့်ဘူး၊ ဟိမဝန္တာတောင် တကြောမှာရှိတဲ့ ဆေးပင်တွေကို ကိုယ်တိုင်ထွက်ရှာပြီး သူတို့ရဲ့ အသုံးဝင်ပုံနဲ့ အာနိသင်တွေကို လေ့လာကြရမယ်"

"ကောင်းပါပြီ. ."

ထိုသို့လမ်းညွှန်ပေးသောကြောင့် ဒေါက်တာမင်းထင်ကျော်တို့အနေဖြင့် ဟိမဝန္တာတောင်တန်းများပေါ် ထွက်ကာ ဆေးပင်ရှာရန် ပြင်ကြလေသည်။





ထိုသို့သွားရန် ပြင်သောအခါ သူတို့နှင့် ဝါသနာတူကြသည့် အခြားအဖော်သုံးယောက်ကလည်း အတူလိုက်ကြရန် ပြောသည်။ ထိုသုံးယောက်မှာ ဒီပက၊ ရမ်ပနှင့် ကင်းနက်တို့ပင် ဖြစ်ကြသည်။

ဒီပကနှင့် ကင်းနတ်က အိန္ဒိယလူမျိုးဖြစ်ပြီး၊ ရမ်ပက ဘိဗက်လူမျိုးဖြစ်သည်။

အားလုံး လူပျိုလူလွတ်များဖြစ်ပြီး အသက်(၃၀)ဝန်းကျင် အရွယ်ခန့်သာ ရှိကြသေးသည်။

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းတို့နှစ်ယောက်နှင့်ပေါင်းလျှင် (၅)ယောက်ဖြစ်သွားပြီး ရာသီဥတုသာယာသောနေ့တွင် ဟိမဝန္တာတောင်တန်းပေါ်သို့ ထွက်ခဲ့ကြလေသည်။




www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၃)

## နှင်းကြာပန်း သို့မဟုတ် တောင်ထိပ်မှာပွင့်သောပန်း

ကမ္ဘာပေါ်တွင် အမြင့်မားဆုံးနှင့် အရှည်လျားဆုံး တောင်ကြီးများထဲတွင် ဟိမဝန္တာသည် နံပါတ်(၁)နေရာမှ ပါဝင်ပေလိမ့်မည်။

အလျားမိုင်ပေါင်း (၁၅၀၀)ကျော်ရှည်လျားပြီး အမြင့်ပေပေါင်း(၂၅၀၀၀)ကျော်မြင့်မားသည်။

အိန္ဒိယနိုင်ငံသားများကတော့ ဟိမဝန္တာတောင်ကို 'ဟိမ်း



www.burmeseclassic.com

www.burmeseclassic.com



မားလယ်'(Hima Laya) ဟုခေါ်ကြသည်။

ဟီးမားလယ်ဆိုသည်မှာ သက္ကတဘာသာစကားဖြစ်ပြီး အဓိပ္ပာယ်ကတော့ "နှင်းများ၏အိမ်" ဟူ၍ဖြစ်သည်။ အချို့က တော့ 'မိုးပွင့်များစုဝေးရာအရပ်' ဟုအဓိပ္ပာယ်ပြန်ဆိုကြသည်။

အလျားမိုင် (၁၅၀၀)ကျော်ရှည်ပြီး အနံမိုင်ပေါင်း(၂၀၀) ကျော်ရှိသည်။

ဟိမဝန္တာမှာ အိန္ဒိယပြည်ကြီး၏ မြောက်ဘက်နယ်နိမိတ်ဖြစ်ပြီး အနောက်ဘက်တွင် 'ကုန္နမြစ်' အကွေ့မှအရှေ့ဘက်သို့သွယ်တန်းလျက်ရှိကာ ဗြဟ္မပုတ္တရမြစ်အထိတောင် နယ်နိမိတ်ရောက်လေသည်။

မြောက်ဘက်တွင် တိဘက်ပြည်နှင့် တောင်ဘက်၌ဂင်္ဂါမြစ်ဝှမ်းကို ပိုင်းခြားထားသောတောင်တန်းကြီး ဖြစ်လေသည်။ ကမ္ဘာပေါ်တွင်ပေပေါင်း (၂၀၀၀၀)ကျော်နှင့်အထက် ပိုမြင့်သောတောင်ထွတ်ပေါင်း (၃၀)ရှိကြောင်း စာရင်းမှတ်တမ်းရှိသည်။

အမြင့်ဆုံးတောင်မှာ နံပါတ်(၁)နေရာတွင်ရှိသော ဧဝရက်တောင်ပင်ဖြစ်၏။

အမြင့်ပေပေါင်း (၂၉. ၀၀၂)ပေမြင့်သည်။ ဧဝရက်တောင်သည် ဟိမဝန္တာတောင်၌ ပါဝင်သောတောင်တစ်တောင်ဖြစ်သည်။

ကမ္ဘာ့အမြင့်ဆုံး တောင်ပေါင်း(၃၀)တို့တွင် တောင်(၂၀)က ဟိမဝန္တာတောင်တန်းပေါ်၌ ရှိကြလေသည်။

၎င်းတို့မှာ. . (၁)ဧဝရက်တောင်၊ (၂)ကန်ချင်ဂျင်းဂါးတောင်၊ (၃)မကာလူးတောင်၊ (၄)ဒေါ်လာဂီရိတောင်၊ (၅)နန်ဂါပါရဗက်တောင်၊ (၆)အင်နာပူရကာတောင်၊ (၇)ဂါရှာဗရွမ်းတောင်၊ (၈)ဂိုစိန်သန်တောင်၊ (၉)နန္ဒာဒေဝီတောင်၊ (၁၀)ရာကာပိုရှီတောင်၊ (၁၁)နမ်ချာဗာရာတောင်၊ (၁၂) ကာဗက်တောင်၊ (၁၃)ဂါလာဗန်ဒါတ (ဂန္ဓာမနတတောင်)တောင်၊ (၁၄)တီရမ်ကန်ဂရီတောင်၊ (၁၅)ဌါန်ဆွန်တောင်၊ (၁၆)အနောက်အီဗီဂါးမင်းတောင်၊ (၁၇)ချိုမိုရာလီတောင်၊ (၁၈)ဂေါ်ရီဆန်ကာတောင်၊ (၁၉)အပိတောင်၊ (၂၀)ထရီဆူး (လ်)တောင်. . . စသည့်တို့ ဖြစ်ကြလေသည်။

ဟိမဝန္တာတောင်တန်းကြီးမှာ ရှည်လျားသည်ဖြစ်ရာ နှင်းများဖုံးလွှမ်းနေသော တောင်ကြောပေါ်တွင် ရှားပါးပြီး တန်ဖိုးကြီးလှသောသစ်ပင်၊ ပန်းပင်များ၊ သစ်ခွပန်းမျိုးစုံတို့ တွေ့ရနိုင်သည်။

လရောင်ပြာတော့မှ ပွင့်အာလေ့ရှိသော မောင်းတိန်းကက်ကတီသစ်ခွပန်းမျိုးများနှင့်၊ ကမ္ဘာပေါ်တွင် အရှားပါးဆုံးစာရင်းဝင် သစ်ခွနက်တို့အပြင် တောင်ထိပ်ကြာပေါက်ဆိုသောစကားနှင့်ညီအောင် မဖြစ်နိုင်သောနေရာမှာပေါက်ပြီး တစ်ကြိမ်တစ်ခါသာ တွေ့ခွင့်ရနိုင်သော 'နှင်းကြာပန်း' တို့ကို ဟိမဝန္တာတောင်ပေါ်တွင် ကံကောင်းထောက်မလျှင် တွေ့ခွင့်ရနိုင်ကြသည်။

တောင်တန်းပေါ်တွင် နေထိုင်ရင်း တရားရှာဖွေနေသော သူတော်စင်များသာ တစ်ခါတစ်ရံ တွေ့မြင်ရသည်။

www.burmeseclassic.com



ထို့ပြင် ဟိမဝန္တာတောင် တစ်ကြောတွင် သိဒ္ဓိရှိသော ဂမုန်းပင်များအပါအဝင် ဂမုန်းပေါင်းမြောက်များစွာတို့ကိုလည်း ရှာဖွေတွေ့ရှိနိုင်သည်။

ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်စသော သိဒ္ဓိဝင်ဂမုန်းများမှာ အခြားနေရာများတွင် တွေ့နိုင်သော်လည်း ကြာရှည်မနေဘဲ (၃)နှစ်ပြည့်သောအခါ မူလနေရပ်ဖြစ်သော ဟိမဝန္တာတောင်သို့ ပြန်လေ့ရှိရာ ဟိမဝန္တာသည် သိဒ္ဓိရှိသော ဂမုန်းမျိုးနွယ်တို့ စုဝေးရာအရပ်တစ်ခုဟုလည်း ဆိုနိုင်ပေသည်။

ထို့ပြင်. . ဆေးဖက်ဝင်ပင်ပေါင်းများစွာ၊ သိုက်ဝင်ဆေးပင်ပေါင်းများစွာတို့လည်း နေရာအနှံ့တွင် ရှာဖွေတွေ့နိုင်သည်။

(သိုက်ဝင်ဆေးဖက်ဝင်အပင်များအကြောင်းကို ရှေ့အခန်းများ၌ အလျင်းသင့်ပါက ဖော်ပြပေးပါမည်၊)

ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်း၊ ဒီပက၊ ရမ်ပ၊ ကင်းနတ်တို့ ငါးယောက်တွင် ဦးဇန်ကောင်းတစ်ယောက်သာ အသက်အရွယ်ကြီးသူဖြစ်သည်။

ဦးဇန်ကောင်းက အသက်(၅၀)ကျော်အရွယ်ရှိပြီး ကျန်လေးယောက်က အသက်(၃၀)ပတ်ဝန်းကျင် ရှိကြသေးသော လူရွယ်များဖြစ်သည်။

သို့သော်. . ဦးဇန်ကောင်းက ကြံ့ခိုင်သန်မာသူဖြစ်ရာ တောင်တက်တောင်ဆင်း ခရီးရှည်များ သွားလာရာတွင် လူရွယ်များနှင့်တန်းတူ လိုက်နိုင်သူလည်းဖြစ်သည်။

ဦးဇန်ကောင်းမှာ သူတို့ထက် အသက်အရွယ်ကြီးသလို





အတွေ့အကြုံ ဗဟုသုတလည်း ပိုများသူဖြစ်သည်။

တောတောင်သဘာဝများကို လေ့လာရာတွင်သော်လည်းကောင်း၊ ဆေးပင်များကိုလေ့လာရာတွင်၌သော်လည်းကောင်း အားကိုးရသူဖြစ်သည်။

ထို့ပြင် မာဂဓစကားကို အတန်အသင့် နားလည်သူလည်းဖြစ်သည်။

'မာဂဓ' စကားဆိုသည်မှာ ငှက်များနှင့် တောတိရစ္ဆာန်တို့အော်သံကို နားထောင်ပြီး အဓိပ္ပာယ်ပြောပြနိုင်ခြင်းဖြစ်ပေသည်။

အမှန်တော့ မာဂဓစကားကို နားလည်းသည်ဆိုခြင်းမှာ သူတို့အော်သမျှ နားလည်နေခြင်းတော့ မဟုတ်ပေ။

ထူးခြားသောအမူအယာကိုကြည့်ပြီး အကဲခတ်နိုင်သော ပညာဖြစ်သည်။

သူတို့ငါးယောက်သည် လေ့လာသင်ယူသော ပညာရပ်တူသလို စိတ်သဘောချင်းလည်း တူကြလေသည်။

တစ်နေ့လုံး တောင်တန်းများပေါ်မှာ လှည့်လည်၍ လိုချင်သောဆေးပင်များကို ရှာဖွေကြပြီး ညနေပိုင်းအချိန် ရောက်သောအခါ တစ်ညနားရန်အတွက် ကျောက်ဂူပေါက်တစ်ခုကို ရှာဖွေကြသည်။

ဟိမဝန္တာတောင်တကြောမှာ ကျယ်ဝန်းသော ဂူပေါက်ပေါင်းများစွာရှိပေရာ ရှာဖွေရတာ မခက်ခဲလှပေ. .။

တောင်ထိပ်တစ်နေရာတွင်တွေ့သော ဂူပေါက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ဝင် ရောက်နားကြလေသည်။

ညဦးပိုင်းအချိန်မတိုင်ခင် နှင်းများက ထူထပ်စွာ ကျလာတော့မည်ဖြစ်ရာ ထိုအချိန်မတိုင်ခင် ရေရှာခြင်း၊ ထင်းခြောက်ရှာခြင်းများ ပြုလုပ်ကြပြီး နေဝင်ချိန်ရောက်သောအခါ ဂူအတွင်းမှာ မီးဖိုတစ်ဖို ဖိုကြလေသည်။

တောင်ပေါ်တွင် အလွယ်တကူ တွေ့နိုင်သော ထင်းရှူးပင်နှင့် ဝက်သစ်ချပင်မှရသော သစ်ချောင်းများမှာ မီးတောက်လွယ်စေသောကြောင့် မီးမွှေးရတာ မခက်ခဲလှပေ။

မီးဖို အရှိန်ရသောအခါ ရေနွေးတည်ခြင်း၊ ပါလာသော အစားအသောက်များကို စီမံချက်ပြုတ်ပြီး စားသောက်ကြသည်။

ထွေထွေထူးထူးတော့ မဟုတ်ပါချေ။

ပဲ၊ ဂျုံ၊ ပြောင်း၊ ဒိန်ခဲ စသောပစ္စည်းများကို သင့်သလို စီမံကာ ဝမ်းပြည့်အောင် စားသောက်ကြခြင်းဖြစ်သည်။

သူတို့သည် မဟာဂန္ဓာရီ တက္ကသိုလ်သို့ စတင်ရောက်ကြပြီးကတည်းက အသား၊ ငါး စားသောက်ခွင့်မရတော့။ အခြားအသီးအနှံများဖြင့် စီမံပြုလုပ်သော အစားအသောက်များကိုသာ စားသောက်ကြရသောကြောင့် အလေ့အကျင့်ရနေကြချေပြီ။

ထို့ပြင် သိဒ္ဓိရှိသော ဆေးပင်များကို ရှာဖွေသည့်အခါမှာလည်း အစားအသောက်စားရာမှာ ဆင်ခြင်ရသည်။ အသား၊ ငါး အစားအသောက်များ စားသောက်ပြီးရှာဖွေပါက ဆေးပင်ကို မတွေ့ရနိုင်ပေ။

ဆေးပင်စောင့်နတ်များ၊ ပုဂ္ဂိုလ်များက. . အသား၊ ငါး





စားသောက်လျှင် မနှစ်သက်သဖြင့် ဆေးပင်ကို ကွယ်ဝှက်ထားတတ်သောကြောင့် မတွေ့ကြရခြင်းဖြစ်သည်။

ငါးယောက်သား စားသောက်ရင်းနှင့် အေးအေးဆေးဆေး စကားပြောကြလေသည်။

“အခုလို အေးအေးဆေးဆေးတွေ့ရတုန်း သိချင်တာလေးတွေ ဆရာကြီးကို မေးရဦးမယ်”

ဒီပက စကားစလိုက်သည်။

“မေးပေါ့ကွာ. . သိတာရှိတော့လည်း ပြောပြမှာပေါ့”

“ဆေးအတတ်ပညာက ဘယ်အချိန်လောက်ကစပြီး ပေါ်လာတယ်လို့ ထင်ပါသလဲ၊ ကျမ်းစာအုပ်အချို့မှာ လေ့လာကြည့်ဖူးတာတွေ့တော့ လူ့သမိုင်းအစနဲ့ မရှေးမနှောင်း ပေါ်ပေါက်လာခဲ့တယ်လို့ တွေ့ရတယ်၊ အဲ့ဒါကို ဆရာကြီးအနေနဲ့ လက်ခံသလား”

“လက်ခံရမှာပေါ့ ရုပ်နာမ်ခန္ဓာရှိရင် ဝေဒနာရှိတယ်၊ ရောဂါရှိမှာပဲ. . ဖြစ်ခြင်း၊ ပျက်ခြင်း နှစ်ခုစလုံးက ရောဂါတွေပဲ”

“ဘယ်လို ရောဂါမျိုးတွေလဲ”

“လူဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ ဓာတ်ကြီးလေးပါး အစုအဝေးနဲ့ ရုပ်နာမ်ခန္ဓာဖြစ်လာရင် ဝေဒနာဆိုတာ ရှိတာပဲ၊ ပဋိသန္ဓေနေတဲ့အချိန်မှာ ဝေဒနာခံစားရသလို သေဆုံးတဲ့အချိန်မှာလည်း ဝေဒနာခံစားရတာပဲ မဟုတ်လား”

“မှန်ပါတယ်”

“ဒီဝေဒနာတွေဟာ ရောဂါပဲပေါ့၊ ဒါကို. . သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းဖို့ နည်းလမ်းရှာဖွေရင်းနဲ့ ဆေးအတတ်ပညာဆိုတာ ပေါ်ပေါက်ခဲ့ရတာပဲ"

"ဟုတ်ကဲ့"

"နောက်တစ်ချက်က လူနဲ့ တိရစ္ဆာန်တွေဟာ သေခြင်းတရားကို မနှစ်သက်ကြဘူး၊ ဒီတော့ သေခြင်းတရားကို အံတုနိုင်ဖို့ နည်းလမ်းရှာဖွေကြတယ်၊

နောက်ဆုံးသေခြင်းတရားကို ဘယ်လိုမှ အံတုလို့မရရင်တောင်မှ အချိန်ရသမျှ ရှည်အောင် ဆွဲထားနိုင်ဖို့ ဆေးဝါးအကူအညီတွေ ယူကြရတယ်"

"မှန်ပါတယ်. . ဒါပေမယ့် သေခြင်းတရာကိုတော့ လွန်ဆန်လို့ ဘယ်ရပ့ါမလဲနော်"

ရမ်ပက ဝင်ပြောလိုက်သည်။

"ရတဲ့သူတွေလည်း ရှိပါတယ်"

"ဟင်. . ဘယ်လိုလူမျိုးတွေလဲ"

"ဝိဇ္ဇာတွေပေ့ါ၊ ထွက်ရပ်ပေါက်သွားတဲ့ ဝိဇ္ဇာဇော်ဂျီတွေဟာ မိမိရုပ်ခန္ဓာအဟောင်းကိုပဲဖြစ်ဖြစ်၊ အသစ်နဲ့ပဲဖြစ်ဖြစ် နှစ်ပေါင်းမြောက်များစွာကြာအောင် နေခွင့်ရနိုင်ကြတယ်"

"ဒါလည်း စိတ်ဝင်စားစရာပဲ"

"ဒါပေမယ့် ဆေးဝါးအကူအညီတော့ ယူကြရတာပါပဲ ပြောချင်တာကတော့ လူတွေဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းကို မလိုချင်ဘူး၊ မလိုချင်လည်း ဒီအရာသုံးမျိုးကတော့ အချိန်နဲ့အမျှ ရနေတာပါပဲ၊ ဒါကြောင့် ဒီအရာတွေကို တွန်းလှန်နိုင်ဖို့၊ မလွဲ





မရှောင်သာ သေရရင်တောင် နှစ်ပေါင်းများစွာကြာကြာ နေရအောင် ဆေးဝါးအကူအညီတွေ ယူကြရတယ်"

"ဆရာကြီး ပြောတာမှန်ပါတယ် ဆေးအတတ်ပညာဆိုတာ သက်ရှိလူတွေ ပေါ်ပေါက်လာတဲ့ အချိန်ကစပြီး လူတွေ တွေးတောကြံဆတဲ့ နည်းပညာတစ်ခုပဲ ဖြစ်နိုင်ပါတယ်"

ကင်းနက်ကပါ ဝင်ပြောလိုက်ရာ ဒေါက်တာ မင်းထင်ဆော်က ပြန်ပြောလေသည်။

"ဆရာကြီး ပြောသလို. . ဆေးပညာဆိုတာ လူတွေနဲ့အတူ ပေါ်ပေါက်တယ်လို့ ပြောလို့ရပေမယ့် သူတို့ထက်အရင် ရှာတွေ့တဲ့သူတွေ ရှိသေးတယ်ဗျ. ."

"ဟင်. . ဘယ်သူတွေများလဲဗျ"

"အခြားဟုတ်ပါရိုးလား. . တိရစ္ဆာန်တွေပေါ့ဗျာ၊ ကမ္ဘာပေါ်မှာ သက်ရှိသတ္တဝါတွေဖြစ်ပေါ်လာတော့ တိရစ္ဆာန်တွေက အရင်စတာဗျ၊ ဒါကြောင့် သူတို့က သဘာဝတရားကို ပိုသိကြတယ်"

"ဘယ်လိုသိတာလဲဗျ. ."

"ပြောရရင်တော့ သင်္ကေတနည်းလို့ခေါ်တဲ့ အတွေ့အကြုံတွေက သင်ပေးခဲ့တဲ့ ပညာတွေပေ့ါဗျာ၊ နှင်းမုန်တိုင်းကျမှာ၊ သျှင်လူပ်တာ၊ မုန်းတိုင်းကျတာမျိုးတွေ၊ တောမီးလောင်မှာ၊ မီးတောင်ပေါက်ကွဲမှာတွေကို လူတွေထက် တိရစ္ဆာန်တွေက ကြိုတင်ပြီး သိနိုင်ကြတယ်ဗျ"

"အံ့ဩစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငလျင်လှုပ်တော့မယ် မီးတောင်ပေါက်ကွဲတော့မယ် ဆိုရင်. . အဲ့ဒီနေရာတစ်ဝိုက်မှာရှိတဲ့ တိရစ္ဆာန်တွေ အားလုံး နေရာပြောင်းသွားကြတယ်"

"ဒါတော့ ဟုတ်တယ်"

"ပင်လယ်နဲ့နီးတဲ့ ဒေသတွေမှာ ဒီနှစ်မုန်တိုင်းကျမယ် ရေကြီးတော့မယ်ဆိုရင် ငှက်တွေအသိုက်ဆောက်ပုံကို လေ့လာကြည့်ရင်သိနိုင်ကြတယ်"

"ဟုတ်တယ် ခင်ဗျားပြောမှ သတိရမိတယ်၊ အိန္ဒိယမှာ တောမီးမလောင်ခင် တစ်ပတ်လောက်မှာ တောထဲကရှိသမျှ ကြွက်တွေထွက်လာပြီး ရွာတွေကအိမ်တွေပေါ် ရောက်လာလို့ လူတွေအတော် ဒုက္ခရောက်ကြရတယ် နောက်မကြာဘူး တောမီးကြီး အကြီးအကျယ်လောင်တော့တာပါပဲ. ."

ဟု ဒီပက ပြောသည်။

သူတို့စကားဆုံးတော့ ဦးဗန်ကောင်းကသောက်လက်စ လက်ဖက်ရည်ခွက်ကို ပြန်ချလိုက်ပြီး စကားပြန်ဆက်သည်။

"ဒါကြောင့် ငါစောစောက ပြောတာပေါ့ တိရိစ္ဆာန်တွေကလူတွေထက်စောပြီး ရောဂါကာကွယ်နည်းတွေကို သိကြတယ်ဆိုတာပေါ့၊ ဆေးပင်တွေကိုလည်း သူတို့ကပိုသိကြတယ်၊ ဘယ်ရောဂါဖြစ်ရင် ဘယ်ဆေးပင်စားရမယ်ဆိုတာ သိကြတယ်"

"ခွေးတွေကြောင်တွေ နေမကောင်းတဲ့အခါ မြက်ပင်စားပြီး အန်ထုတ်လိုက်ရင် ချက်ချင်းကောင်းသွားတတ်တယ်"

"ဒါလည်း ဆေးကုတာတစ်မျိုးပဲပေါ့၊ ရောဂါဖြစ်ရင်





အစာကြောင့်ဖြစ်တာက အတော်များတယ်၊ အစားမှားရင် ရောဂါဖြစ်တာပဲ. . ရောဂါဖြစ်ရခြင်းအကြောင်းတွေမှာ အစာကြောင့် ဖြစ်ရတာပိုများတယ် မဟုတ်လား"

"အမှန်ပါပဲ"

"အစားအစာဆိုတာ သင့်ရင်ဆေးဖြစ်နိုင်ပြီး မသင့်ရင် ဘေးအန္တရာယ်ဖြစ်စေနိုင်တာပါပဲ၊ လူက အစားအစာမှားမှန်းသိပေမယ့် ပြန်အန်ထုတ်ဖို့ခက်ခဲတယ်"

ဒါကြောင့် အစာကြေဆေးလိုမျိုး၊ နောက်ဆေးတစ်မျိုး သောက်ကြရတယ်၊ တိရစ္ဆာန်တွေကတော့ ဆေးမသောက်တော့ဘူး၊ မသင့်တဲ့အစာကို ချက်ချင်းပြန်အန်ထုတ်ဖို့ မြက်စားလိုက်ရင် ပြီးတာပဲ"

"မြက်ပင်က သူတို့အတွက် ဖြေဆေးပဲပေါ့"

"မြက်ပင်မှ မဟုတ်ပါဘူး၊ တခြားဆေးဖက်ဝင်တဲ့ အပင်မှန်သမျှလည်း သူတို့သိကြတာပါပဲ၊ ဥပမာပြောရင် ဖားပြုတ်တစ်ကောင်ဟာ မြွေနဲ့တွေ့ရင် ချက်ချင်းပြန်မကိုက်ဘူး၊ အဆိပ်ဖြေဆေးအပင်ရှိတဲ့ နေရာရောက်အောင် အရင်ပြန်ပြေးတယ်၊ ဆေးပင်နားရောက်မှ မြွေကို ပြန်ကိုက်လေ့ရှိတယ်"

"နောက်တော့ ဘယ်သူနိုင်သလဲဆရာကြီး"

"ဖားပြုတ်ပဲအနိုင်ရတယ်လေ. . မြွေကိုက်လို့ အဆိပ်ဆိရင် ဖားပြုတ်ကအဆိပ်ဖြေဆေးအပင်နဲ့ ပွတ်လိုက်ရင် ပျောက်သွားတယ်၊ ပျောက်သွားရင် ပြန်ကိုက်တယ်၊ နောက်တော့ မြွေခံနိုင်တော့ပဲ ထွက်ပြေးရင်ပြေး၊ မပြေးရင် သေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ပြောပုံဆိုရင် တိရစ္ဆာန်တွေက လူတွေထက် သဘာဝအကြောင်းတွေ၊ အသုံးဝင်တဲ့ ဆေးပင်တွေကို ပိုသိပြီး ရောဂါဖြစ်ရင် ဘယ်လိုကာကွယ်ရမယ် ဆိုတာတွေ ပိုသိတဲ့ အစောဆုံး ဆေးပညာရှင်တွေဆိုတာတော့ လက်ခံရတော့မှာပဲ"

ထိုသို့စကားပြောနေရင်းနှင့် တဖြည်းဖြည်း ညဉ့်ဦးပိုင်းအချိန် ကျော်လွန်လာခဲ့လေပြီ။

နှင်းများကလည်း ထူထပ်စွာ ကျဆင်းလာသည်။

ထိုအချိန်၌ ကောင်းကင်၌ လရောင်ထွက်လာပြီဖြစ်သော်လည်း နှင်းသားထုကို ထိုးဖောက်ဆင်းလာသောကြောင့် ဝိုးတဝါးမျှသာ အလင်းရောင်ရနေလေသည်။

ထိုအချိန်မှာပင် ဂူအပြင်ဘက် တစ်နေရာမှ တိုးညှင်းသောသီချင်းသံလိုလို အသံအချို့ကြားရသဖြင့် နားစွင့်လိုက်ကြသည်။

သာယာသော သီချင်းသံက လေပြေနှင့်အတူ ပြန့်လွင့်လာခြင်းဖြစ်လေသည်။

"သီချင်းသံလိုလို ကြားရတယ်. ."

ထိုအသံကြားသောအခါ ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခုကို သတိရဟန်ဖြင့် နေရာမှ ထရပ်လိုက်သည်။

"ဘယ်သွားမလို့လဲ"

"ဒီညက လပြည့်ညမဟုတ်လား၊ ဒီသီချင်းသံက ထူးခြားတယ် ခဏသွားကြည့်လိုက်ဦးမယ်"

ဟုပြောကာ ဦးခေါင်းပေါ်မှာ ခေါင်းစွပ်ကို မျက်နှာတစ်





ဝက်လောက်ဖုံးသည်အထိ ဆွဲချလိုက်ပြီး အပြင်သို့ ထွက်လာလေသည်။

အပြင်ဘက်မှာ အအေးဓာတ်ကပိုများသည်။ နှင်းများက ပိတ်နေအောင်ကျနေသော်လည်း. . လရောင်ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်နိုင်လေသည်။

တဖြည်းဖြည်းနှင့် လျှောက်လာရာ တောင်ထိပ်တစ်ခုပေါ်သို့ ရောက်လာလေသည်။

တောင်ထိပ်ပေါ်၌ရှိသော အရာအားလုံး နှင်းများဖုံးအုပ်ထားသောကြောင့် ဖွေးဖွေးဖြူလျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အသံကြားရာသို့ တဖြည်းဖြည်းလျှောက်လာရင်း အတော်နီးလာသောအခါ တိုးညှင်းစွာကြားနေရသော သီချင်းဗြီးသံက တိတ်သွားလေသည်။ လှမ်းကြည့်လိုက်တော့ ကျောက်တုံးတစ်ခုပေါ်မှာ ထိုင်နေသောအဖြူရောင်ပုံရိပ်တစ်ခုကို ဝိုးတဝါးလှမ်းမြင်ရသည်။

လူလား. . ဝိညာဉ်ပုံရိပ်လားတော့ သဲကွဲစွာ မမြင်ရသေးပေ။ ဒေါက်တာမင်းထင်ကျော်အနေဖြင့် မဟာဂန္ဓာရီတက္ကသိုလ်တွင် ပညာသင်နေစဉ် ရပ်ဝေးမှလာရောက်ပညာသင်ယူကြသော ဝိညာဉ်ခန္ဓာများကို တွေ့မြင်ဖူးသောကြောင့် ယခုလိုတွေ့ရသော်လည်း ထူးဆန်းမှုတော့ မဖြစ်မိပါချေ။ တဖြည်းဖြည်းဖြင့် လျှောက်သွားရာ မနီးမဝေးနေရာရောက်သောအခါ ထူးခြားလှသည့် သင်းပျံ့သောရနံ့တစ်မျိုးကို ရလာလေသည်။

ထိုရနံ့ကို နှင်းမှုံများက သယ်ဆောင်လာကြခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဟန်တူ၏။ မနီးမဝေးရောက်တော့ လှမ်းမေးလိုက်သည်။

"မင်းဘယ်သူလဲ"

"နှင်းကြာပန်းပါရှင်. . ."

"ငါ အနားလာပြီး ကြည့်ခွင့်ရှိသလား"

"ကြည့်မယ်ဆိုရင်တော့ ကြည့်နိုင်ပါတယ်"

သူ့စကားအဓိပ္ပာယ်က ကြည့်ရုံပဲ ကြည့်ရမည့်သဘောမျိုးပင်. . .

သူ့အနေနှင့် တက္ကသိုလ်တွင် သင်ယူသော ပညာရပ်များတွင် ဟိမဝန္တာ၌သာ တွေ့ရလေ့ရှိပြီး၊ ဟိမဝန္တာတောင်တန်းပေါ်၌ တွေ့ရလေ့ရှိသော ပန်းအမျိုးပေါင်းများစွာတို့၏ ပန်းဘုရင်ဖြစ်သော "နှင်းကြာပန်း" အကြောင်းကို သိရှိထားပြီး ဖြစ်သည်။

နှင်းကြာပန်း၏ ရုက္ခဗေဒအမည်မှာ ဟင်မ်ကာမဲလ် (Him Kamal) ဖြစ်သည်။

ကမ္ဘာပေါ်တွင် အရှားပါးဆုံး ပန်းတစ်မျိုးကို တွေ့ခွင့်ရတော့မည်ဖြစ်သဖြင့် ဝမ်းသာကျေနပ်သွားလေသည်။

"ကြည့်ရုံပဲ ကြည့်ပါရစေ. ."

ထိုသို့ပြောလိုက်သောအခါ ကျောက်တုံးပေါ်မှာရှိနေသော အဖြူရောင် ပုံရိပ်က နှင်းများနှင့်ရောနှောကာ. . တဖြည်းဖြည်းနှင့် ဝေ့ဝဲပျောက်ကွယ်သွားလေတော့သည်။

လေတိုက်သဖြင့်. . မီးခိုးငွေ့များ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားသည့်မျိုးဖြစ်သည်။





ဒေါက်တာမင်းထင်ကျော်က တဖြည်းဖြည်းနှင့် ရှေ့သို့ လျှောက်သွားပြီး ထိုနေရာသို့ ရောက်သွားသောအခါ ထူးခြားအံ့သြဖွယ်ကောင်းသော အရာတစ်ခုကို တွေ့မြင်ရသည်။

ကြာပန်းပင်နှင့် ပုံသဏ္ဌာန်တူသော အပင်က ကျောက်တုံးနှစ်တုံးကြား၌ ပေါက်နေခြင်းဖြစ်သည်။

အပင်ထက်ဝက်လောက်က နှင်းတောထဲမှာ နစ်မြုပ်နေသည်။ အပွင့်ကလည်း ကြာပန်းနှင့် ပုံသဏ္ဌာန်တူပြီး လက်ဖက်ရည် ပန်းကန်ပြားအဝိုင်းလောက်ရှိသည်။

အရောင်က အပြာနုရောင်နှင့် အပြာရင့်ရောင် ရောစပ်နေပြီး ဝတ်ဆံနေရာမှာ အဖြူစက်ကလေးများရှိသည့် ပွင့်ချပ်အရင်းပိုင်းမှာ အရောင်ဖျော့သည်။

အဖြူရောင်ဖျော့ဖျော့မှ တဖြည်းဖြည်း အပြာနုရောင်သမ်းလာသည်။

ထိုမှ အဖျားဘက်ရောက်သောအခါ အပြာရင့်ရောင်ဖြစ်သွားလေသည်။

အပေါ်ဘက်မှ ငုံ့ကြည့်လျှင်တော့ အပြာရင့်ရောင်များသာ အရင်မြင်တွေ့ရပေသည်။

'တောင်ထိပ်မှာကြာပေါက်၊ အနောက်ကနေထွက်' ဆိုသောစကားမှာ မဖြစ်နိုင်သော ကိစ္စတို့ကို တင်စားပြောဆိုခြင်းဖြစ်လေသည်။

အနောက်ဘက်မှ နေထွက်သည်ကိုတော့ ကမ္ဘာကြီးပြောင်းပြန်လည်သောအခါမှ တွေ့ရမည်ဖြစ်သော်လည်း ဟိမ



www.burmeseclassic.com

www.burmeseclassic.com



ဝန္တာတောင်တန်းပေါ်သွားပါက ကံကောင်းထောက်မလျှင် နှင်းတောထဲမှာပေါက်သော နှင်းကြာပန်းကို တွေ့မြင်ရနိုင်ပါသည်။

နှင်းကြာပန်း၏ အဆင်းမှာ လှပသလို ရနံ့ကလည်း အတော်ကိုသင်းပျံ့ပါသည်။

ပြောရလျှင်တော့ အေးမြသောနှင်းမှုန်ကြားမှာ လိုက်ဖက်သောရနံ့များ[illegible]သည်။

နေရောင်ခြည်အောက်မှာ ပွင့်လေ့ရှိသော ရနံ့ကြမ်းသည့် နှင်းဆီပန်းလို ရနံ့မျိုးမှာ အေးမြသောနှင်းများကြားတွင် လိုက်ဖက်သောရနံ့မျိုး မဖြစ်နိုင်ပေ။

ထိုကဲ့သို့ပင် ဆောင်းရာသီရောက်မှ နှင်းများကြားမှာ ပွင့်လေ့ရှိသော သဇင်ပန်းရနံ့မျိုးကလည်း သင်းသင်းလေး မွှေးသဖြင့် နေရောင်ပြင်းပြင်းအောက်တွင် လိုက်ဖက်သော ရနံ့မျိုး ဖြစ်လာမည် မဟုတ်ပါချေ. .။

နှင်းကြာပန်းကဲ့သို့ သင်းပျံ့သော ရနံ့မျိုးက အေးမြသော နှင်းမှုန်များနှင့်သာ လိုက်ဖက်တင့်မောလှပေသည်။

ပထမတော့ ဒေါက်တာမင်းထင်ကျော်က နှင်းကြာပန်းကို ခူးဆွတ်ယူသွားလိုစိတ် ဖြစ်ပေါ်လာသေးသည်။

သို့သော် ချက်ချင်း စိတ်ကို ထိမ်းလိုက်သည်။

"ငါခူးဖြတ်လိုက်ရင် မကြာခင်မှ ညှိုးနွမ်းကြွေကျသွားမှာအမှန်ပဲ၊ အပြာရောင် မိုးကောင်းကင်ကြီးနဲ့ အေးမြတဲ့ လရောင်အောက်မှာ ဖြူစင်တဲ့ နှင်းသားတွေက သူနဲ့လိုက်ဖက်တဲ့ သဘာဝ အလှတွေပဲ. .၊ ဒါကြောင့် ဒီအတိုင်းသာ ရှိပါစေတော့





လေ. ."

ဟုရေရွတ်ပြီး ထိုနေရာမှ ပြန်လှည့်လာခဲ့လေသည်။ အနည်းငယ် ဝေးသောနေရာရောက်တော့ နောက်ဘက်မှ တိုးညှင်းသော သီချင်းငြီးသံကို ပြန်လည်ကြားရပြန်လေသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၄)

# ကျောင်းတော်ကြီးထဲမှ စည်းခြားထားသည့်နေရာ

နောက်တစ်နေ့တွင် နံနက်ပိုင်းအချိန်ထိ နှင်းများကျနေပြီး နေအတော်မြင့်တော့မှ ရာသီဥတုက ကြည်လင်လာလေတော့သည်။

ထိုအခါမှပင် ငါးယောက်သား ဂူထဲမှ ထွက်ခဲ့ကြသေးသည်။ တောင်တန်းများပေါ်မှာ အစဉ်အမြဲလိုလို နှင်းများဖုံးနေတတ်ပြီး နေရောင်ခြည်ကို တွေ့ရသောအချိန် နည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်နှင့် မတွေ့ရပါက နှင်းကွဲသွားသော်လည်း တောင်ရင်ပြင်တစ်လျှောက်မှာ နှင်းခဲများက ဖုံးအုပ်မြဲဖုံးအုပ်နေတတ်သည်။

ထိုအခါများတွင် ဆေးပင်များကို ရှာဖွေရသည်မှာ မလွယ်ကူပေ။

ဂမုန်းပင်အပါအဝင် ဆေးပင်ငယ်ကလေးများမှာ မြေပေါ်တွင် ကပ်ပေါက်နေတတ်သဖြင့် အပေါ်မှနှင်းများ ဖုံးနေလျှင် ရှာမတွေ့နိုင်ကြပေ။

တောင်တန်းများပေါ်တွင်ဆေးပင် ဆေးမြစ်ရှာရန်အတွက် နှင်းပါးသောဇွန်လ၊ ဇူလိုင်လများမှာ ရှာဖွေ၍အကောင်းဆုံးဖြစ်သည်။

နွေဦးရာသီရောက်လျှင်တော့ တောင်ပေါ်မှနှင်းများ အရည်ပျော်ကျကာ ရေခဲမြစ်များအတွင်းသို့ စီးဝင်သွားလေ့ရှိသည်။

ဟိမဝန္တာတောင်ကြောပေါ်မှာ စီးကျလာသောရေတို့သည်အများအားဖြင့်တော့ ဂင်္ဂါမြစ်အတွင်းသို့ ရောက်သွားလေ့ရှိသည်။

တောင်ပေါ်မှာရှိသော ဆေးပင်၊ ဆေးမြစ်၊ ဂမုန်းပင်မြောက်များစွာတို့ကို ဖြတ်သန်းစီးဆင်းလာသောရေတို့သည် ဆေးပေါင်းစသည့် ရေများဖြစ်နေကြသည်။

ထို့ကြောင့်ဂင်္ဂါမြစ်အနီးတစ်ဝိုက်မှာ နေကြသူများက ထိုရေကိုချိုးလျှင် ရောဂါကင်းသည်ဟု အယူရှိကာ ဂင်္ဂါမြစ်ရေကို





ချိုးကြခြင်းဖြစ်သည်။

နွေဦးရာသီရောက်ပြီး တောင်တန်းပေါ်၌ နှင်းများအရည်ပျော်ကျသွားသောအခါ တစ်နှစ်လုံး နှင်းသားထုအောက်မှာသာနေခဲ့ကြရသော သစ်ပင်၊ ပန်းပင်များ ပွင့်လန်းလာကြလေသည်။

ဟိမဝန္တာတောင်တကြောတွင် အများဆုံးပွင့်သောပန်းမှာ တောင်ဇလပ်ပန်းများဖြစ်သည်။

တောင်ဇလပ်ပန်းတို့မှာ ရောင်စုံရှိကြသဖြင့် ပန်းရောင်စုံများဖြင့် တင့်တယ်လှသော ဟိမဝန္တာတောင်တန်းကြီးကို လှမ်းမျှော်ကြည့်ပါက ရောင်စုံပန်းချီကားကြီးသဖွယ် တွေ့မြင်ရတတ်သည်။

နံနက်ပိုင်းအချိန်တွင် ထူးထူးခြားခြား နေရောင်ခြည်လင်းလက်လာသောကြောင့် ရာသီဥတုက သာယာနေသည်။ ထိုအချိန်မျိုးတွင် ဆေးပင်ဆေးမြစ် ရှာဖွေရတာအကောင်းဆုံးဖြစ်သည်။

အရေပျော်ကျသွားသော နှင်းများအောက်မှ ခေါင်းပြူထွက်လာသော ဆေးပင်များကို အလွယ်တကူ ရှာဖွေရနိုင်ကြလေသည်။

ငါးယောက်သား တောင်တန်းပေါ်လှည့်လည်ကာ ရသမျှ ဆေးပင်ဆေးမြစ်များ ရှာဖွေစုဆောင်းရင်းနှင့် တစ်နေ့ကုန်သွားပြန်လေသည်။

နေရောင်ကို နေ့လည်ပိုင်းအချိန်လောက်သာ တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီး နောက်တော့ပြန်ပျောက်သွားပြန်သည်။

နေရောင်ပျောက်သွားသည်နှင့် နှင်းများပြန်ကျလာပြီး အအေးဓာတ်ကပါ ဝင်လာလေတော့သည်။

သို့ကြောင့် တောင်ပေါ်မှာ အလင်းရောင်မပျောက်ခင် တစ်ညတာ တည်းခိုနိုင်မည့်နေရာ လိုက်ရှာကြရပြန်သည်။

သူတို့ရောက်နေသောနေရာမှာ တောင်ထိပ်ပေါ်၌ မဟုတ်ပဲ ဘေးပတ်လည်တွင် တောင်မြင့်ကြီးများ ဝန်းရံနေသော တောင်ကြားတစ်နေရာ၌ ဖြစ်လေသည်။

ထိုနေရာ၌တွေ့ရသော တောင်မြင့်ကြီးများမှာ အခြားနေရာ၌တွေ့မြင်ရသော တောင်များနှင့်မတူဘဲ တမူထူးခြားနေသကဲ့သို့ ရှိလေသည်။

သို့သော်လည်း နှင်းများဖုံးလွှမ်းနေသောကြောင့် သဲသဲကွဲကွဲ မြင်ရခြင်းမျိုးတော့ မရှိပေ။

ပုံပန်းသဏ္ဌာန်များကို အကြမ်းဖျင်းမြင်ရသည်ကတော့ ရှေးခေတ်က တည်ဆောက်အသုံးပြုခဲ့သော အဆောက်အဦး ဟောင်းများနှင့်တော့ ပုံသဏ္ဌာန်တူသယောင်ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ငါးယောက်မှာ လူရွှယ်များ ဖြစ်သည်ကတစ်ကြောင်း။

မည်သည့်အရာကိုမှ ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိကြ သည်က တစ်ကြောင်းကြောင့် အခြားဘာမှ ဂရုမစိုက်ကြဘဲ မိမိ တို့ တစ်ညတည်းခိုနိုင်သော နေရာကိုသာ လိုက်လံရှာဖွေနေကြ လေသည်။





အချိန်ကလည်း တဖြည်းဖြည်း အမှောင်ရိပ်များ သမ်းလာချေပြီ။ ထို့ထက်ပိုမှောင်သွားလျှင် နှင်းများပိုကျလာပြီ ဖြစ်သဖြင့် ဂူပေါက်ရှာရတာ ပိုမိုခက်ခဲပေလိမ့်မည်။

သို့ကြောင့် ကြိုးစားပြီး လိုက်လံရှာနေကြစဉ် တစ်နေရာဆီမှ ဖားစည်ထိုးသံ ကြားကြရလေသည်။

"ဒေါင်. . ဒေါင်. . ဒေါင်. ."

ဟိမဝန္တာတောင်ပေါ်မှာ ကြေးစည်ထုသံ၊ ဖားစည်ထိုးသံ ကြားရခြင်းကတော့ အထူးအဆန်းမဟုတ်ပေ။

ထိုတောင်မှာ သူတော်ကောင်းများ၊ တရားမမွေ့ ရှာဖွေအားထုတ်နေသူတို့မှာ နေရာအနှံ့အပြား၌ရှိကြရာ ကြေးစည်သံ၊ ဖားစည်သံတို့မှာ ကြားရမည်သာဖြစ်သည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဖားစည်ထိုးသံကြားရသော နေရာဘက်သို့ သွားကြလေသည်။ အသံကြားရသောနေရာမှာ တောင်ကြားတစ်ခုအတွင်းဘက်မှ ဖြစ်ပြီး ထိုနေရာတစ်ဝိုက်တွင် အဆောက်အဦးပျက်နှင့်တူသော တောင်များရှိသည်။

အချို့ကျောက်တောင်နံရံတို့တွင် အဆောက်အဦးနှင့် ပုံသဏ္ဌာန်တူသော အရာများတွေ့မြင်ရသည်။

သို့သော် တောင်ကြားထဲမှာ အမှောင်ရိပ်သမ်းလာပြီ ဖြစ်သောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

ငါးယောက်သား အသံကြားရာဘက်သို့ လျှောက်သွားရာ တစ်နေရာရောက်တော့ အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရလေသည်။ အခြားမဟုတ်ပေ။

တောင်စောင်းတစ်ခု နံရံတစ်နေရာတွင် ရှေးခေတ် တိဘက်ကျောင်းတော်ကြီးများနှင့် ပုံသဏ္ဌာန်တူသော ကျောင်းဆောင်ဟောင်းကြီးကို လှမ်းမြင်ကြရသည်၊

ကျောင်းဆောင်ကြီးအတွင်းဘက်မှ မီးရောင်အချို့ ထွက်နေပြီး ဖားစည်ထိုးသံက ထိုကျောင်းအတွင်းမှ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

သူတို့သည် ကျောက်လှေခါးထစ်များရှိသော နေရာမှ အပေါ်သို့တက်သွားကြရာ မကြာခင် ကျောက်သားနံရံတွင် ထွင်းထုထားသော ကျောင်းဟောင်းကြီးရှိရာသို့ ရောက်သွားကြလေသည်။

ကျောင်းပေါက်ဝ၌ တံခါးတစ်ချပ်ရှိနေပြီး စေ့ရုံပင် စေ့ထားသောကြောင့် ဒေါက်တာမင်းထင်ကျော်က အသာတွန်းဖွင့်လိုက်သည်။

တံခါးဟောင်းကြီးက တကျွိကျွိ၊ တကျည်ကျည် မြည်ကာ ဖြေးဖြေးချင်း ပွင့်သွားလေသည်။

အတွင်းမှာတော့ မီးရောင်အချို့ရှိနေပြီး တစ်နေရာတွင် ကြီးမားသော ဖားစည်တစ်လုံးကို သစ်သားထိုးတံဖြင့် ထိုးနေသော သူတော်စင်တစ်ဦးကို လှမ်းမြင်ရသည်။

"ဒေါင် . . ဒေါင် . . ဒေါင် "

သူတော်စင်ကြီးက ဖားစည်ကို နောက်ဆုံးထိုးလိုက်ပြီး ထိုးတံကို ပြန်ချကာ သူတို့ရှိရာဘက်သို့ လှည့်လာသည်။ တစ်





ကိုယ်လုံး အဝတ်ဖြူများ ဝတ်ထားရုံမကပဲ ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့မှာလည်း ရှည်လျားစွာ ရှိနေပြီး ဆွတ်ဆွတ်ဖြူ လျှက် ရှိနေကြသည်။

အိုမင်းနေပြီဖြစ်သော်လည်း လှုပ်ရှားမှုကိုကြည့်ပြီး အသက်အရွယ်ကိုတော့ မခန့်မှန်းနိုင်ကြပေ။

သူတော်စင်ကြီးက သူတို့ရှိရာသို့ လျှောက်လာရာ အနီးသို့ရောက်သောအခါ လက်အုပ်ချီကာ အရိုအသေပေးလိုက်ကြသည်။

"ဘယ်အရပ်က လာကြတာလဲ"

"ကျွန်တော်တို့က ဟိမဝန္တာ မဟာဂန္ဓာရီတက္ကသိုလ်မှာ ပညာသင်နေကြသူတွေပါ၊ တောင်ပေါ်မှာ ဆေးပင်ရှာရင်းနဲ့ ဒီဘက်ရောက်လာကြတာပါ၊ အချိန်မရှိတော့လို့ ဒီနေရာမှာ တစ်ညလောက် တည်းခိုပါရစေ. . ."

"ရပါတယ် လွတ်လွတ်လပ်လပ် တည်းခိုနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် အဘ"

"ဒါပေမယ့် ရပ်ဝေးကလာတဲ့ ဧည့်သည်တွေဆိုတော့ ပြောသင့်တာတော့ ပြောထားပါမယ်"

"ဟုတ်ကဲ့ ပြောပါအဘ"

"တခြားတော့မဟုတ်ပါဘူး မောင်တို့အနေနဲ့ ဒီကျောင်းဆောင်ကြီးအတွင်းမှာ နှစ်သက်သလောက် နေနိုင်ကြပါတယ်၊ ဒါပေမယ့် ကျောင်းကြီးအတွင်းမှာ မသွားရမယ့် နေရာအချို့ရှိတယ်၊ မဖွင့်ရတဲ့ တံခါးချပ်တွေရှိတယ်. . ၊ အဲ့ဒါတွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သတိနဲ့ ဆင်ခြင်ပြီး ရှောင်စေချင်ကြတယ်"

"ကောင်းပါပြီ အဘ"

"ဒီလိုဖြင့် အဆင်ပြေသလို စိတ်ချမ်းသာသလိုသာ နေ
ကြပေတော့ကွယ်"

ဟုပြောပြီး သူတော်စင်ကြီးက ထိုင်နေရာမှ လှည့်ထွက်
သွားရန်ပြင်တော့ ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"အခုလိုခွင့်ပြုပေးတာ ကျေးဇူးတင်ပါတယ်အဘ...
အဘနာမည်က ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်နာမည်က သူတော်စင်ကုမာရ ဖြစ်ပါတယ်"

"အဘနဲ့ အခုလိုဆုံတွေ့ရတာ ဝမ်းသာပါတယ်. . .နော
ထက် ဒီကျောင်းကြီးအတွင်းမှာ ကန့်သတ်ထားတဲ့နေရာတွေ
ပိတ်ထားတဲ့ တံခါးတွေကို ကျွန်တော်တို့က ဘယ်လိုများ သိနိုင်
ကြပါမလဲ"

"သင်္ကေတ အမှတ်အသားတွေ ပြထားပါတယ်၊ အသိ
ပညာနဲ့ဆင်ခြင်ပြီးကြည့်ရင် သိနိုင်ပါလိမ့်မယ်၊ ဘုရားဝတ်ပြု
အချိန်ရောက်ပြီမို့ ခွင့်ပြုပေဦးတော့"

ဟုပြောဆိုပြီး သူတော်စင်ကြီး ကုမာရက ထိုနေရာမှ
ထွက်သွားလေတော့သည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့လည်း
သင့်တော်သောနေရာတွင် စခန်းချကြလေသည်။

ထိုနေရာမှာ အခန်းကျယ်တစ်ခုဖြစ်ပြီး မီးဖိုလည်း
ဆင်သင့်ရှိသည်။





မီးဖိုနံဘေးမှာ မီးထည့်ရန် ထင်းတုံးများရှိသည်။ ရေနွေး
ကျိုရန် အိုးက ရေအပြည့်ဖြင့်ရှိသည်။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မီး
မွှေးပြီး ရေနွေးကျိုသည်။

ပြီးမှ အစားအသောက်များ စီမံကြသည်။

ထိုသို့ပြုလုပ်နေစဉ် တစ်နေရာမှ ကြေးစည်ထုသံကို ခပ်
သဲ့သဲ့ကြားရသည်။

သူတော်စင်ကြီးကုမာရ ဘုရားရှိခိုးနေသော နေရာ
ဘက်မှ ဖြစ်ပေမည်။

အစားအသောက်များ စီမံပြီးသဖြင့် စားသောက်ကြရင်း
နှင့် စကားပြောနေကြသည်။

"ကျွန်တော်ကတော့ စောစောက သူတော်စင်ကြီး ပြော
သွားတဲ့စကားကို သိပ်ပြီးနားမလည်သလိုပဲဗျ ဘယ်လိုအဓိပ္ပာယ်
နဲ့လဲ"

ရမ်ပက ခတ်တိုးတိုးပြောလိုက်သည်။

"ဒါကတော့ ရိုးရိုးလေးပါပဲကွာ၊ ဒီကျောင်းတော်ကြီး
အတွင်းမှာ သွားသင့်တဲ့နေရာတွေရှိသလို မသွားသင့်တဲ့နေရာ
တွေရှိတယ်၊ ဖွင့်လို့ရတဲ့ တံခါးတွေရှိသလို မဖွင့်ရတဲ့ တံခါးတွေ
ရှိတယ်လို့ ကြိုကြိုတင်တင် သတိပေးသွားတာဖြစ်မှာပေါ့"

ဦးဗန်ကောင်းက အေးအေးဆေးဆေးပင် ပြန်ပြော
လိုက်သည်။

"အဲဒါဘယ်လို အဓိပ္ပာယ်လဲဆရာကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်တော့ ဘယ်သိရဦးမလဲ မင်းတို့စိတ်**ဝင်စားရင်**တော့ နောက်တစ်နေ့ရာမှာ လေ့လာကြည့်ကြပေါ့"

ထိုသို့ပြောသဖြင့် ရမ်ပလည်း နောက်ထပ်ဆက်မမေးတော့ပဲ ရပ်သွားလေသည်။

ထိုညမှာတော့ လုံခြုံသောအခန်းထဲမှာ နွေးထွေးစွာအိပ်ကြရသောကြောင့် အစားအစာများ စားသောက်ပြီးကြသည်နှင့် အသီးသီးအိပ်ရာဝင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော် အနေဖြင့်လည်း သူတော်စင်ကုမာရ သတိပြောသွားသော စကားကို စိတ်ဝင်စားသော်လည်း ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ အိပ်လေရာ မကြာခင် အိပ်ပျော်သွားလေသည်။

ထိုသို့အိပ်ပျော်သွားပြီး မကြာခင်မှာ ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်လေသည်။

အိပ်မက်ထဲမှာ မိန်းမချော၊ မိန်းမလှလေးများရှိသော နေရာတစ်ခုသို့ ရောက်သွားလေသည်။

ထိုနေရာမှာ ကြီးကျယ်လှပသော အဆောက်အဦးများရှိသည်။

ရေကန်များ၊ ပန်းမျိုးစုံဖူးပွင့်နေသော ဥယျာဉ်ခြံကျယ်ကြီးများဖြင့် ကြီးကျယ်ခမ်းနားသော နေရာတစ်ခုဖြစ်သည်။ အဆောက်အဦးများမှာလည်း လူပြည်၊ လူလောက၌ တွေ့ရသော အဆောက်အအုံများနှင့် မတူပဲ နတ်ဘုံနတ်နန်းတမျှ လှပတယ်လေသည်။





အသက်အရွယ်အားဖြင့် (၂၀)ကျော်ပတ်ဝန်းကျင်မျှသာရှိသေးသော မိန်းမပျိုလေးများမှာလည်း ပန်းခင်းထဲတွင် ရောင်စုံလိပ်ပြာများ ပျံဝဲနေသကဲ့သို့ တစ်နေရာမှတစ်နေရာ သွားလာနေကြသည်။

ထိုအထဲမှာမှ တစ်ကိုယ်လုံး အဝတ်ဖြူများဝတ်ဆင်ထားသော ချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက်က သူ့အနား ရောက်လာသည်။

သူမက နှစ်လိုဖွယ်ရာ ပြုံးရင်း..

"ရှင် ကျွန်မတို့နေရာကို လာမယ်ဆိုရင် လာလို့ရပါသယ်"

ဟု ချိုသာသောအသံဖြင့် ပြောလေသည်။

"ဒီနေရာက အတော်သာယာတာပဲ ဘယ်လိုနေရာမျိုးလဲ"

ဒေါက်တာမင်းထင်ကျော်က ပြန်မေးလိုက်သည်။

"ဒီနေရာက 'မိန်းမလှမြို့တော်' လို့ခေါ်ပါတယ်ရှင်"

"ဒါဖြင့် ယောကျ်ားတွေ မရှိကြဘူးလား"

သူမက ပြုံးလျက်နှင့် ခေါင်းခါပြသည်။

"ဒါဖြင့်တော့ မဝင်တော့ပါဘူး၊ နောက်ကြုံမှပဲ လာခဲ့မယ်"

ထိုသို့ပြောပြီး နောက်ကြောင်းသို့ ပြန်လှည့်ခဲ့လေသည်။

ထို့နောက်မှာတော့ အိပ်ပျော်နေရာမှ ပြန်နိုးလာသည်။ ကြည့်လိုက်တော့ ကျောင်းတိုက်ကြီး၏ အခန်းထဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီး အဖော်လေးယောက်တို့မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ် မောကျနေကြလေသည်။

နားထဲမှာတော့ မီးပုံမှ ထင်းချောင်းများကို မီးစွဲလောင် နေရာမှ တဖျစ်ဖျစ်နှင့် အသံများကြားနေရသည်။

သတိထားပြီးနားထောင်ကြည့်တော့မှ ထိုအသံမျာ အပြင် အခြာအသံအချို့ကိုပါ ကြားရလေသည်၊

ပထမတော့ အပြင်ဘက်မှ လေတိုးသံများလားဟု ထင် လိုက်မိသေးသည်။

အသေအချာ နားထောင်ကြည့်တော့မှ မဟုတ်မှန်း သိ ရလေသည်။ ကြားနေရသောအသံက ထင်းချောင်းမီးလောင်နေ သောအသံမဟုတ်။ သီချင်းသံဖြစ်သည်။

ကြားနေရသော သီချင်းသံမှာ အမျိုးသမီးတစ်ယောက် ၏ သာယာသော အသံမျိုးဖြစ်သည်။

မိမိစိတ်ထဲမှ စွဲလမ်းနေသောကြောင့် ထိုကဲ့သို့သော အသံမျိုးကြားရသလားဟု ထင်လိုက်မိသည်။

သို့သော် မဟုတ်ပေ။

ကျောင်းကြီး၏ အတွင်းပိုင်းဘက်မှ အမျိုးသမီး တစ် ယောက် သီချင်းဆိုနေသောအသံက ပွဲတင်ထပ်ကာ သူတို့ရှိနေ သောနေရာသို့ ရောက်လာခြင်းဖြစ်သည်။

ဒေါက်တာမင်ထင့်ကျော်က နေရာမှ ထလိုက်သည် ထို့နောက် စေ့ထားသောတံခါးချပ်ကို အသံမကြားအောင် အ ပြင်သို့ ထွက်လိုက်သည်။





အပြင်ဘက်၌ မီးရောင်မရှိတော့ပေ။

ထို့ကြောင့် ခန်းမကြီးတစ်ခုလုံး မှောင်မည်းနေသည်။ အတွင်းပိုင်းလှမ်းကြည့်တော့လည်း ဘာမှမမြင်ရပေ။ သို့သော် ကြားနေရသော သီချင်းသံကတော့ ထိုနေရာမှ ပီပီပြင်ပြင်ဖြင့် ကြားရလေသည်။

သေချာပေပြီ။

ကျောင်းတော်ကြီး၏ အတွင်းပိုင်းဘက်တွင် လျှို့ဝှက် ထားသောအကြောင်းအရာများ ရှိနိုင်သည်ဟု ကောက်ချက်ချ မိလိုက်လေသည်။

နောက်တော့ ကြားနေရသော သီချင်းသံက တဖြည်း ဖြည်းဝေးကာ ပျောက်ကွယ်သွားတော့မှ သူလည်း အတွင်းသို့ ပြန်ဝင်ခဲ့ပေသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၅)

# အသက်ဝင်နေသောပန်းချီကား

နောက်တစ်နေ့ နံနက်ပိုင်းအချိန် အိပ်ရာမှနိုးလာသောအခါ သူတော်စင်ကုမာရ နှင့် ထပ်မံတွေ့ရသည်။

သူတော်စင်ကြီးက တံခါးပေါက်ဝနားမှာ လာရောက်စောင့်နေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့က မမျှော်လင့်ပဲ သူတော်စင်ကြီးကို တွေ့လိုက်ရသဖြင့် အံ့ဩသွားကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နေရာမှထကာ လက်အုပ်ချီလျက် အရိုအသေပေးလိုက်ကြသည်။

"ညက ကောင်းမွန်စွာအိပ်စက်ကြရပါရဲ့လား"

"အိပ်ရပါတယ်ခင်ဗျာ. . . အခုလို တည်းခိုခွင့်ပေးတာ ကျေးဇူးတင်ပါတယ်"

"ကျွန်ုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး၊ ဒီကျောင်းကြီးမှာမည်သူမဆို လွတ်လွတ်လပ်လပ် တည်းခိုနေနိုင်ခွင့် ရှိပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ဒီလိုဖြင့် ကျွန်တော်တို့ ဒီမှာဆက်နေပြီး ဆေးပင်ရှာဖွေတဲ့ အလုပ်တွေ လုပ်ပါရစေ"

"စိတ်ဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်ကြပါ။ သင်တို့ ကျွန်ုပ်နောက်ကိုလိုက်ခဲ့ကြပါ"

ဟုပြောပြီး ခေါ်သွားသဖြင့် အားလုံးနောက်မှ လိုက်သွားကြလေသည်။

သူတော်စင်က သူတို့ကို ကျောက်သားဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိသော အခန်းတစ်ခန်းသို့ ခေါ်သွားသည်။

ဗုဒ္ဓရုပ်ပွားတော်ရှိသောအခန်းမှာ အတော်ပင် ကျယ်ဝန်းလေသည် ညဏ်တော်ငါးပေခန့်မြင့်သော ဗုဒ္ဓရုပ်ပွားတော်ကို ခေါင်းရင်းဘက် ကျောက်ပလ္လင်အမြင့်ပေါ်၌ တင်ထားသသည်။

မုဒြာကတော့ ဓမ္မစကြာဟောနေသော ပုံသဏ္ဌာန်





ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် သဇင်ပန်းခိုင်များ၊ သစ်ခွပန်းခိုင်များကို ကြေးအိုးများဖြင့်ထည့်ကာ ပူဇော်ထားသည်။ ထိုနေရာနှင့် မနီးမဝေးမှာတော့ ကြေးစည်၊ ဟားစည် ခေါင်းလောင်းများ ချိတ်ဆွဲထားသည်။

ထိုအခန်းပတ်လည်တွင် ပြတင်းပေါက်များ ရှိသဖြင့် အလင်းရောင်နှင့်လေများ ကောင်းစွာရလေသည်။ ရုပ်ပွားတော်ရှေ့တွင် ဖျားဖယောင်းဆီမီးခွက်များ ထွန်းထားပြီး ကျောက်ခွက်ကြီးတစ်လုံးလည်းရှိသည်။ ထိုကျောက်ခွက်ကြီးထဲမှာ နံ့သာဖြူ၊ တရမက်၊ တောင်နံ့ကတိုး စသော သစ်မွှေးသားများကို မီးရှို့ထားသောကြောင့် အခန်းထဲမှာ သင်းပျံ့သော သစ်မွှေးရနံ့များက ကြိုင်နေလေသည်။

သူတို့ကို သူတော်စင်ကြီးက ထိုဘုရားသခန်းသို့ ခေါ်သွားပြီးနောက် ကျောက်စားပွဲကြီးပေါ်မှာ တင်ထားသော အစားအသောက်များကို ကျွေးမွေးသည်။

အစားအသောက်များမှာ သတ်သတ်လွတ်အစားအသောက်များဖြစ်သည်။

ကောက်ညှင်း၊ ဆန်၊ ဂျုံ၊ ပဲ၊ ပြောင်း၊ အာလူး၊ အသီးအရွက်တို့ဖြင့် စီမံပြုလုပ်ထားသော အစားအသောက်များ ဖြစ်ကြသည်။

"ဒီအစားအသောက်တွေက သင်တို့ စားသောက်ဖို့ ပို့ပေးထားတာ ဖြစ်တဲ့အတွက် စားသောက်ကြပါ"

ဟုပြောပြန်ရာ ထပ်မံအံ့သြကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်. . ဘယ်သူတွေက လာပို့ပေးထားတာလဲဟင်"

"စေတနာကောင်းကြတဲ့ အလှူရှင်တွေက လာပို့ပေးထားတာပါ"

ထိုသို့ပြောပြီး သူတော်စင်ကြီးက ဘုရားရုပ်ပွားတော်ရှေ့သို့သွားကာ ဘုရားရှိခိုးနေသောကြောင့် ဆက်မမေးသာတော့ပဲ အစားအသောက်တို့ကို စားသောက်ကြလေသည်။

အစားအသောက်တို့မှာ ပူပူနွေးနွေးပင်ရှိသေးပြီး. . အရသာနှင့်လည်း ပြည့်စုံလေသည်။

သို့ကြောင့် ထွေထွေထူးထူး တွေးတောမနေတော့ဘဲ တောင်ပေါ်မတက်ခင် ဝမ်းပြည့်အောင် စားသောက်ကြလေသည်။

ပြီးသောအခါမှ ဘုရားကန်တော့ပြီးနောက် အပြင်သို့ ထွက်ခဲ့ကြသည်။

ထိုနေ့က ရာသီဥတုကောင်းသဖြင့် ထိုနေရာနှင့် အတော်ဝေးဝေးရောက်သည်အထိ သွားရောက်ကာ ဆေးပင်များ ရှာကြလေသည်။

၎င်းတို့ ရှာဖွေသောနေရာများမှာ အခြားဆေးပင်ရှာဖွေသူတို့ မရောက်ကြသေးသော နေရာဖြစ်ဟန်ရှိသည်။

ဆေးဖက်ဝင်အပင် အတော်များများကို ရရှိကြလေသည်။ သာမန်အနေနှင့် ရှာဖွေရန်၊ တွေ့ရှိရန် ခက်ခဲသော ဂမုန်းပင်များကိုပင် ရှာဖွေတွေ့ရှိကြသည်။

နေဝင်ချိန်နီးသောအခါ ကျောင်းတော်ကြီးရှိသော နေ





ရာဘက်မှ ဖားစည်တီးသံ၊ ခေါင်းလောင်းထိုးသံများ သဲ့သဲ့ကြားကြရသည်။

ထို့ကြောင့် ပြန်ခဲ့ကြလေသည်။

ထိုသို့ပြန်လာရင်းနှင့်ပင် ရမ်ပက ဒေါက်တာမင်းထင်ကျော်ကို မေးသည်။

"ညက ကိုမင်းထင်ကျော် ထူးခြားမှု တစ်ခုခုများ တွေ့သလား"

"ခင်ဗျား ဘယ်လိုသိတာလဲ"

"ကျွန်တော် တစ်ရေးနိုးလို့ ကြည့်လိုက်တော့ အိပ်ရာမှာ ခင်ဗျားကို မတွေ့ရဘူး၊ အဲ့ဒီအချိန်မှာ ခင်ဗျား အပြင်ရောက်နေပုံရတယ်"

"ဟုတ်တယ် အဲ့ဒီအချိန် ခင်ဗျားနိုးလာတော့ ဘာအသံတွေကြားသေးလဲ"

"ဟင်အင်း ကျွန်တော်တော့ ဘာမှမကြားရဘူး၊ ကျောင်းကြီးတစ်ကျောင်းလုံး တိတ်ဆိတ်နေတာပဲ. . ခင်ဗျား ဘာတွေကြားရလို့လဲ"

"သီချင်းသံလိုလို ကြားရလို့ ထကြည့်တာပါ။ ဘာမှတော့ မတွေ့ရပါဘူး"

"တကယ်လို့ ဒီည ထူးခြားတာတွေ့ရင် ကျွန်တော့်ကိုလည်း နှိုးပြီး အသိပေးပါဦး"

"ခင်ဗျားက အဲ့ဒီလို ဂမ္ဘီရဆန်တဲ့အကြောင်းအရာတွေကို စိတ်ဝင်စားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားတာပေါ့ဗျ ကျွန်တော်က ဝိညာဉ်လောက သားတွေအကြောင်းဆိုရင် ပိုပြီးစိတ်ဝင်စားသေးတယ်"

"ကောင်းပြီ ဒီလိုဆိုရင် ညမှာအခြေအနေတစ်ခုခုထူး ရင် ခင်ဗျားကို ပြောပြပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

သူတို့ပြန်ရောက်သောအချိန်မှာ မှောင်စပျိုးနေသောအ ချိန်ဖြစ်သည်။

အားလုံးမှာကျောင်းကြီးအတွင်းပိုင်းသို့ ဝင်ကြည့်လို သော်လည်း အချိန်မရှိတော့သည်ကတစ်ကြောင်း၊ တစ်နေ့လုံး ပင်ပန်းလာခဲ့ကြသည်ကတစ်ကြောင်းကြောင့် မဝင်ဖြစ်ကြတော့ ပေ. . ။

ထို့ကြောင့်ညစာစားသောက်ပြီး ကြသည့်နှင့်အိပ် ဝင်ကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စိတ်ထဲမှာတစ်ခု ရှိနေသဖြင့် တော်တော်နှင့် အိပ်မပျော်ပေ။

သူနှင့်ဘေးမှာ လာရောက်နေရာယူထားသော ရမ်ပ "ထူးရင် ကျွန်တော်ကိုနှိုးပါ" ဟု မှာကြားထားပြီးနောက် နှစ် ခြိုက်ခြိုက် အိပ်ပျော်နေလေပြီ။

ညဉ့်နက်ပိုင်းရောက်သည်အထိ မည်သည့်အသံ ကြားရတော့သဖြင့် သူလည်း အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ တစ်စုံတစ်ယောက်က လာနှိုးသဖြင့် ဖျတ်ခနဲ လန့်နိုးလာ





သည်။

မျက်စိဖွင့်ကြည့်လိုက်တော့ သူ့နံဘေးမှ ထသွားသော ပုံရိပ်တစ်ခုကို မသဲမကွဲ မြင်လိုက်ရသည်။

"ဟင်. . ."

တအံ့တဩဖြစ်ပြီးနေရာမှ ထကြည့်လိုက်တော့ အခန်း အပြင်ဘက်သို့ ပြန်ထွက်သွားသော ပုဝါစကိုသာ တွေ့လိုက်ရ သည်။ ထို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ နေရာမှ ထကာတံခါးပေါက်ဝသို့ ထွက်ကြည့်လေသည်။

နံဘေးမှာအိပ်နေသော ရမ်ပကိုပင် သတိမရတော့ပေ။ သူတို့အိပ်စဉ်က အပြင်မှလေဝင်သက်သာစေရန် တံခါးနှစ်ချပ် ကို စေ့ထားရာယခုတော့ တံခါးမှာဖွင့်နေချေပြီ။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှထွက်ကြည့် သောအခါ အမှောင်ရိပ်သမ်းနေသော အတွင်းဘက်သို့လျှောက် သွားသော ဖြူဖြူသဏ္ဌာန်ကို လှမ်းမြင်ရလေသည်။

ထိုသဏ္ဌာန်မှာ အဖြူရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထား သော အမျိုးသမီးတစ်ယောက်ပုံသဏ္ဌာန်ဖြစ်ပြီး မဝေးလှပေ. . ။

ထို့ကြောင့်အပြင်ဘက်သို့ ထွက်လိုက်သွားလေသည်၊ ထိုအမျိုးသမီးက သူလိုက်လာမှန်းသိသောအခါ နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်ပြီးနောက် အခန်းထောင့်တစ်နေရာသို့ ချိုး ကွေ့ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ခြေလှမ်းခတ်သွက် သွက်ဖြင့် လိုက်သွားရာ အခန်းထောင့်ရောက်သောအခါဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပေ . . ။

အခန်းမှာ အတော်ကျယ်ဝန်းသည်။

ကျောက်တိုင်ကြီးများ၊ ကျောက်သားနံရံများ၊ တံခါး ပေါက်များသာ တွေ့ရပြီး အခြားတော့ ထွေထွေထူးထူး ဘာမှ မတွေ့ရပေ။

သို့စေကာမူ ထူးထူးခြားခြား အလင်းရောင်များတော့ ရှိနေလေသည်။

မထူးတော့ပြီမို့ ဒေါက်တာမင်းထင်ကျော်က ရှေ့သို့တိုး လိုက်သည်။

သူတို့ရောက်နေသော ကျောင်းကြီးမှာ အပြင်ဘက်မှာ သာ ကျောင်းနှင့်တူသော်လည်း အတွင်းပိုင်းမှာတော့ မဆုံးနိုင် အောင်ကျယ်သော အဆောက်အဦးဟောင်းကြီးတစ်ခုနှင့် ပုံ သဏ္ဍာန် တူလှပေသည်။

ကျောက်နံရံများ၊ ကျောက်တိုင်လုံးကြီးများမှာ သဘာဝ အတိုင်း ဖြစ်နေခြင်းမျိုးမဟုတ်ဘဲ ရှေးနှစ်ပေါင်းများစွာကတည် က စနစ်တကျ တည်ဆောက်ခဲ့သော အဆောက်အဦးဟောင် ကြီးတစ်ခုနှင့် များစွာတူလှပေသည်။

ထူးခြားသောအချက်က အတွင်းပိုင်း ရောက်လာလေ လေ မှောင်လာလေလေ ဖြစ်သော်လည်း . . အရာဝတ္ထုများကို ကောင်းစွာမြင်နိုင်သည့် အလင်းရောင်မျိုး ရှိနေခြင်းပင် . . ။

တဖြည်းဖြည်းနှင့် ရှေ့သို့ဝင်ကြည့်ရာ အခန်းကျယ်ကြီး တစ်ခုသို့ ရောက်သွားလေသည်။ ထိုအခန်းကျယ်ကြီးရောက်





တော့မှ နောက်ထပ်အံ့ဩဖွယ်ရာများကို ထပ်မံတွေ့ရသည်။

လေးဖက်လေးတန်ရှိ ကျောက်သားနံရံများပေါ်မှာ ေရးဆွဲထားသော ပန်းချီကားကြီးများကို တွေ့ရသည်။

နံရံဆေးဖြင့် ပန်းချီဆွဲထားခြင်းဖြစ်ပြီး ကျောက်နံရံဖြင့် အပြည့်ရှိနေသည်။

ရေးဆွဲထားသော လက်ရာကတော့ ပုဂံခေတ်နံရံဆေး န်းချီလက်ရာမျိုးနှင့် ခတ်ဆင်ဆင်တူသော ရှေးဟောင်းပန်းချီ က်ရာမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုပန်းချီကားများကို စ်ခုပြီးတစ်ခု၊ တစ်နေရာပြီးတစ်နေရာ လိုက်ကြည့်လေသည်။ ချိန်အတော်ကြာအောင် ကြည့်တော့မှ ရေးဆွဲထားသော န်းချီကားချပ်ကြီးများ အဓိပ္ပါယ်ကို သဘောပေါက်လေတော့ ည်။

အခြားမဟုတ်ပေ . . ။

ငရဲကြီးရှစ်ထပ်၌ ကျခံနေကြသူများကို ပန်းချီပုံဖြင့် ေးဆွဲထားခြင်းဖြစ်၏။

ငရဲကြီးရှစ်ထပ်မှာ တရားစောင့်သော သူတော်ကောင်း း ရဟန်းသံဃာတို့ကို နှိပ်စက်ညှင်းပန်းခြင်းပြုသူတို့ ကျခံရ သော သိဉ္ဇိုမ်းငရဲ။

ဒုတိယငရဲကတော့ ရဟန္တာသူတော်စင်တို့ကို သွေးစိမ်း က်အောင် နှိပ်စက်ညှင်းပန်းသူတို့ကို ခံရသော ကာလသုတ် ရဲ



www.burmeseclassic.com

www.burmeseclassic.com



တတိယငရဲဘုံမှာ သူတစ်ပါးအသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ညှင်းဆဲသူတို့ ကျခံရသော သင်္ဃာတငရဲ။

စတုတ္ထငရဲဘုံမှာ မကောင်းမှုဒုစရိုက်လုပ်ငန်းလုပ်ပြီး သူတစ်ပါးတို့ကို ညှင်းပန်းနှိပ်စက်သူတို့ ကျခံရသော ရောရုဝငရဲ။

ပဉ္စမငရဲမှာ အကျင့်သီလ၊ သမာဓိ၊ ပညာ စသည်တို့နှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်သူမြတ်တွေကို မထေမဲ့မြင် ပြောဆိုစွပ်စွဲပြီး မကောင်းမှုကံ ပြုသူတွေ ကျခံရတဲ့ မဟာရောရုဝငရဲ။

ဆဋ္ဌမငရဲကတော့ လာဘ်ပေးလာဘ်ယူမှုတွေ၊ အဂတိလိုက်စားမှုတွေ ပြုသူတွေ၊ မိမိလင်ယောကျ်ားကို မထေမဲ့မြင်ပြုပြီး ကွယ်ရာမှာ ဖောက်ပြားတဲ့မိန်းမတွေ ကျခံကြရတဲ့ တာပနငရဲ။

သတ္တမငရဲဘုံကတော့ မိမိလင်သား၊ မိမိသားသမီး သားမယားတွေအပေါ် နှိပ်စက်ညှင်းပန်းသူတွေ၊ ကွယ်ရာမှာ ဖောက်ပြားသူတွေ ကျခံရတဲ့ မဟာတာပနငရဲ။

အဋ္ဌမငရဲက အောက်ဆုံးမှာရှိတဲ့ မဟာအဝီစိ ငရဲဖြစ်သည်။

ထိုငရဲဘုံမှာ ကျခံသူတွေကတော့ အမိအဘတို့ကို နှိပ်စက်ညှင်းပန်းသူ၊ သတ်ဖြတ်သောသူ၊ ရဟန္တာသတ်သောသူ၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုလုပ်သူ၊ သံဃာတော်တွေကို သင်းကွဲအောင် သင်းခွဲသူနှင့် ပဉ္စာနန္တရိယကံ ကျူးလွန်သူတွေ ကျခံရတဲ့ ငရဲဖြစ်ပါသည်။





ထိုကဲ့သို့ ငရဲကြီးရှစ်ထပ်အပြင် အခြားကျခံရသော ငရဲငယ်များလည်း ရှိပေသေးရာ နံရံပေါ်တွင် သူနေရာနှင့်သူ အမှတ်ခြားပြီး ရေးဆွဲထားလေသည်။

ထိုငရဲငယ်များတွင် မိခင်ဖခင် နှိပ်စက်သတ်ဖြတ်သူ၊ မဟုတ်မမှန်လိမ်ညာပြောသူတို့ ကျခံရသည့် ဘင်ပုတ်ငရဲ၊ အကျင့်သီလနှင့် ပြည့်စုံသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့အား ပြစ်မှားစော်ကားသဖြင့် ကျခံရသော ပြာပူငရဲ . . ။

လင်ကြီးရှိပါလျက် အခြားယောကျ်ားဖြင့် ဖောက်ပြန်သောမိန်းမ၊ မိန်းမရှိပါလျက် အခြားမိန်းမတစ်ယောက်နှင့် ဖောက်ပြန်ကျူးလွန်သူ (ကာမေသုမိစ္ဆာကံ) ကျခံရသည့် လက်ပံတောငရဲ။

မဟုတ်မမှန်သောစကား၊ ကုံးချောကုံးတိုက်စကား၊ ကြမ်းတမ်းသောစကား၊ လိမ်လည်သောစကား (မုသာဝါဒကံ) ပြောဆိုသူတို့ ကျခံရသော သံလျက်တောငရဲ။

လက်နက်အားကိုးဖြင့် နှိပ်စက်သူများ၊ ရာထူးဩဇာအာဏာဖြင့် အပြစ်မဲ့သူတို့ကို နှိပ်စက်သူများ၊ သူတစ်ပါး အသက်သတ်ဖြတ်ရောင်းချပြီး အသက်မွေးသူ (ပါဏာတိပါတာကံ)တို့ ကျခံရသော ကြိမ်ပိုက်ချောင်း ငရဲ။

ရရှိသော ဥစ္စာတို့အား လှူဒါန်းပေးကမ်းမှုမရှိဘဲ၊ အခြား လှူဒါန်းပေးကမ်းမှုများကို ပြစ်တင်ကဲ့ရဲ့သူများ၊ သူတော်ကောင်းတို့အား မလှူမတန်းသည့်အပြင် ပြုစုစောင်းမြှောင်း ပြောဆိုသူတို့ ကျခံရသော ခွေးစားငရဲ။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးကောင်းသားသမီးများ၊ သီလရှိသူတို့ကို ဖျက်ဆီးသူများ၊ မိဘအစရှိသော ကျေးဇူးရှိသူတို့ကို ပြစ်မှားစော်ကားသူတို့ကျခံရာ မီးလျှံငရဲ။

ရဟန်းသံဃာနှင့် သီလရှိသူတို့ကို ပြစ်မှားစော်ကားပြီး သတ်ဖြတ်ရန် အားထုတ်သူတို့ကျခံရာ ကြေးနီအိုးငရဲ။

သူတစ်ပါးအသက်ကိုသက်ခြင်း၊ ထိုကဲ့သို့သတ်ရန် စေခိုင်းခြင်း၊ သတ်ဖြတ်ရန် လက်နက်ကိရိယာများ ပြုလုပ်ရောင်းချပြီး အသက်မွေးသူတို့ ကျခံရာ သံရည်ပူငရဲ။

အလှူပြုလုပ်မည်ဟု ပြောဆိုလိမ်လည်သဖြင့် အခြားသူများက စေတနာဖြူစင်စွာဖြင့် လှူဒါန်းသော ဥစ္စာပစ္စည်းများကို မိမိတို့ကိုယ်ကျိုးအတွက် သုံးစွဲသူတို့ကျခံရာ မီးကျီးငရဲ

ရောင်းချသော ပစ္စည်းများကို မမှန်မကန်ပြုလုပ်၍ ရောင်းချခြင်း အလေး၊ တင်းတောင်း၊ ချိန်ခွင် မမှန်မကန်ပြုလုပ်၍ ပစ္စည်းရောင်းချသူတို့ ကျခံရာ ဖွဲမီးမြစ်ငရဲ။

လူ့ဘဝက လက်နက်အားကိုး၊ အာဏာအားကိုးဖြင့် အခြားသူတို့ ဥစ္စာပစ္စည်းတို့ကို လုယက်တိုက်ခိုက်ယူခြင်း၊ အနိုင်သိမ်းယူသူတို့ကျခံရာ မြားလှံငရဲ။

ကြက်၊ ဝက်၊ နွား၊ ငါးစသော သတ္တဝါတို့ကို ဖမ်းဆီးသတ်ဖြတ်ရောင်းချခြင်းဖြင့် အသက်မွေးသူတို့ ကျခံရသော သားတစ်ငရဲ။

အဆွေခင်ပွန်းကို မကောင်းကြံခြင်း၊ ကျေးဇူးပြုခဲ့သူကို ပစ်မှားခြင်း၊ ကျေးဇူးရှိသူကို ပျက်စီးအောင် ကြံစည်သူ





ကျခံရသော မစင်တွင်းငရဲ။

လူ့ဘဝက မိဘ၊ ရဟန်း၊ သံဃာတို့ကို ရိုက်ပုတ်နှိပ်စက်ပြီး သတ်ဖြတ်သူ၊ သတ်ဖြတ်ရန် ကြံစည်သူတို့ ကျခံရာ သွေးပြည်အိုင်ငရဲ။

မမှန်ကန်သောစကားဖြင့် အခြားသူထံ စီးပွားဥစ္စာရရှိအောင်၊ အခြားသူတို့ စီးပွားဥစ္စာပျက်ပြားအောင် ကြံစည်သူတို့ကျခံရာ သံမြားကောက်ငရဲ။

ကာမပိုင်လင်နှင့် မယားရှိပါလျက်. . ကွယ်ရာတွင် ဖောက်ပြန်သူတို့ကျခံရာ သံတောင်ကြိတ်ငရဲ။

မကောင်းသောအကျင့်ဖြင့် အသက်မွေးသူ၊ ဖောက်ပြန်သူတို့ကျခံရာ ဦးစောက်ကျငရဲ။

ကခြင်းသီခြင်း စသောအလုပ်ဖြင့် အသက်မွေးသူတို့ကျခံရာ ပဟာသငရဲ ဟူ၍လည်း ရှိပေသည်။

အထက်ဖော်ပြပါ ငရဲငယ်များမှာ ငရဲကြီးရှစ်ထပ်တွင် ကျခံရသော အစိပ်အပိုင်းအချို့သာဖြစ်ပေသည်။

(ထိုအကြောင်းများကို ပြည့်စုံစွာသိလိုပါက ငရဲနှင့်ပတ်သက်သော သက်ဆိုင်ရာစာအုပ်များကို ရှာဖွေဖတ်ရှုကြခြင်းဖြင့် အသိတရားရခြင်း၊ ဆင်ခြင်တုံတရား၊ နောင်တ တရားတို့ ရရှိစေနိုင်ပါကြောင်း)။

ကျောင်းတော်ကြီးမှာ အတော်ကျယ်ဝန်းလှသည်။ ထို့အတူ နံရံကြီးများကလည်း မြင့်သည်။

ပန်းချီကားများကို ထိုနံရံများပြည့်နေလောက်အောင်

www.burmeseclassic.com



ရေးဆွဲထားသည်။

သို့သော်လည်း သူ့နေရာနှင့်သူတော့ ခွဲခြားထားသည်။ ငရဲကြီးရှစ်ထပ်ပန်းချီကားများ အထက်တွင် ပြိတ္တာဘုံဘဝတို့ အကြောင်းကို တစ်ခုချင်း ရေးထားပြန်လေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာ တဖြည်းဖြည်း သဘောပေါက်လာလေတော့သည်။

နံရံမှာ ရေးဆွဲထားသော ပန်းချီကားများမှာ အခြား မဟုတ်ပေ။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် စသော အပါယ် လေးဘုံကို တစ်ခုချင်းရေးဆွဲပြထားခြင်းဖြစ်သည်။

ဘုရားတန်ဆောင်းများ ကျောင်းများတွင် နတ်ပြည် ခြောက်ထပ်၊ ငရဲကြီးရှစ်ထပ် စသည်တို့ကို ပန်းချီကားများ ရေး ဆွဲကာ ချိတ်ဆွဲထားသော ပုံမျိုးဖြစ်သည်။

တစ်ခုထူးခြားတာက ယခုတွေ့မြင်ရသော ပန်းချီလက် ရာများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး တမျှော်တခေါ်ကြီး ရေး ဆွဲထားခြင်းဖြစ်ပေသည်။

တစ်ခုထူးခြားသည်က ပြိတ္တာဘုံများအကြောင်း ရေး ထားရာတွင် တန်ခိုးကြီးသော မဟိဒ္ဓိကပြိတ္တာများနှင့် နတ် နတ်နန်းများနှင့်နေရသော ဝေမာနိက ပြိတ္တာများအကြောင်း တော့ သီးခြားရေးဆွဲထားလေသည်။

အသုရကာယ်ဘုံ ဘဝရောက်နေကြရစေကာမူ . . ပြိတ္တာဘုံရောက်နေသူတို့မှာ နေ့အချိန်တွင် နတ်ဘုံနတ်နန်းမျ





ဖြင့် နေကြရပြီး ညအချိန်ရောက်တော့မှ ဝဋ်ကြွေးရှိသမျှ ခံကြရ လေသည်။

နေ့စံညခံ၊ ဒါမှမဟုတ် ညစံနေ့စံ အဘာမျိုးဖြင့် နေကြရ သည်။

တစ်ခါက ဗာရာဏသီမင်းသည် ပြိတ္တာမတို့ မျှောချ သော ဗန္ဓသရက်သီးကို စားမိရာ အရသာရှိလှသဖြင့် ထပ်မံစား သောက်လိုသဖြင့် လိုက်လံရှာဖွေရင်း ချောမောလှပသော ပြိတ္တာ မနှင့် တွေ့ကာ နှစ်သက်သဖြင့် နှစ်ပေါင်းတစ်ရာကျော်ကြာ အောင် ထိုဘုံဗိမာန်တွင် နေထိုင်လေသည်။

နောက်မှ ညအချိန်ရောက်လျှင် ငရဲခွေးအစားခံနေရ သော ပြိတ္တာမမှန်းသိသဖြင့် မိမိနေရပ်သို့ ပြန်ခဲ့လေသည်။

နံရံမှာ ရေးဆွဲထားသော ပန်းချီကားများတွင် ထိုပန်းချီ ကားများမှာ အလှဆုံးဖြစ်လေသည်။

အမှန်တော့ ထိုအချိန်က ဒေါက်တာမင်းထင်ကျော်မှာ ထိုပန်းချီကားကို ကြည့်နေသော်လည်း ဝေမာနိက ပြိတ္တာဘုံအ ကြောင်းကို ရေးဆွဲထားသည်ဟု မထင်မိပေ။

နတ်ပြည်ခြောက်ထပ်မှာ နတ်သမီးများချည်း ရှိသော ဘုံကိုရေးဆွဲထားသည်ဟုပင် ထင်နေမိသည်။

အဘယ်ကြောင့်ဆိုသော် . . .

ထိုပန်းချီကားချပ်ထဲမှာ ရေးဆွဲထားသော အမျိုးသမီး လေးများမှာ ချောမောလှပပြီး အသက်ဝင်နေသကဲ့သို့ ရှိနေလေ သည်။



www.burmeseclassic.com

www.burmeseclassic.com




ကြည့်နေရင်းမှပင် မျက်တောင်ခတ်လာသလို၊ ပြုံးရယ်လာသလို ဖြစ်လာသည်ကို မြင်ရသဖြင့် ထိုနေရာတွင် ဆက်မနေတော့ပဲ အခန်းရှိရာသို့ ပြန်လာခဲ့လေသည်။

အတော်ဝေးဝေးရောက်သောအခါ နောက်ဘက်မှ ရယ်သံလိုလို မသဲမကွဲကြားရသော်လည်း လှည့်မကြည့်ဖြစ်တော့ပေ









## အခန်း(၆)

# နေနှင့်ညအချိန်လွဲမှားနေသောနေရာ

ထိုအကြောင်းများက ဒေါက်တာမင်းထင်ကျော် စိတ်ထဲအတွေးထဲသို့ အမြဲတစေ ဝင်ရောက်နေလေသည်။

သူ့စိတ်ထဲတွင် ပန်းချီကားထဲမှာ ရေးဆွဲထားသောမိန်းမပျိုလေးများမှာ ဝေမာနိက ပြိတ္တာဘုံသားများဖြစ်ပြီး အပြင်မှာလည်း အမှန်တကယ်ရှိနေသည်ဟု ထင်နေမိသည်။

သို့ကြောင့် သေခြာအောင် သိချင်နေသောကြောင့် ထို



www.burmeseclassic.com

www.burmeseclassic.com



နေရာ နောက်ထပ်တစ်ကြိမ် ဝင်ရောက်ကြည့်ရှုရန် စိတ်ကူး ထားလေသည်။

ထိုအကြောင်းများကိုတော့ အခြားသူများပင် မပြော တော့ဘဲ နောက်တစ်နေ့ညတွင် အခြားသူများ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသောအချိန်တွင် အိပ်ရာမှထကာ အပြင်ဘက် သို့ထွက်ခဲ့သည်။

အပြင်ဘက်ရောက်တော့ အတွင်းပိုင်းဘက်မှ သာယာ သောသီချင်းသံမျိုးကြားရသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ တစ် ယောက်တည်း အတွင်းဘက်သို့ ဝင်ခဲ့လေသည်။

သီချင်းသံကြားနေရသောဘက်မှာ ပန်းချီကားကြီးများ ရှိသော နေရာဘက်မှဖြစ်လေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်ပြီဖြစ်သောကြောင့် ကျောင်း တော်ကြီးအတွင်းမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ခတ်တိုးတိုး ကြားနေရသော သီချင်းသံမှလွဲပြီး အခြားဘာသံမှ မကြားရပေ။

တဖြည်းဖြည်းနှင့် ပန်းချီကားကြီးများအနီးသို့ ရောက် သောအခါ သီချင်းသံက ပိုကျယ်လာသည်။

မနေ့ညကလိုပင် ပန်းချီကားကြီးများ ရှေ့ရောက်သော အခါ တစ်ခုချင်းလိုက်ကြည့်နေပြန်သည်။

သူကြည့်နေသောနေရာမှာ မိန်းမချောကလေးများ ပျော်ရွှင်စွာကခုန်နေသော ပန်းချီကားပင်ဖြစ်သည်။ ထိုပန်းချီ ကားကို ကြည့်နေရင်း တစ်ခုခုထူးခြားနေသည်ဟု စိတ်ထဲ၌ ထင်





နေမိသည်။

အခြားတော့မဟုတ်ပေ။

ပန်းချီကားမှာ မနေ့ကကြည့်ခဲ့သည်နှင့် မတူပဲ အသွင် ပြောင်းနေသောကြောင့်ပင်။

"ငါ မနေ့ကကြည့်ခဲ့တုန်းက ဒီနေရာက ပန်းချီပုံတွေ က ဒီလိုမဟုတ်ပါဘူး၊ ငါပဲ အကြည့်မှားတာလား၊ စိတ်ထဲမှာ အမှတ်သညာ မှားနေတာလား၊

ဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ဒီနေရာကနေ ဒီပန်းချီကား ကို သေသေချာချာ ရပ်ကြည့်သွားတာပါပဲ၊ မနေ့ကမြင်ရတဲ့ အမျိုးသမီးပုံတွေက ဒီပုံမျိုးတွေ မဟုတ်ပါဘူး"

ဟုတစ်ယောက်တည်း ဖဝေဖဝါတွေးနေလေသည်။

ပန်းချီကားချင်း လဲချိတ်ထားရန်လည်း ကျောက်နံရံပေါ် မှာရေးဆွဲထားသောကြောင့် မဖြစ်နိုင်ပေ။

တစ်ခုတော့ရှိသည်။

ပန်းချီကားထဲမှာ မျက်နှာပေါ်နေသောအမျိုးသမီးက တော့ ဟန်အမူအရာမတူတော့သော်လည်း မျက်နှာကတော့ မနေ့ကမြင်ခဲ့ရသော မျက်နှာပင်ဖြစ်သည်၊ မမှားနိုင်ပေ။

ဥပမာဆိုရလျှင် နာမည်ကျော်ရုပ်ရှင်မင်းသမီးတစ် ယောက်ကို အဝတ်အစားအမျိုးမျိုး၊ ဟန်အမူအရာ အမျိုးမျိုးနှင့် ဓါတ်ပုံရိုက်ပြထားသော်လည်း ကြည့်သူက ထိုမင်းသမီးမျက်နှာ ကို တွေ့မြင်သည်နှင့် ချက်ချင်းသိနေသကဲ့သို့ပင်ဖြစ်သည်။

ယခုလည်း ပန်းချီကားထဲမှာ မြင်နေရသော အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာမှာ မနေ့ညက မျက်နှာပင်ဖြစ်ကြောင်း ကောင်းစွာသိနေလေသည်။

"ဒီပန်းချီကားထဲက ရုပ်တွေက ဘယ်လိုကြောင့် ပြောင်းသွားတာပါလိမ့်"

တစ်ယောက်တည်း ဇဝေဇဝါဖြင့် စဉ်းစားနေစဉ် ပန်းချီကားထဲမှ အမျိုးသမီးမျက်နှာက တဖြည်းဖြည်း ပြုံးလာလေသည်။

မျက်တောင်ခတ်လာပြီး သူ့ကိုကြည့်နေသည်။

ထိုအချိန်မှာ နောက်ဘက်မှ သီချင်းသံလိုလိုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ကျောက်တိုင်ကြီးတစ်တိုင် အနီး၌ ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။

အဖြူရောင်ဝတ်ရုံရှည်ကိုဝတ်ထားသော အမျိုးသမီးပင်ဖြစ်လေသည်။

ထိုနေရာမှာ အမှောင်ရိပ်သမ်းနေသော်လည်း . . ထိုအမျိုးသမီးမျက်နှာကို မှတ်မိလေသည်။

အခြားမဟုတ်ပေ။

အိပ်မက်ထဲ၌ တွေ့ခဲ့ရသော အမျိုးသမီးပင်ဖြစ်သည်။

ထိုအမျိုးသမီးကို လှမ်းမြင်တော့ ဒေါက်တာမင်းထင်ကျော်က သူမရှိရာသို့ လျှောက်သွားလေသည်။

ထိုအခါ မိန်းကလေးက ကြောက်လန့်တကြား ဖြစ်သွားသောအမူအရာဖြင့် တိုင်နောက်ကွယ်သို့ ဝင်ပြေးလေတော့သည်။





သို့ကြောင့် . . ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ နောက်မှ ခတ်သုတ်သုတ် လိုက်သွားလေသည်။

"မိစ္ဆာဆိုရင်တော့ ငါလိုက်လာမှန်းသိရင် ပျောက်သွားမှာပဲ၊ ဒီမိန်းကလေးက ဒီအတိုင်းဆက်ပြေးနေပုံထောက်တော့ ဝိညာဉ်တော့ မဟုတ်လောက်ဘူးထင်တယ်"

ဟုတွေးမိကာ ခြေလှမ်းခတ်သွက်သွက်ဖြင့် နောက်မှ ပြေးလိုက်သွားလေသည်။

သူက မြန်မြန်ပြေးလိုက်လာမှန်းသိသောအခါ ရှေ့မှ ပြေးနေသော မိန်းကလေးကလည်း တစ်နေရာပြီး တစ်နေရာ အခန်းဝင်တစ်ခန်းထွက်ဖြင့် ဆက်ပြေးသော်လည်း တဖြည်းဖြည်းနှင့် နီးလာလေသည်။

ဒေါက်တာမင်းထင်ကျော် ဂရုမထားမိသော အချက်မှာ အချိန်အတော်ကြာအောင် လိုက်လာသော်လည်း အတွင်းပိုင်းမှာသည်း ကျောက်သားနံရံများဖြင့် ပြုလုပ်ထားသော အဆောက်အဦးဟောင်းများ နေရာအနှံ့တွင် ရှိနေခြင်းပင်ဖြစ်၏။

ရှေ့မှသွားနေသော မိန်းကလေးက ထိုအခန်းများမှဖြတ်တာ တစ်နေရာပြီးတစ်နေရာ ဆက်ပြေးနေခြင်းဖြစ်သည်။

ခဏကြာတော့ အောက်ဘက်သို့ ဆင်းသွားသော ကျောက်လှေခါးထစ်များရှိရာ ရောက်သွားပြီး မိန်းကလေးက လှေခါးထစ်များအတိုင်း အောက်သို့ဆင်းသွားလေရာ မထူးတော့ပြီမို့ နောက်မှဆင်းလိုက်သွားလေသည်။

ကျောက်လှေခါးများဆုံးသောအခါ အခန်းကျယ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပဲ သဘာဝအတိုင်း ဖြစ်နေသော ကျောက်ဂူကြီး တစ်ဂူအတွင်းသို့ ရောက်သွားလေသည်။

ထိုနေရာမှာ အလင်းရောင် သိပ်မရှိပေ။

သို့သော် အဖြူရောင်အဝတ်များကို ဝတ်ဆင်ထားသော ထိုမိန်းကလေး၏ ပုံသဏ္ဍာန်ကိုတော့ အတိုင်းသား တွေ့နေရလေသည်။

ဒေါက်တာမင်းထင်ကျော်က လှေခါးခြေရင်းရောက်တော့ ရပ်လိုက်သည်။

ဆက်ပြီးလိုက်သွားသင့် မသွားသင့်ကို စဉ်းစားနေသည်။ ထိုအခိုက်မှာပင် ရှေ့မှခတ်သုတ်သုတ် ပြေးသွားနေသော မိန်းကလေးမှာ တစ်စုံတစ်ခုနှင့် တိုက်မိကာ ပုံလျှက်သား လဲကျသွားလေတော့သည်။

"ဟင်. ."

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုနေရာသို့ လျှောက်သွားလေသည်။

သူအနားရောက်သွားသည့်တိုင် မိန်းကလေးက မထနိုင်ဘဲ မျက်ရည်ဝဲနေသောမျက်လုံးဖြင့် မော့ကြည့်နေသည်။

ထိုမိန်းကလေးမှာ အသက်(၂၀)ပတ်ဝန်းကျင်အရွယ်သာရှိသေးပြီး ချောမောလှပသူဖြစ်သည်။

"မင်းထနိုင်ရဲ့လား၊ ငါထူပေးရမလား"

ထိုသို့မေးလိုက်သောအခါ မျက်နှာကို ငုံ့ထားပြီး လက်တစ်ဘက်ကို ကမ်းပေးသဖြင့် ဆွဲထူပေးလိုက်သည်။





မတ်တပ်ရပ်လာသော်လည်း ကောင်းစွာမရပ်နိုင်သောကြောင့် ဒယိမ်းဒယိုင် ဖြစ်နေသဖြင့် ဒေါက်တာမင်းထင်ကျော်က အသာထိမ်းပေးထားရသည်။

"မင်းရပ်နိုင်ရဲ့လား"

ထိုသို့မေးတော့ ခေါင်းညိတ်ပြသည်။

သို့သော် ဒေါက်တာမင်းထင်ကျော်နှင့် နီးနီးကပ်ကပ်ရှိနေသောကြောင့် ရှက်ရွံ့နေဟန်တော့ရှိသည်။

"မင်းကဘာဖြစ်လို့ ဒီလောက်ပြေးနေရတာလဲ"

"ရှင်ကရော ဘာဖြစ်လို့ နောက်က ဒီလောက်လိုက်နေရတာလဲ"

ထိုသို့ပြန်ပြောတော့မှ သဘောပေါက်သွားပြီး တစ်ချက်ပြုံးလိုက်သည်။

"ငါ့ကို တစ်မျိုးမထင်ပါနဲ့ကွာ၊ မင်းကပြေးတော့ ငါလည်း သိချင်တာနဲ့ နောက်ကလိုက်ကြည့်တာပါ၊ ဒါထက် မင်းက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

"ကျွန်မနာမည်က ကေသရီလို့ခေါ်တယ်၊ ကျွန်မတို့က မိန်းမလှမြို့တော်မှာနေတယ်"

"ဟင်. ."

ထိုအခါမှ တအံ့တသြဖြင့် မိန်းကလေးမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

ကေသရီဆိုသော မိန်းကလေး၏မျက်နှာမှာ အိပ်မက်ထဲမှာတွေ့ခဲ့ရသော မိန်းကလေးမျက်နှာနှင့် အတော်ပင် တူလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မိန်းမလှမြို့တော်ဆိုတာ ဘယ်နေရာမှာရှိတာလဲ"

"ဟိုးဘက်မှာ"

မိန်းကလေးက တစ်နေရာဘက်သို့ လက်ညှိုးထိုးပြသော်လည်း အမှောင်ထုကိုသာ မြင်ရပြီးအခြားဘာမှတော့ မမြင်ရပေ။

"မင်းခြေထောက်က လမ်းလျှောက်နိုင်ပါ့မလား၊ ငါတွဲပြီးလိုက်ပို့ပေးရမလား"

သူမက ခေါင်းညိတ်ပြသဖြင့် သူမကိုတွဲပြီး လိုက်ပို့ပေးလေသည်။

ကေသရီဆိုသော မိန်းကလေးမှာ ထိုကဲ့သို့ သူ့ရင်ခွင်ထဲမှ မှီပြီးလိုက်ရသည်ကိုပင် အတော်ကလေးရှက်ရွံ့နေဟန်ရှိနေသည်။

အမှောင်ဖုံးနေသော ဂူပေါက်ထဲမှ တဖြည်းဖြည်းနှင့် လျှောက်သွားကြရာ နေရာအချို့ကို ကျော်ဖြတ်လာပြီး နောက်မှာတော့ အလင်းရောင်များ တိုးဝင်နေသော တံခါးပေါက်ဝတစ်ခုကို လှမ်းမြင်ရလေသည်။

တံခါးချပ်ကြီးများမှာ လှပသောပန်းနွယ်ပန်းခတ်တို့နှင့် တန်ဆာဆင်ထားသော ကျောက်တံခါးချပ်ကြီးများဖြစ်ပြီး ထိုအပေါက်များမှ အလင်းရောင်များ တိုးဝင်နေခြင်းဖြစ်သည်။

တိုးဝင်နေသော အလင်းရောင်တို့မှာ မီးရောင်မဟုတ်ပေ။ နေရောင်ခြည်လို အလင်းရောင်မျိုးဖြစ်သည်။





ထိုကြောင့်များစွာ အံ့ဩသွားပြီး လက်မှာပတ်ထားသောနာရီကို ကြည့်လိုက်သည်။

နာရီလက်တံများက ညအချိန်သန်းခေါင်ယံကျော်သောအချိန်သို့ ညွှန်ပြနေလေသည်။

တဖြည်းဖြည်းနှင့် လျှောက်သွားရာ အလင်းရောင်များတိုးဝင်နေသော တံခါးပေါက်အနီး ရောက်သောအခါ ကေသရီတရပ်လိုက်သည်။

"အခုလိုလိုက်ပို့ပေးတာ ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ဒီတံခါးချပ်ရဲ့ ဟိုဘက်မှာ ကျွန်မတို့နေတဲ့ နေရာရှိတယ်၊ ဒါပေမယ့် ရှင်လိုက်လို့တော့ မရတော့ဘူး"

"ဘာကြောင့်လဲ"

"ကျွန်မတို့နေတဲ့နေရာက ယောကျာ်းတွေဝင်လို့ မရဘူး၊ ဝင်မိရင်လည်း ပြန်ထွက်ခွင့် မပေးဘူး"

"ကိစ္စမရှိပါဘူး၊ ငါကြည့်ရုံပဲကြည့်ပြီး ပြန်မှာပါ"

"မဖြစ်ဘူးထင်တယ်၊ သူတို့မြင်သွားရင် ရှင်ကိုပြန်ခွင့်ပေးကြမှာ မဟုတ်ဘူး"

ထိုအချိန်မှာ မိန်းကလေးက တံခါးချပ်ကို အသာဆွဲဖွင့်လိုက်ရာ အပြင်မှ နေအလင်းရောင်များက ဂူထဲသို့တိုးဝင်လာကြလေသည်။

"ညအချိန်ကြီး နေထွက်နေပါလား၊ အံ့ဩစရာပဲ"

ကေသရီက အပြင်သို့ထွက်သွားရာ ဒေါက်တာမင်းဆင်ကျော်ကလည်း တွေတွေထူးထူးစဉ်းစားမနေတော့ပဲ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှခြေတစ်လှမ်းတိုးပြီး လိုက်ကြည့်သည်။

သူအပြင်သို့ရောက်သည်နှင့် နောက်ဘက်မှကျောက်တံခါးက သူ့အလိုအလျှောက် ပြန်ပိတ်သွားလေတော့သည်။ ထိုအခါ ကေသရီပင် အထိတ်တလန့် ဖြစ်သွားလေသည်။

"ရှင် ဘယ်လိုလုပ်လိုက်လာလိုက်တာလဲ . . အခုတော့ တံခါးပြန်ပိတ်သွားပြီး ရှင်ပြန်လို့မရတော့ဘူး၊ သူတို့မြင်သွားရင်တော့အခက်ပဲ . ."

ဟု စိတ်ပူစွာဖြင့် ရေရွတ်ပြောဆိုလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူမပြောနေသည်ကို အာရုံမစိုက်နိုင်ဘဲ နေရောင်ခြည်အောက်မှာ မျက်စိတဆုံးလှမ်းမြင်နေရသော ဝင်းလက်တောက်ပနေသော အဆောက်အဦးများကိုကြည့်ကာ များစွာအံ့သြနေတော့သည်။

"ဒီအချိန်ကြီးမှာ နေထွက်နေတာ အံ့သြစရာပဲ၊ ငါကမ္ဘာရဲ့ အနောက်ဘက်တစ်နေရာများ ရောက်နေရော့သလား"

ဟုတွေးကာ နာရီကို ထပ်ကြည့်လိုက်သည်။

ထိုအခါ နာရီလက်တံများက ရှေ့သို့မသွားတော့ဘဲ နောက်ပြန်လည်နေကြလေသည်။

"ရှင်ဒီအတိုင်းနေလို့မဖြစ်ဘူး၊ ကျွန်မနဲ့သာလိုက်ခဲ့တော့ ရှင့်ကိုတစ်နေရာမှာ ဝှက်ထားပေးမယ်"

"ငါဘယ်လိုနေရာ ရောက်နေတာလဲ"

"ဒါ ကျွန်မတို့နေတဲ့ မိန်းမလှမြို့တော်ပဲ ဒီမှာ ယောက်ျားမရှိဘူး အချိန်မရှိဘူး၊ ကျွန်မနောက်ကသာ ကွယ်ပြီးလိုက်ခဲ့တော့"





ဟုပြောကာ ဒေါက်တာမင်းထင်ကျော်က သူမ၏ အဖြူရောင်ဝတ်ရုံရှည်ကြီးကြားမှာထားပြီး ကွယ်ဝှက်ကာ ခေါ်သွားလေတော့သည်။

နောက်မှ သတိထားမိသည်မှာ စောစောက မထောက်နိုင်သော ကေသရီခြေထောက်မှာ အကောင်းပကတိအတိုင်း ပြန်ဖြစ်နေပြန်သည်။

အဆောက်အဦးများရှိသောနေရာမှာ နံဘေးပတ်ဝန်းကျင်ကို လှမ်းမမြင်ရသော်လည်း အတော်ကျယ်ဝန်းဟန်ရှိသည်။

တိမ်တိုက်များကြားမှာ ရှိနေသကဲ့သို့ အခြားနေရာများကို မမြင်ရဘဲ မြူနှင်းများကသာ ဝေ့ဆိုင်းလျှက်ရှိသည်။ ဒေါက်တာမင်းထင်ကျော်က ကေသရီဆိုသော မိန်းကလေး ဝတ်ဆင်ထားသော ဝတ်ရုံရှည်ကြီးဖြင့် ကွယ်ကာလိုက်သွားရင်း အခြေအနေကြည့်သော်လည်း အဆောက်အဦးများသာရှိနေပြီး အခြားတစ်စုံတစ်ယောက်မှ မတွေ့ရပေ။

ကေသရီက လမ်းကြောင်းများအတိုင်းမသွားဘဲ အဆောက်အဦးတစ်ခု နံဘေးမှ သွားလေရာ တစ်နေရာရောက်တော့ ခက်ရင်းခွကဲ့သို့ လှံချွန်ကြီးများကိုင်ထားသော လူမည်းကြီး နှစ်ယောက်ထွက်လာသည်။

လူနှင့်ပုံပန်းသဏ္ဌာန်တူသော်လည်း လူတော့မဟုတ်သေး ကြောက်စရာကောင်းသော ပုံသဏ္ဌာန်ရှိသော မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးကြီးများပင်ဖြစ်သည်။

"ရှင် ကျွန်မဝတ်ရုံထဲဝင်ပြီး ငြိမ်ငြိမ်လေးသာနေပါ"

ထိုနှစ်ယောက်က သူတို့ရှိရာဘက်သို့ လျှောက်လာကြ ပြီး တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေကြဟန်ရှိသည်။

ကေသရီနှင့် မနီးမဝေးရောက်တော့ နှစ်ယောက်စလုံး ရပ်လိုက်ကြသည်။

"နင်တို့ဘာရှာနေတာလဲ"

"ဒီနေရာကို လူတစ်ယောက်ရောက်လာတယ်ထင်လို့ လိုက်ရှာနေကြတာပါ"

"ဒီနေရာမှာ မရှိဘူး၊ တခြားနေရာသွားရှာကြ"

"ကောင်းပါပြီ"

လူမည်းကြီးနှစ်ယောက်က ကေသရီကို အရိုအသေပေး ပြီးနောက် ထိုနေရာမှ ထွက်သွားကြလေတော့သည်။

ထိုအခါမှ သက်ပြင်းချနိုင်ပြီး ထိုနေရာမှ ဆက်သွားရာ အပြင်ဘက်တွင် ရွှေသားအရောင်များ တဝင်းဝင်းတောက် နေပြီး အတွင်းဘက်တွင် ကျောက်သားဖြင့် ပြုလုပ်ထားသော အဆောက်အဦးကြီးတစ်ခုအတွင်းသို့ ရောက်သွားကြလေသည်။

ထိုအဆောက်အဦးကြီး အတွင်းမှာလည်း တံခါးပိတ် ထားသောအခန်းများစွာ ရှိနေသော်လည်း လူတစ်ယောက် တော့ မတွေ့ရပေ။

ကေသရီက သူ့ကိုအစွန်ဘက်၌ရှိသော အခန်းတစ်ခန်း အတွင်းသို့ ခေါ်သွားပြီး တံခါးပြန်စေ့ထားလိုက်သည်။





"မကြာခင် သူတို့ပြန်ရောက်လာကြလိမ့်မယ်၊ အသံတွေ ကြားရရင်လည်း ရှင်အပြင်မထွက်ဘဲ ဒီနေရာမှာဘဲ အိပ်နေဝါ၊ ဒီအခန်းထဲမှာ ရေနဲ့အစားအသောက်တွေလည်းရှိတယ် သူတို့ ရှိတော့မှ ကျွန်မပြန်လာခဲ့မယ်"

"မင်းက ဘယ်သွားမှာလဲ"

"ကျွန်မနေရာ ကျွန်မပြန်ရဦးမယ်"

"သူတို့ဆိုတာ ဘယ်သူတွေလည်းဟင်"

"မိန်းကလေးတွေချည်းပါပဲ၊ ဒါပေမယ့် သူတို့မြင်သွား လို့တော့မဖြစ်ဘူး၊ တကယ်လို့ သူတို့မြင်သွားရင် ရှင်အသက် သေလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်၊

"တကယ်လို့ ဒီအထဲကို ငရဲခွေးကြီးတွေ ဝင်လာရင် တော့ ဟိုစားပွဲပေါ်မှာ တင်ထားတဲ့ နံ့သာရေခွက်ကို ရှင်ကိုယ် ပေါ်လောင်းချပြီးတော့ ဟိုကုတင်အောက်မှာ ဝင်ပုန်းနေပါ"

ဟုပြောဆိုမှာကြားကာ ကေသရီဆိုသော အမျိုးသမီး က အပြင်သို့ထွက်ကာ တံခါးကို အပြင်ဘက်မှ ပြန်ပိတ်သွား လေသည်။

ထိုအခါမှာ ဒေါက်တာမင်းထင်ကျော်မှာ ပြင်ဆင်ထား သော ကျောက်ကုတင်ပေါ်သို့ ထိုင်ချလိုက်ရင်း စဉ်းစားနေမိ သည်။

"ငါဘယ်နေရာ ရောက်နေတာလဲ. . ငါနဲ့တွေ့နေတဲ့ ကေသရီဆိုတဲ့ မိန်းကလေးကရော လူမှဟုတ်ရဲ့လား၊ ငါ့ထလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျောင်းထဲမှာ ညသန်းခေါင်ယံအချိန်ပဲ ရှိသေးတယ်၊ ဒီနေရာမှာက နေရောင်ခြည်ရှိနေတဲ့အချိန် ဖြစ်နေတယ်၊ တကယ်လို့ ဒီနေရာမှာ မှောင်သွားရင်တော့ ဟိုနေရာမှာ မိုးလင်းတဲ့အချိန် ပြန်ရောက်နေလောက်ပြီ”

ဟုတွေးမိလေသည်။

ထို့နောက်မှာတော့ အိပ်ချင်လာသဖြင့် ခုတင်ပေါ်တက်ပြီးအိပ်ရာ မကြာခင် အိပ်ပျော်သွားလေတော့သည်။







## အခန်း(၇)

# ဝဋ်ကြွေးကံကြွေးပေးဆပ်ရသူများ

ဘုရားခန်းဘက်ဆီမှ ခေါင်းလောင်းထိုးသံ၊ ဖားစည်တီးသံများကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေကြသည့် သန်းကောင်းတို့ နိုးလာကြသည်၊

သူတို့နိုးလာသောအခါ ဒေါက်တာမင်းထင်ကျော်ကို တွေ့ကြရတော့ပေ။

ပထမတော့ ကိုယ်လက်သန့်စင်ရန် ထွက်သွားသလား



www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မိကြသော်လည်း အချိန်အတော်ကြာသည်အထိ ရောက်မလာတော့မှ မဟုတ်မှန်းသိကြရသည်။

"သူဘယ်ရောက်သွားပြီလဲ"

"တစ်နေရာ သွားနေတာများလား"

"ညကတည်းက ထသွားတာဖြစ်မယ်၊ ဘယ်နေရာ သွားတာလဲ"

"မနေ့ညကတော့ ကျောင်းကြီးထဲက ပန်းချီကားတွေ သွားကြည့်နေတာပဲ၊ အဲဒီနေရာများ သွားနေတာများလား"

"မဖြစ်နိုင်ဘူး၊ အဲဒီနေရာသွားနေရင် ဒီအချိန်လောက်ရှိရင် ပြန်လာရမှာပေါ့။ တစ်ခုခုများ ဖြစ်နေရော့သလား၊ ကျောင်းကြီးအတွင်းဘက် ဝင်ကြည့်ကြရအောင်"

ဟုအချင်းချင်းပြောဆိုတိုင်ပင်ပြီးနောက် လေးယောက်သား ကျောင်းကြီးအတွင်းဘက်သို့ လိုက်ကြည့်ကြလေသည်။ သူတို့သည် ပန်းချီကားချပ်များ ရေးဆွဲထားသောနေရာသို့ ရောက်ကြသောအခါ များစွာအံ့ဩသွားကြလေသည်။

ထိုပန်းချီကားများ ရေးဆွဲထားသောနေရာသို့ ဒေါက်တာမင်းထင်ကျော်တစ်ယောက်သာ တစ်ခေါက်ရောက်ခဲ့ဖူးပြီး ကျန်လေးယောက်က ယခုမှ တွေ့မြင်ကြရခြင်းဖြစ်သည်။

"နံရံဆေးရေးပန်းချီပုံတွေပါလား"

"ဟုတ်ပါရဲ့ လက်ရာတွေကတော့ ရှေးခေတ်က လက်ရာမျိုးတွေပဲ၊ ဘယ်အချိန်လောက်ကတည်းက ရေးထားတာလည်း မပြောတတ်ဘူး"





"ဒီဘက်ကပုံတွေက ငရဲဘုံတွေ ရေးထားတာ မဟုတ်လား၊ ဒီဘက်က အမျိုးသမီးပုံတွေကတော့ နတ်ပြည်က နတ်သမီးပုံတွေများလား"

ကျန်သုံးယောက်က တစ်ယောက်တစ်မျိုးပြောဆိုနေစဉ် ဦးဇန်ကောင်းကတော့ ရေးဆွဲထားသောပုံများကို သေသေချာချာကြည့်ကာ လေးလေးနက်နက် စဉ်းစားနေသည်။

"မင်းတို့သုံးယောက်ပြောတာတွေ မဖြစ်နိုင်ဘူး၊ ဟိုဘက်မှာဆွဲထားတာ ငရဲကြီးရှစ်ထပ်နဲ့ ငရဲငယ်ကလေးတွေ အကြောင်းဆိုတာကတော့ မှန်ပါတယ်"

"ဒီဘက်က နတ်သမီးတွေ မဟုတ်လား"

"မဟုတ်ပါဘူး၊ နတ်ဘုံတွေအကြောင်းရေးရင် နတ်သားပုံ ပါရမှာပေါ့၊ အခု တစ်ယောက်မှမပါဘူး"

"ဒါဖြင့် လူ့ဘုံကို ရေးထားတာဖြစ်မှာပေါ့"

"လူ့ဘုံဆိုရင် ဒီလိုအဝတ်အစားမျိုးနဲ့ ရေးပါ့မလား"

"ဆရာကြီးစကားလည်း နှစ်မျိုးတည်းနဲ့ ရှုပ်နေတော့တာပဲ. . ငရဲဘုံလည်းမဟုတ်၊ နတ်ဘုံလည်းမဟုတ်၊ လူ့ဘုံလည်းမဟုတ်ရင် ဘာကျန်သေးလို့လဲ"

"အသုရကာယ်ဘုံ ကျန်သေးတယ်လေ"

"အသုရကာယ်ဘုံ ဟုတ်လား"

ဦးဇန်ကောင်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဟုတ်တယ် အသုရကာယ်ဘုံဆိုတာ ငရဲဘုံနဲ့ လူ့ဘုံကြားမှာရှိတဲ့ ပြိတ္တာဘုံပဲ၊ သူက လူ့ဘုံလည်း လာရတယ် ငရဲဘုံ



www.burmeseclassic.com

www.burmeseclassic.com



လည်းသွားရတယ်”

“အသုရကာယ်ဆိုတာ ဘယ်လိုအတန်းအစားမျိုးလည်း ဆရာကြီး”

“အသုရကာယ်ဘုံဆိုတာ ဝေမာနိက ပြိတ္တာဘုံပါပဲ၊ သူတို့က လူလောကနဲ့ တဆက်တစပ်တည်းရှိပြီး လူလိုလည်း နေနိုင်တယ်၊ နတ်ဘုံနတ်နန်းမျိုးနဲ့လည်း ဖန်ဆင်းပြီး နေနိုင်တယ်၊ ဒါပေမယ့် အဲ့ဒီဘုံမှာတော့ ယောကျာ်းတွေ မရှိဘူး၊ မိန်းမတွေ ချည်းပဲနေကြရတယ်”

“ကျမ်းစာတွေထဲမှာတော့ ဒီလိုဘုံမျိုးတွေရောက်ခဲ့ကြတဲ့အကြောင်းတွေ ဖတ်ဖူးပါတယ်၊ ဗာရာဏသီမင်းဆိုရင် ပြိတ္တာမကို နတ်သမီးထင်ပြီး နှစ်ပေါင်းတစ်ရာကျော်ကြာအောင် ပေါင်းသင်းနေခဲ့တာပဲ၊ နောက်မှ အကြောင်းမှန်သိပြီး ပြန်ပြေးခဲ့ရတာ မဟုတ်လား”

“ဟုတ်တယ် အဲ့ဒီဘုံမျိုးကို ‘အသုရကာယ်ဘုံ’ လို့ခေါ်ကြတယ်”

ဒါဖြင့် ကိုမင်းထင်ကျော်တစ်ယောက် ပြိတ္တာမ လှည့်စားတဲ့နောက် ပါသွားပြီး၊ အဲဒီနေရာများ ရောက်နေပြီလား မပြောတတ်ဘူး”

“သေသေချာချာတော့ မသိရသေးဘူး၊ သူတော်စင်ကြီးကို မေးကြည့်ရင်တော့ သိနိုင်မယ်ထင်တယ်”

ဟုပြောဆိုကာ နေရာမှ ပြန်လှည့်ကာ ကျောင်းတော်ကြီးဘက်သို့ ပြန်ခဲ့ကြလေသည်။





သူတို့ ရောက်သွားသောအခါ ခါတိုင်းနေ့ကဲ့သို့ပင် အခန်းတစ်နေရာမှာ စားသောက်ဖွယ်ရာများ ချထားပြီး သူတော်စင်ကြီးက ဘုရားခန်းမှာ ဘုရားဝတ်ပြုနေသည်။

လေးယောက်သား စားသောက်စရာများ ပြင်ထားသော စားပွဲအနီး၌ ဝင်ထိုင်သောအခါ သူတော်စင်ကြီးက နေရာမှထလာပြီး သူတို့နှင့် မနီးမဝေးမှာ လာထိုင်လေသည်။

“တစ်ယောက်ဘယ်သွားနေလဲ”

ထိုအခါ ဦးဗန်ကောင်းက အဖြစ်အပျက်များကို ပြောပြလိုက်သည်။

ထိုစကားကိုကြားသောအခါ သူတော်စင်ကြီးက. .

“ဒီအတိုင်းဆိုရင်တော့ မဖွင့်သင့်တဲ့တံခါးကို ကျော်ပြီး စည်းတစ်ခုကို ကျော်သွားမိပြီထင်တယ်”

ဟုပြောပြသည်။

“အတွင်းဘက်မှာလည်း ငရဲနဲ့ပတ်သက်တဲ့ ပန်းချီကားတွေ ရေးထားတာ တွေ့ရပါတယ်၊ ဒီကျောင်းတော်ကြီးရဲ့ အတွင်းပိုင်းမှာ ဘယ်သူတွေ နေပါသလဲ အဘိုး”

“လူဘုံ နတ်ဘုံ ငရဲဘုံတွေက တစ်နေရာနဲ့ တစ်နေရာ ဝေးကွာကြပေမယ် တိရစ္ဆာန်ဘုံနဲ့ ပြိတ္တာဘုံက လူတွေနဲ့ တဆက်တစပ်တည်းမှာရှိကြတာဆိုတော့ ကိုယ့်မျက်စိနဲ့ မမြင်ရပေမယ့် အများကြီးရှိကြတာပေါ့ကွယ်”

“ဒီကျောင်းတိုက်ကြီးအတွင်းမှာ အသုရကာယ်ဘုံသားတွေ ရှိပါသလားအဘိုး”



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ကုမာရက ခေါင်းတစ်ချက် ညိတ်ပြသည်။

"သူ့အတွက်တော့ စိတ်မပူပါနဲ့ မကြာခင် ပြန်တွေ့ကြရမှာပါ"

ဟုပြောဆိုပြီး ဗုံနေရာမှထသွားကြလေသည်။

ထို့ကြောင့် ဦးဗန်ကောင်းတို့လည်း စိတ်ပူပန်မှုများ အတန်ငယ်လျော့ပါးသွားပြီး အစားအသောက်များကို ပြီးစီးအောင် စားသောက်ကာ ဆေးပင်ရှာဖွေရန် ပြင်ဆင်ကြလေသည်။

အပြင်ဘက်မှာ အလင်းရောင်များရလာပြီဖြစ်ကာ နေရောင်ခြည်ပင် တစွန်းတစပေါ်လာလေသည်။

ဦးဗန်ကောင်းတို့ ရောက်နေသောနေရာမှာ နေ့အချိန်ရောက်သဖြင့် နေရောင်ခြည်ထွက်လာပြီ ဖြစ်သော်လည်း ဒေါက်တာမင်းထင်ကျော်ရောက်နေသော ပတ်ဝန်းကျင်မှာတော့ နေရောင်ပျောက်သွားပြီ တဖြည်းဖြည်းအမှောင်ရိပ်များ သမ်းလာလေပြီ. . ။

ဒေါက်တာမင်းထင်ကျော်မှာ တစ်နေ့လုံး အိပ်မောကျနေရာ နားထဲမှာ ဆူဆူညံညံအသံများ ကြားရတော့မှ ပြန်နိုးလာခြင်းဖြစ်သည်။

အလင်းရောင်များ လျော့ပါးသွားပြီး အမှောင်ရိပ်များ သမ်းလာလေပြီ. . ။

နာရီကြည့်ပြန်တော့လည်း နာရီကနောက်ဘက် ပြန်လည်နေသောကြောင့် အချိန်မသိရတော့ပေ။

စားပွဲပေါ်မှာတော့ အရေးအကြောင်းပေါ်လာလျှင်





အသုံးပြုရန်အတွက် ကေသရီတင်ပေးထားခဲ့သော နံ့သာရည်ထည့်ထားသော ဖလားကအဆင်သင့်ရှိနေသည်။

အပြင်ဘက်မှ ကြားနေရသော အသံများက တဖြည်းဖြည်းနီးလာသောကြောင့် နေရာမှထကာ ပြတင်းပေါက်မှအပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

ရင်ပြင်ကြီးတစ်ခုလုံး မြူနှိုးများ ဝေ့ဆိုင်းနေပြီး အမှောင်ရိပ်များ သမ်းနေချေပြီ။

ရွှေရောင်တောက်ပလျှက်ရှိသော အဆောက်အဦးကြီးများမှာလည်း မီးရောင်တို့ဖြင့် ထိန်လင်းနေသည်။

မီးရောင်အောက်တွင် နေရာအသီးသီးမှ တစ်စုပြီးတစ်စု တစ်သုတ်ပြီးတစ်သုတ် ထွက်လာသော လူများကို တွေ့မြင်ရသည်။

အံ့သြဖို့ကောင်းသည်က သူမြင်နေရသော လူပေါင်းများစွာတို့တွင် ယောက်ျားတစ်ယောက်မှမပါဘဲ အားလုံး မိန်းကလေးများချည်းဖြစ်ကြသည်။

ထို့ထက်ပိုဆန်းသည်က ထွက်လာသော မိန်းကလေးများမှာ အတော်များပြီး. . အသက်အရွယ်အရ (၂၀)ဝန်းကျင်ခန့်သာ တစ်ရွယ်တည်းရှိနေကြသည်။

ဝတ်ဆင်ထားသော အဝတ်အစားများမှာ ရောင်စုံဝတ်ရုံများဖြစ်ရာ အမှောင်ရိပ် သမ်းစပြုနေသော ရင်ပြင်ပေါ်မှာ ရောင်စုံပန်းများ ဖြန့်ကြဲထားသည်နှင့် တူလှသည်။

တစ်နေရာမှ တစ်နေရာ သွားလာနေကြသည်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံလိပ်ပြာကလေးများ ပျံဝဲနေသကဲ့သို့ တူလှပေသည်။

"မိန်းကလေးတွေချည်းပါလား၊ ဒါကြောင့် ဒီနေရာကို 'မိန်းကလှမြို့တော်'လို့ အမည်ပေးသားတာဖြစ်မယ်၊ နေ့အချိန်မှာ သူတို့အားလုံး ဘယ်နေရာ သွားနေကြတာလည်းမသိဘူး"

နေရာအနှံ့သို့ ပြန့်ကျဲနေသော မိန်းကလေးများမှာ အဆောက်အဦးများအတွင်းသို့ အသီးသီးဝင်သွားကြရာ သူရောက်နေသော အဆောင်ဘက်သို့ ဝင်ရောက်လာသူ အတော်များများရှိကြသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်မှ ပြန်ခွာပြီး ကုတင်အကွယ်နားမှာ ရပ်နေလေသည်။

ထိုအခိုက်မှာပင် စင်္ကြံလမ်းဘက်မှ လျှောက်လာသော ခြေသံများကြားရသည်။

အချို့နေရာမှ တံခါးဖွင့်သံများကြားရသည်။

သူရောက်နေသော အဆောက်အဦးကြီးထဲမှာလည်း အခန်းပေါင်းများစွာရှိပြီး၊ ထိုအခန်းများထဲမှာ မိန်းကလေးများ နေကြဟန်ရှိသည်။

လျှောက်လာသော ခြေသံအချို့မှာ သူရှိနေသော အခန်းရှေ့ရောက်သောအခါ ရပ်တံ့သွားသည်။

"ဒီပိတ်ထားတဲ့အခန်းက ဘယ်သူနေတဲ့အခန်းလဲ"

"ဘယ်သူမှ မနေဘူး၊ ဒါကြောင့် ပိတ်ထားတာ ဘာဖြစ်လို့ မေးတာလဲ"

"ငါ့ နှခေါင်းထဲမှာ ထူးခြားတဲ့ အနံ့တစ်မျိုး ရနေသလို





"ဘယ်လိုအနံ့မျိုးလဲ"

"ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်နံ့ရတယ် နင်တို့ မရဘူးလား"

"ငါတို့တော့ ဘာအနံ့မှ မရပါဘူး၊ နင်စိတ်ထင်လို့ ဖြစ်မှာပါ ဒီနေရာကို ဘယ်လိုယောကျ်ားမျိုးမှ မရောက်နိုင်ပါဘူး"

"ပြောနိုင်မလားဟဲ့ ဒီကိုရောက်လာဖို့ တံခါးတစ်ချပ်ပဲခြားတာဆိုတော့. . . ကျောင်းထဲကနေ ဒီနေရာကို ရောက်ချင်ရောက်လာနိုင်တာပေါ့"

"ရောက်လာတော့လည်း ပိုကောင်းတာပေါ့၊ ငါတို့ချည်းနေရတာ ပျင်းလာပြီ"

"စကားပြောတာကြည့်ပြောဦးနော် ဒီစကားကို သခင်မကြားသွားမှဖြင့် နင်တော့ ဒုက္ခတွေ့မှာပဲ"

"ဟီးဟိ . . မကြားပါဘူးဟယ်"

ထိုသို့ပြောပြီး ရှေ့ဆက်လျှောက်သွားကြရာ ခဏကြာတော့ တိတ်ဆိတ်သွားပြန်လေသည်။

"ငါရောက်နေတာ ဘယ်လိုနေရာမျိုးလဲ၊ မိန်းမလှမြို့တော်ဆိုတာ အသုရကာယ်ဘုံသားတွေနေတဲ့ နေရာမျိုးဖြစ်မှာပဲ၊ ...နေရာက ဘယ်လိုပြန်ထွက်ရပါ့မလဲ၊ ထွက်ပေါက်ကလည်း ...သာတဲ့ တံခါးတစ်ချပ်ပဲ ရှိပုံရတယ်၊ ဘာပဲဖြစ်ဖြစ် လူရှင်းသွား...တော့ အခြေအနေသွားကြည့်ရမယ်"

ဟုဆုံးဖြတ်ထားလေသည်။

အချိန်အတော်ကြာသောအခါ ကြားနေရသော ဆူဆူ



www.burmeseclassic.com

www.burmeseclassic.com



ညံညံအသံများ တဖြည်းဖြည်းနှင့် တိတ်ဆိတ်သွားလေသည်။ ထိုအခါမှ ခုတင်ပေါ်ထိုင်ရင်း စဉ်းစားနေသည်။

"ဒီအချိန်လောက်ရှိရင် ငါပျောက်နေမှန်းသိရင် အဖေ… တွေကတော့ လိုက်ရှာကြတော့မှာပဲ၊ သူတို့တတွေ တံခါးတွေ… သွားပြီး ဖွင့်လိုက်မိရင်တော့ အခက်ပဲ၊ ဒီတော့ သူတို့ဒီနေရာ… ရောက်မလာကြခင် ငါအထဲပြန်ရောက်အောင် ကြိုးစားမှဖြ… မယ်"

အဆောင်ကြီးတစ်ခုလုံး မည်သည့်အသံမှ မကြား… တော့ပဲ တိတ်ဆိတ်ငြိမ်သက်သွားသော်လည်း သူ့ကို ထိုအခန်းထဲ… ထည့်ထားခဲ့သော ကေသရီကိုတော့ ယခုအချိန်ထိ အရိပ်အ… ယောင်မှ မတွေ့ရသေးပေ။

"သူဘယ်ရောက်နေသလဲ မသိဘူး"

ထိုသို့စဉ်းစားပြီး တံခါးချပ်အနီးသို့သွားပြီး တွန်းကြည့်… လိုက်တော့ ဟသွားလေသည်။

သို့ကြောင့် ဦးခေါင်းကို အပြင်ထွက်ပြီး အခြေအနေ… ကြည့်သည်။

စင်္ကြံလမ်းတစ်လျှောက်တွင် မီးရောင်မရှိတော့ပေ… တံခါးချပ်များမှာလည်း အားလုံးလိုလိုပိတ်လျက်သား ရှိနေပြီ… အားလုံး ငြိမ်သက်နေကြလေသည်။

ထို့ကြောင့် အပြင်သို့ထွက်ပြီး အခြေအနေကြည့်သည်… မည်သို့မှ ထူးခြားမှုမရှိသောအခါ စင်္ကြံလမ်းအတိုင်း လျှော… သွားကာ အပြင်သို့ထွက်သည်။





အပြင်ဘက်မှာလည်း ရှင်းလင်းနေသည်။

ထို့ကြောင့် အမှောင်ရိပ်မှ ကပ်ကာတံခါးပေါက်ရှိရာသို့ …သွားလေသည်။

တံခါးပေါက်ရှိသော နေရာသို့ အနှောင့်အယှက်ကင်း …ဖြင့် ရောက်သွားသော်လည်း ထိုနေရာရောက်တော့ အံ့သြ …ယ်ရာ ထပ်တွေ့ရပြန်သည်။

သူရောက်နေသောဘက်ခြမ်းမှာ ညအချိန်ဖြစ်နေသော …ကြောင့် မှောင်နေသော်လည်း တံခါးအတွင်းဘက်မှာတော့ အ …င်းရောင်များရှိနေလေသည်။

"နေ့နဲ့ညကို ဒီတံခါးတစ်ချပ်နဲ့ ခြားထားသလိုပဲ၊ ငါတို့ …နေတဲ့ဘက်မှာ ညအချိန်ဖြစ်နေတော့ ဒီမှာနေ့အချိန်ဖြစ်နေ …မယ်၊ အခုဒီမှာ ညအချိန်ဖြစ်နေတော့ ဟိုဘက်မှာ နေ့အချိန် …န်ရောက်နေတဲ့ပုံပဲ. . ၊ ဘာပဲဖြစ်ဖြစ် ငါအထဲကို ပြန်ဝင်နိုင် …အောင်ကြိုးစားရမယ်"

ဟုတွေးတောပြီး တံခါးအနီးသို့ ကပ်ကာဖွင့်ကြည့်သော …အခါ တုပ်တုပ်မျှပင်မလှုပ်ပေ။

နောက်တစ်ခါအားစိုက်ပြီး လှုပ်ကြည့်တော့လည်း မရ …၊ ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဌာန် နှစ် …ကောင်ထွက်လာသည်။

လက်ထဲမှာ ဆူးပါသော တင်းပုတ်ကြီးများ ကိုင်ထား …သော ဘီလူးကြီးနှစ်ကောင်ပင်ဖြစ်သည်။

အရပ်အမောင်းကသူထက်ပိုမြင့်ပြီး ကိုယ်လုံးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ထွားကျိုင်းလှသည်။

သူကိုမြင်သောအခါ နှစ်ယောက်စလုံး အနီးသို့တိုး

လာပြီး တင်းပုတ်ဖြင့် ဝင်ရိုက်လေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ လက်နက်မပါပေ။

ကယ်၍ လက်နက်ပါလျှင်သော်မှ ထိုမျှအကောင်အထည်

မားသော ဘီလူးကြီးများကို ယှဉ်ပြိုင်တိုက်ခိုက်၍ ရနိုင်

မဟုတ်ပေ။

သို့ကြောင့် ၎င်းတို့ပတင်းပုတ်ချက်မထိအောင်သာ

တိကြီးစွာထားပြီး ရှောင်ပေးနေရသည်။

သို့သော်လည်း ညှပ်ပူးညှပ်ပိတ်အခြေအနေမျိုး ဖြစ်

သောကြောင့် တစ်ကြိမ်မဟုတ်တစ်ကြိမ်၊ တစ်ချက်မဟု

တစ်ချက် တင်းပုတ်က ထိတော့မည့် အခြေအနေမျိုး ရော

သောအခါမှ ကံကောင်းထောက်မစွာဖြင့် ကယ်တင်မည့်

ရောက်လာသည်။

အမှောင်ရိပ်ထဲမှ ထွက်လာသော မီးကျည်တန်းနှစ်

ဘီလူးကြီးနှစ်ကောင်ကို ဝင်ရောက်ထိမှန်ရာ ကြောက်လန့်

ကြား ထွက်ပြေးသွားကြလေတော့သည်။

ထိုအခါမှ အသက်ဝအောင် ရှူနိုင်လေတော့သည်

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ လူတစ်ယော

ထွက်လာလေသည်။

သူကိုခေါ်လာသော ကေသရီပင်ဖြစ်သည်။

"အခန်းထဲဝင်ကြည့်တော့ ရှင့်ကိုမတွေ့ရတာနဲ့ ဒီနေ





ရောက်နေမယ်ထင်လို့ လိုက်လာတာ၊ တော်သေးတာပေါ့ ကျွန်မ

အချိန်မီ ရောက်လာလို့ပေါ့၊ မဟုတ်ရင်တော့ ရှင်သေမှာပဲ"

ဟုပြောသည်။

"မင်းရောက်လာတာအတော်ပဲ ငါ့ကိုတံခါးဖွင့်ပေးပါ။

ပြန်ပါရစေ"

"ဒီအချိန်မှာတော့ ပြန်လို့မရသေးဘူး၊ အခွင့်အရေးရ

ရင်တော့ ရှင့်ကိုပြန်ပို့ပေးပါ့မယ်. . ၊ အခုတော့ အခန်းပြန်သွား

အောင်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း မတတ်

သာတော့သဖြင့် ပြန်လိုက်ခဲ့ရလေသည်။

"ဒီမှာနေရတာ ရှင် သဘောမကျဘူးလား"

လမ်းရောက်တော့ ကေသရီကမေးသည်။

"မင်းတို့နေတဲ့နေရာက. . လူလောကနဲ့ စည်းတစ်ခု၊

တံခါးတစ်ချပ် ခြားနေတဲ့နေရာမျိုးပဲ၊ ငါတို့နေလို့လည်း မရဘူး

နေလည်းပျော်မှာမဟုတ်ပါဘူး"

"ရှင်သာသဘောကျမယ်ဆိုရင်တော့ တစ်သက်လုံး နေ

သွားလို့ရပါတယ်"

"ဒီနေရာမျိုးက ငါတို့နေသင့်တဲ့နေရာမျိုး မဟုတ်ပါ

ဘူးကွာ၊ ဒါထက် ဒီမှာရှိတဲ့ မိန်းကလေးတွေက နေ့ခင်းဘက်မှာ

ဘယ်သွားနေကြတာလဲ"

"နောက်တော့ ပြောပြပါ့မယ်၊ ဒါထက် ရှင်တို့ကရော

ဒီနေရာမျိုးကို ဘာကြောင့်ရောက်လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က မဟာဂန္ဓာရီ တက္ကသိုလ်က ကျောင်းသားတွေ ပါ ဆေးပင်ရှာဖွေရင်းနဲ့ ဒီဘက်ရောက်လာတာပါ"

"ဒါဖြင့် ရှင်တို့လိုချင်တဲ့ ဆေးပင်တွေရှိတဲ့နေရာကို ပြပေးမယ်လေ၊ ဒီမှာနေမလား"

"ဆေးပင်တွေပြပေးရင်တော့ ကျေးဇူးတင်ရမှာပဲ၊ ဒါပေ မယ့် ဒီနေရာမျိုးမှာ အမြဲမနေနိုင်တာကတော့ ငါ့ကို ခွင့်လွှတ် ပေးပါ"

"တကယ်လို့ ကျွန်မက ပြန်မလွှတ်ပေးတော့ပဲ ထားရင် ကော ရှင်ဘယ်လိုလုပ်မလဲ"

"ငါ့မှာနည်းလမ်းတွေရှိပါတယ် ဝိညာဉ်ခန္ဓာနဲ့ မဟာ ဂန္ဓာရီတက္ကသိုလ်ကို ပြန်သွားပြီး ဆရာသခင်တွေကို အကြောင်း ကြားလိုက်ရင် သူတို့ရောက်လာပြီး ကယ်ပေးနိုင်ကြပါတယ်"

ထိုစကားကြားသောအခါ ကေသရီမှာ မျက်နှာပျက် သွားလေသည်။

"မင်းကော ဒီမှာနေရတာ ပျော်ရဲ့လား"

"ကျွန်မက မပျော်လည်းနေ၊ ပျော်လည်းနေမယ့် ဘ မျိုးပါ"

"ငါသဘောပေါက်ပါတယ်၊ ဒီနေရာက လွတ်မြော အောင် ကြိုးစားပါလား"

"ဘယ်လိုကြိုးစားရမှာလဲ"

"မင်းလိုက်ချင်တယ်ဆိုရင် ငါပြန်တဲ့အခါ တစ်ခါတည် ခေါ်သွားပေးမယ်လေ"





ထိုစကားကြားသောအခါ ကေသရီက သက်ပြင်းတစ် ချက်ချလိုက်သည်၊

"ကျွန်မက ဝဋ်ကြွေးမကုန်မချင်း ဒီနေရာက ဘယ်မှ သွားခွင့်ရမှာ မဟုတ်ပါဘူးရှင်"

ဟု ဝမ်းနည်းသံဖြင့် ပြန်ပြောရာ ဒေါက်တာမင်းထင် ကျော်ပင် စိတ်မကောင်းဖြစ်သွားလေသည်၊

ထို့နောက် နှစ်ယောက်သား အခန်းရှိရာသို့ ပြန်လာခဲ့ ကြလေသည်။

အမှောင်ရိပ်များကတော့ ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖုံးလွှမ်းထားလေသည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၈)

## ထူးဆန်းသောဝေမာနိကပြိတ္တာဘုံ

BURMESE CLASSIC

နောက်တစ်နေ့နံနက် စောစောအချိန်မှာတော့ အဆောင်များ၊ အဆောက်အဦးများတွင်း၌ရှိသော အခန်းများထဲတွင်နေကြသော မိန်းကလေးများသည် ရင်ပြင်တော်ကြီးရှိသောနေရာသို့ အားလုံးသွားကြရလေသည်။

ထိုရင်ပြင်ကျယ်ကြီးမှာ ကျောက်သားမျက်နှာပြင်ကြီးတာ နေရောင်ခြည်ကြောင့် အရောင်များ တဖျပ်ဖျပ်တောက်



www.burmeseclassic.com

www.burmeseclassic.com



ပနေလေသည်။

အချို့နေရာများမှာ လှေခါးထစ်များရှိပြီး အပေါ်ဘက်မှာတော့ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ကျောက်စိမ်းပလ္လင်ရှိသည်။

ထိုကျောက်စိမ်းပလ္လင် ပတ်ဝန်းကျင်မှာရှိသော အသုံးအဆောင်များမှာလည်း တန်ဖိုးရှိသော ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားရာ နေရောင်ခြည်ဖြင့် ထိသောအခါ ဝင်းလက်သောရောင်ခြည်များ တောက်ပနေကြသည်။

ကျောက်စိမ်းပလ္လင်ပေါ်၌ မည်သူမှ မရှိသေးသော်လည်း ဘေးတစ်ဘက်တစ်ချက်မှာတော့ တင်းပုတ်ထမ်းထားသော ဘီလူးကြီးနှစ်ကောင်က အသင့်အနေအထားဖြင့် ရပ်နေကြလေသည်။

ကျောက်စိမ်းပလ္လင်အောက်ဘက် ရင်ပြင်ပေါ်မှာတော့ မိန်းကလေးများ စုဝေးနေကြလေသည်။

စုစုပေါင်း တစ်ရာဝန်းကျင်ခန့်ရှိပြီး ရောင်စုံဝတ်ရုံရှည်များ ဝတ်ဆင်ထားကြလေသည်။

၎င်းတို့သည် သင်တန်းတက်နေသော သင်တန်းသူများပမာ အတန်းလိုက် တန်းစီရပ်နေကြလေသည်။ ကောင်းကင်မှ ဖြာထွက်လာသော နေရောင်ခြည်နုနုက ၎င်းတို့အပေါ်သို့ ဖြာကျနေရာ ရောင်စုံပန်းခင်းသဖွယ် ဖြစ်နေတော့သည်။

ခဏကြာတော့ အနက်ရောင် ဝတ်ရုံရှည်ကြီးဝတ်ကာ ဦးခေါင်းထိပ်ပေါ်မှာ ရတနာများ စီခြယ်ထားသော သရဖူတစ်





ကို ဆောင်ထားသော အမျိုးသမီးတစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့် တက်လာလေသည်။

ထိုအခါ ရင်ပြင်ပေါ်မှာ ရပ်နေသော အမျိုးသမီးအားလုံးက ဦးခေါင်းညွတ်ကာ အရိုအသေပေးလိုက်ကြသည်။

ထိုအမျိုးသမီးမှာ အသက်(၃၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး လှပကျော့ရှင်းသော ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်သည်။

သူမလက်ထဲမှာ အရောင်တစ်လက်လက် တောက်ပနေသော မှော်ဝင်ကြိမ်လုံးကိုလည်း ကိုင်ထားလေသည်။

ထိုအမျိုးသမီးမှာ အခြားမဟုတ်ပါချေ။ မိန်းမလှမြို့တော်ဟုခေါ်သည့် အမျိုးသမီးများချည်းရှိသော ထူးဆန်းသည့်နေရာကို စီမံအုပ်ချုပ်နေရသော 'မဟူရာဒေဝီသခင်မ'ပင် ဖြစ်သည်။

သူမသည် ကျောက်စိမ်းပလ္လင်ပေါ် ထိုင်မိသော အခါ ဘေးတစ်ဖက်တစ်ချက်တွင် အမျိုးသမီးနှစ်ယောက်က အသင့်အနေအထားဖြင့် ရပ်ကြလေသည်။

လက်ယာဘက်တွင် ရပ်သူက 'ကေသရီ'ဖြစ်ပြီး လက်ဝဲဘက်၌ ရပ်သော အမျိုးသမီးက 'ဂန္ဓမာ'ဖြစ်သည်။

မဟူရာဒေဝီသခင်မက ကျောက်စိမ်းပလ္လင်ပေါ်တွင် ထိုင်မိသည်နှင့် ရင်ပြင်ပေါ်မှာ ရပ်နေသော မိန်းကလေးများကို ကြည့်ပြီး ပြောလိုက်သည်။

"အားလုံး စုံလင်ကြပြီလား"

သံပြိုင်အသံများ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေသရီနဲ့ ဂန္ဓမာတို့က သူတို့နာမည်မှတ်တမ်းတွေ ကြည့်ပြီး တစ်ယောက်ချင်း လိုက်စစ်ကြည့်ကြပေတော့"

ဟုအမိန့်ပေးလိုက်ရာ ကေသရီနှင့် ဂန္ဓမာတို့က သခင်မကို အရိုအသေပေးပြီးနောက် ရင်ပြင်ရှိရာသို့ ဆင်းသွားကြလေသည်။

မိန်းကလေးများမှာ အလယ်ခေါင်၌ လမ်းခြားထားပြီး ဝဲယာတစ်ဘက်တစ်ချက်၌ ရပ်နေကြရာ ကေသရီက လက်ယာဘက်အခြမ်းကို လိုက်ခံစစ်ဆေးပြီး၊ ဂန္ဓမာက လက်ဝဲဘက်အခြမ်းကို လိုက်ခံစစ်ဆေးလေသည်။

မိန်းကလေးများ၏ နာမည်များမှာ မဥ္ဇူ၊ ခတ္တာ၊ အင်ကြင်း၊ မာလာ၊ ဂန္ဓမာ၊ သရဖီ၊ သဇင်၊ မြတ်လေးမှုံ၊ နှင်းဆီ၊ စံပယ်. . စသော ပန်းနာမည်များလေသည်။

တစ်ယောက်ချင်း နာမည်များကို ခေါ်ပြီးစစ်ဆေးပြီးနောက် အားလုံးပြည့်စုံစွာရှိကြောင်း အစီရင်ခံရလေသည်။

ထိုအခါ မဟူရာဒေဝီသခင်မ မေးသည်။

"သူတို့ထဲမှာ နောက်ထပ်ရောက်လာတဲ့လူသစ် ရှိသလား"

"လူသစ်မရှိပါ သခင်မ"

"ဒီလိုဆိုရင် ဒီနေရာက ပြန်ထွက်ခွင့်ရတဲ့သူ ရှိသလား"

"တစ်ယောက်ရှိပါတယ်"

"သူ့ကို ရှေ့ကို ခေါ်ထုတ်လိုက်ပါ"

ဟုအမိန့်ပေးလိုက်သောအခါ ကေသရီက လူအုပ်ကြား





ထဲမှ အမျိုးသမီးတစ်ယောက်ကို ရှေ့သို့ ခေါ်ထုတ်လာလေသည်၊ ထိုမိန်းကလေးက အလွန်ရိုကျိုးသော အမူအရာဖြင့် ရှေ့သို့ထွက်လာပြီး မဟူရာဒေဝီသခင်မအား အရိုအသေပေးလိုက်လေသည်။

"နင့်ရဲ့နာမည် မာလာ မဟုတ်လား"

"မှန်ပါတယ် သခင်မ"

"နင့်အနေနဲ့ ခံရမယ့် ဝဋ်ကြွေးတွေ ပြီးသွားလို့ ဒီကနေ့မှာပဲ ဒီနေရာက လွတ်မြောက်ခွင့်ရတော့မယ်"

ထိုစကားကြားသောအခါ မာလာဆိုသော အမျိုးသမီးမှာ. . ဒူးညွှတ်ကာ ခွေလဲကျသွားရာ အနီးမှာရှိသော ကေသရီက ဖေးမပေးထားရသည်။

အမှန်တော့ ထိုအမျိုးသမီးမှာ မမျှော်လင့်သောစကားကို ကြားရသဖြင့် ဝမ်းသာလုံးဆို့ပြီး ဒူးညွှတ်ကျသွားခြင်းဖြစ်လေသည်။

"စိတ်အေးအေးထားပါ။ သခင်မမေးတာတွေကို သေသေချာချာဖြေပါ"

ကေသရီက သတိပေးလိုက်သည်။

"ဟုတ်. . ဟုတ်ကဲ့"

"မာလာ နင့်အနေနဲ့ လူ့ဘဝရစဉ်က ကောင်းမှုကုသိုလ်တွေ ပြုခဲ့ပါရက်နဲ့. . ယောကျ်ားယုတ်တစ်ယောက်ရဲ့ ဖြားယောင်းသွေးဆောင်မှုကို သာယာမိတဲ့အတွက် မိမိခင်ပွန်းပေါ်မှာ သစ္စာဖျက်ခဲ့တယ် ဒါကိုသတိရပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မာလာက လွန်စွာရှက်ရွံ့သော အမူအရာဖြင့် ခေါင်းငုံ့ထားရင်းမှ. .

"သဟိရပါတယ်သခင်မ"

ဟု အဖြေပေးလေသည်။

"ကုသိုလ်ပြုခဲ့တဲ့ကံကြောင့် ငရဲဘုံကို မရောက်ဘဲ ဒီလို မကောင်းမှုကံကြွေးကိုတော့ ပေးဆပ်ခဲ့ရတယ်"

"ကြောက်ရွံ့လှပါတယ် သခင်မ"

"ဒီလိုကံကြွေးဆပ်ရတာတွေ၊ ဝဋ်ကြွေးဆပ်ခဲ့ရတာတွေကို မမေ့မလျော့နဲ့၊ ယခုတော့ နင်ရဲ့ကံကြွေးဆပ်ရတဲ့ ဝဋ်ကြွေးတွေပြီးသွားလို့ ယခု လွတ်မြောက်ခွင့်ရပေတော့မယ်"

"ဝမ်းသာလှပါတယ် သခင်မ"

"နင့်အနေနဲ့ လူ့ဘဝကိုပဲ ပြန်ရမှာဆိုတော့ လမ်းနှစ်သွယ်ကို ရွေးရပေလိမ့်မယ်၊ ပထမလမ်းက ဒီဘဝမှသေပြီး မိခင်ဝမ်းတစ်ခုမှာ ပြန်ဝင်ရသောနည်းလမ်းဖြစ်တယ်၊ နောက်တစ်လမ်းက ယခုအသက်အရွယ်အတိုင်း လူ့ဘဝကို ပြန်သွားသောနည်းလမ်းဖြစ်ပေတယ်၊ ကြိုက်နှစ်သက်ရာ လမ်းကိုသာ ရွေးချယ်ပေတော့"

ထိုစကားကြားသောအခါ မာလာဆိုသော မိန်းကလေးသည် အချိန်အတော်ကြာအောင် စဉ်းစားနေပြီး ဆုံးဖြတ်ရန်ခက်ခဲနေဟန်ရှိလေသည်။

ထိုအခါ မဟူရာဒေဝီ သခင်မကပြောပြသည်။

"လူ့ဘဝကို မိခင်ဝမ်းမှ ဝင်ပြီးစမယ်ဆိုရင် ဒုက္ခများစွာ





တို့ကို ကျော်ဖြတ်ရပေလိမ့်မယ်၊ ကလေးဘဝနဲ့ နှစ်ပေါင်းများစွာနေရမယ်၊ ယခုအရွယ်အတိုင်း လူ့ဘဝကို ပြန်သွယ်မယ်ဆိုရင် ကလေးဘဝကစပြီး ယခုအသက်အရွယ်ရောက်အောင် နေရမဲ့ နှစ်ပေါင်း(၂၀)လောက်ဆုံးရှုံးမယ်၊ ကလေးဘဝက စမှာလား၊ ဒါမှ မဟုတ် ယခုအခြေအနေနဲ့ ပြန်မှာလား"

"မိခင်ဝမ်းကဝင်ပြီး ကလေးဘဝက အစပြုလိုပါတယ်"

မာလာကယတိပြတ်ဆုံးဖြတ်ပြီး ပြောလိုက်သောအခါ မဟူရာဒေဝီက ဦးခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

သူမရွေးချယ်ခိုင်းသော အဓိပ္ပာယ်မှာ. . .

ကလေးဘဝမှစလျှင် ပဋိသန္ဓေနေရသောဒုက္ခနှင့်. . ကလေးဘဝတွင် တွေ့ကြုံရသောဒုက္ခများကို ကျော်ဖြတ်ရသော်လည်း နှစ်ပေါင်း(၂၀)ခန့် လူ့လောကမှာပိုပြီး နေခွင့်ရမည်။

ယခုအသက်အရွယ်အတိုင်း ပြန်သွားပါက ပဋိသန္ဓေနေရခြင်းနှင့် ကလေးဘဝဒုက္ခများကို မခံစားရသော်လည်း လူ့ဘဝတွင် နေခွင့်နှစ်ပေါင်း(၂၀)ခန့် ဆုံးရှုံးရမည်ဟု ရွေးချယ်ခိုင်းခြင်းဖြစ်သည်။

မာလာကတော့ လူ့ဘဝတွင် တစ်ရက်ပိုပြီးနေရခြင်းက မြတ်သည်ဟု ယူဆသဖြင့် ပဋိသန္ဓေနေသောဘဝမှာ စရန်ရွေးချယ်လိုက်ခြင်းဖြစ်သည်။

"ဒါကတော့ နင့်ရဲ့ရွေးချယ်မှုပါပဲ၊ ကံကောင်းထောက်မလို့ လူ့ဘုံဘဝကို ပြန်ရောက်တဲ့အခါ မကောင်းမှုတွေကိုရှောင်ကြဉ်ပြီး၊ ကောင်းမှုကုသိုလ်တွေကို တတ်နိုင်သလောက် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေတော့၊ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတွေကို လည်းငါတို့ကို အမျှဝေပေးပါ"

"ကောင်း. . ကောင်းပါပြီသခင်မ"

"အခုအချိန်ကစပြီး နင့်ကို ဝေမာနိကဘုံဘဝကနေ လွတ်မြောက်ခွင့်ပေးလိုက်ပြီ. . . နင်သွားလိုရာသွားပေတော့၊ ကောင်းသောမိခင်ရဲ့ဝမ်းကို ရောက်ပါစေလို့ ဆုတောင်းပေး လိုက်ပါတယ်"

ဟု ပြောပြီးမှော်ဝင်ကြိမ်လုံးချိန်လိုက်ရာ ထူးခြားသော အလင်းတန်းတစ်ခုထွက်လာပြီး မာလာကိုထိသွားရာ နေရာမှာ ပင် ပျောက်ကွယ်သွားလေတော့သည်။

မဟူရာဒေဝီသခင်မ ရွှေပုရပိုဒ်တွင် ရေးမှတ်ထားသော အမည်များထဲမှ မာလာဆိုသော အမည်ကို ကြိမ်လုံးဖြင့် ဖျောက် ဖျက်လိုက်ရာ မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

ထိုကိစ္စပြီးသောအခါ ကေသရီနှင့် ဂန္ဓမာတို့က မဟူရာ ဒေဝီသခင်မ ရှေ့သို့ပြန်သွားကြလေသည်။

"လူတွေအားလုံးစစ်ဆေးပြီးပြီလား"

"စစ်ဆေးပြီးပါပြီ သခင်မ"

"သူတို့ကိုသက်ဆိုင်ရာ နေရာများကို ခေါ်သွားပေ တော့"

ဟုအမိန့်ပေးလိုက်ရာ စောစောက ကြည်လင်နေသော မိန်းကလေးများ၏မျက်နှာမှာ နေလောင်ခံရသောပန်းများပမာ ညှိုးနွမ်းသွားကြလေသည်။





ထို့နောက်မှာတော့ ကေသရီနှင့် ဂန္ဓမာတို့နှစ်ယောက် က မိန်းကလေးများကို တစ်နေရာခေါ်သွားလေသည်။

ထိုနေရာမှာ အဆောက်အအုံများနှင့် ဝေးသောနေရာ ဖြစ်လေသည်။

ကျောက်နံရံကြီးတစ်ခုအနီးသို့ ရောက်သောအခါ ပိတ် ထားသော တံခါးပေါက်များစွာတို့ကိုတွေ့ရသည်။

မိန်းကလေးများက သက်ဆိုင်ရာတံခါးပေါက်များတွင် ရပ်ပေးကြရသည်။

ထိုသို့ရပ်ရင်း အချို့လည်းထိတ်လန့်ကြောက်ရွံ့စွာဖြင့် ငိုကြွေးနေကြသည်။

မကြာမီ တံခါးချပ်ကြီးများက တပြိုင်နက်လိုလိုပွင့်သွား ကာအတွင်းမှ လူမည်းကြီးများထွက်လာကြသည်။

လူမည်းကြီးများမှာ သာမန်လူထက် အလုံးအထည် အ ရပ်အမောင်းထွားကျိုင်းကာ ကြောက်စရာကောင်းသောပုံပန်း သဏ္ဌာန်မျိုးရှိကြသည်။

ဦးခေါင်းထိပ်မှာလည်း ဦးချိုကဲ့သို့ အရာများရှိသည်။

ထိုသူများမှာ အခြားမဟုတ်ပေ။

ငရဲဘုံသားတို့ပင်ဖြစ်သည်။

မိန်းကလေးများရောက်နေသောနေရာမှာ ငရဲတံခါးဝ ပင်ဖြစ်သည်။

ထိုငရဲမှာ ငရဲကြီးရှစ်ထပ်မဟုတ်ပေ။

ပြုခဲ့သောကုသိုလ်ကံ၊ အကုသိုလ်ကံအလိုင်း ခံကြရ

www.burmeseclassic.com



သောငရဲငယ်များပင်ဖြစ်သည်။

(ထိုငရဲငယ်များအကြောင်းကို ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

ငရဲငယ်များပင်ဖြစ်သော်လည်း အကုသိုလ်ကံရှိသည့် အတိုင်းခံကြရသည်ကတော့ ငရဲကြီးများနှင့် တူလေသည်။

ထိုငရဲသားများက တံခါးပေါက်ရောက်နေသော မိန်းကလေးများကို တစ်ယောက်ချင်းခေါ်သွင်းပြီး လူကုန်လျှင်ငရဲတံခါးကိုပိတ်လိုက်ကြသည်။

ထိုမိန်းကလေးများမှာ အတွင်းသို့ရောက်သောအခါ ငရဲခံကြရသည်။

ငရဲခံကြရမှာလည်း မိမိတို့ပြုခဲ့သော အကုသိုလ်ကံအတိုင်းခံကြရပေရာ ခံရပုံချင်းတော့ မတူပေ။

❖ **ဘင်ဘုတ်ငရဲ**။ ။ မစင်ပုတ်များဖြင့် ပြည့်နေပြီး မိခင်ဖခင်ကို ကြမ်းတမ်းသောစကားများဖြင့် ပြောဆိုသူတို့ခံကြရသောနေရာ။

❖ **ပြာပူငရဲ**။ ။ ပြာပူငရဲမှာ ပူပြင်းသော ပြာပူမီးလျှံများဖြင့် ပြည့်နေသော နေရာဖြစ်ပြီး အကျင့်သီလရှိသော လူပုဂ္ဂိုလ်များ၊ အကျင့်သီလပြည့်စုံသော ရဟန်းတော်များကို ပြစ်မှားမိသူတို့ ခံရသောနေရာ။

❖ **လက်ပံတောငရဲ**။ ။ ဆူးရှိသောလက်ပံပင်များဖြင့် ပြည့်နေသော နေရာဖြစ်ပြီး လင်ရှိသည့် မိန်းမကိုပြစ်မှားသူ၊ မယားရှိသည့် ယောက်ျားကို ပြစ်မှားမိသူတို့ ကျခံရသောနေရာ။





❖ **သံလျက်တောငရဲ**။ ။ သံလျက်ကဲ့သို့အသွားထက်လှသည့် သစ်ပင်များနှင့် ပြည့်နှက်နေသောနေရာဖြစ်ပြီး မဟုတ်မမှန်စကား၊ လိမ်ညာစကားပြောဆိုမိသူတို့ ကျခံရသောနေရာ။

❖ **ကြိမ်ပိုက်ချောင်းငရဲ**။ ။ သံဆူးချွန်များကဲ့သို့ ဆူးချွန်များရှိသော ကြိမ်နွယ်များဖြင့် ပြည့်နေသော နေရာဖြစ်ပြီး သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲသူတို့ ကျခံရသောနေရာ။

❖ **မီးလျှံငရဲ**။ ။ သူတစ်ပါးကို မနာလိုဝန်တိုစိတ်ရှိခြင်း၊ ကိုယ်စိတ်ဆင်းရဲအောင် နှိပ်စက်ညှဉ်းဆဲသူတို့ ကျခံရသည့် မီးလျှံဖြင့် ပြည့်နေသောနေရာ။

❖ **ခွေးစားငရဲ**။ ။ ခွေးနက်ကြီးများ၏ ကိုက်သတ်စားသောက်ခြင်းကို ခံရသောနေရာဖြစ်ပြီး နှမြောတွန့်တိုစိတ်ဖြင့် လှူရက်၊ မပေးကမ်းရက်ဖြစ်ရုံမက သူတစ်ပါးလှူဒါန်းခြင်းကို စိတ်ပင်တားမြစ်သူများ ကျခံရသည့်နေရာ။

❖ **ကြေးနီအိုးငရဲ**။ ။ ပွက်ပွက်ဆူနေသော ကြေးနီအိုးကြီးများ ပြည့်နေသောနေရာဖြစ်ပြီး သူတော်ကောင်းများကို ရိုက်ခတ်စော်ကားပြစ်မှားသူများ ကျခံရသည့်နေရာ။

❖ **သံရည်ပူငရဲ**။ ။ သံရေပူများပြည့်နေသည့် တွင်းကြီးများရှိသောနေရာဖြစ်ပြီး သူတစ်ပါးအသက်ကို သတ်ဖြတ်သူတို့ ကျခံရသည့်နေရာ။

❖ **မီးကျီးငရဲ**။ ။ မီးတော်ကမီးလျှံများ မီးကျီးခဲများဖြင့် ပြည့်နေသော နေရာဖြစ်ပြီး မိမိကိုယ်ကျိုးအတွက် လိမ်ညာ၍ လှူခံစားသူများ ကျခံရသည့်နေရာ။



www.burmeseclassic.com

www.burmeseclassic.com



❖ **ဖွဲ့မီးမြစ်ငရဲ**။ ။ ဖွဲ့မီးလျှံများ တောက်လောင်နေသော နေရာဖြစ်ပြီး လိမ်ညာစကားဖြင့် အရောင်းအဝယ်ပြုကာ ကိုယ်ကျိုးရှာသူများ ကျခံရသည့်နေရာ။

❖ **မြားလှံငရဲ**။ ။ ငရဲထိန်းများက ငရဲခံရသူများကို မြားလှံလက်နက်များဖြင့် ထိုးစိုက်သတ်ဖြတ်မှုပြုကြပြီး သူတစ်ပါး အသက်သတ်သူ ဆိုးခိုးတိုက်ခိုက်သူများ ကျခံရသည့်နေရာ။

❖ **သားတစ်ငရဲ**။ ။ ငရဲခံရသူသည် မီးတောက်မီးလျှံများ လောင်မြိုက်ခြင်းကို ခံရပြီး ငရဲထိန်းများက ဓား၊ လှံ၊ ပဲကွပ်စသည်တို့ဖြင့် အပိုင်းပိုင်းအတစ်တစ်၊ သားတစ်ဖြစ်အောင်ပြုလုပ်ခြင်းခံရကာ သူတစ်ပါးအသက်ကို သတ်ဖြတ်ရောင်းချသူများ ကျခံရသည့်နေရာ။

❖ **မစင်တွင်းငရဲ**။ ။ မစင်များဖြင့် ပြည့်နှက်နေသည့် တွင်းကြီးများရှိပြီး ထိုမစင်များကို စားသောက်ကာ ငရဲထိန်းများ၏ သတ်ဖြတ်ခြင်းခံရပြီး၊ ကျေးဇူးရှင်များကိုပြစ်မှားစော်ကားသူများ ကျခံရသည့်နေရာ။

❖ **သွေးပြည်အိုင်ငရဲ**။ ။ နံစော်ပုပ်သိုးနေသည့် သွေးပြည်အိုင်ကြီးရှိသောနေရာဖြစ်ပြီး သီလရှိသော ရဟန်းသံဃာတော်များကို ပြစ်မှားစော်ကားသူများ ကျခံရသည့်နေရာ။

❖ **သံမြားကောက်ငရဲ**။ ။ ငရဲထိန်းများက မီးလျှံတောက်လောင်နေသော သံမြားကောက်များဖြင့် ထိုးနှက်သတ်ဖြတ်ကြပြီး ကောက်ကျစ်စဉ်းလဲသောစိတ်ဖြင့် စီးပွားဥစ္စာရှာဖွေသူများ ကျခံရသည့်နေရာ။





❖ **သံတောင်ကြိတ်ငရဲ**။ ။ မီးတောက်မီးလျှံများ တောက်လောင်နေသောနေရာတွင် ကိုယ်တစ်ပိုင်းမြှုပ်နေရပြီး သံတောင်ကြီးများဖြင့် ကြိတ်ဖိခံရကာ မိမိယောက်ျားရှိလျက် အခြားယောက်ျားနှင့် ဖောက်ပြားသောမိန်းမများ ကျခံရသည့်နေရာ။

❖ **ဦးစောက်ကျငရဲ**။ ။ ငရဲထိန်းများက ငရဲခံရသူကို ဇောက်ထိုး၍ မီးတောက်မီးလျှံများထဲသို့ကျအောင် ပစ်ချကြ မိမိမိန်းမရှိလျှက်အခြားမိန်းမနှင့် ဖောက်ပြားသည့် အမျိုးသားကျခံရသည့်နေရာ။

❖ **ပဟာသငရဲ**။ ။ မီးလျှံများထဲတွင် အမြဲတစေ ကခုန်နေရပြီး ဥပုသ်သီလ ဆောက်တည်ထားလျက် သီလဖျက်၍ ကသိဆိုမှု ပြုသူများကျခံရသည့်နေရာ။

❖ **စစ်ပြုသူတို့ကျခံရသောငရဲ**။ ။ အဝီစိငရဲပြည်တွင် မြေပြင်ကဲ့သို့ အမြဲစစ်တိုက်နေရပြီး လူ့ဘဝတွင် စစ်ပွဲများ ဆင်နွှဲလျက် ရန်သူတို့ကို တိုက်ခိုက်သတ်ဖြတ်မှုပြုသူများ ကျခံရသည့်နေရာ။

❖ **သင်တုန်းဓားသွားငရဲ**။ ။ အလွန်အသွားထက်လှသော သင်တုန်းဓားသွားများ ပြည့်နှက်နေသည့်နေရာဖြစ်ပြီး ဓားသွားပေါ်တွင် မရပ်မနားပြေးလွှားနေကြရကာ ကိုယ်ဝန်ဖျက်ချခြင်းစသည့် သူတစ်ပါးအသက်ကို သတ်ဖြတ်မှုပြုသူများ ကျခံရသည့်နေရာ။

❖ **သင်တုန်းဓားစက်ငရဲ**။ ။ သင်တုန်းဓားစက်များက ငရဲခံရသူ၏ ဦးခေါင်းပေါ်တွင် မရပ်မနားလည်၍ ခုတ်ဖြတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မိဘများကို စော်ကားပြစ်မှားသူများနှင့် အလိုရမ္မက်ကြီးသူ
များ ကျခံရသည့်နေရာ။

ထိုငရဲဘုံငယ်များမှာ ငရဲကြီးရှစ်ထပ်နှင့် ခံရပုံချင်းတူ
သော်လည်း နေရာညပါ ခံရသည့်နေရာမျိုးတော့ မဟုတ်ပေ
အချို့မှာ (၇)ရက်က နတ်ဘုံကဲ့သို့သာယာသော ဘုံဘ
မှာစံ (၇)ရက်က ထိုငရဲဘုံများခံရသည်။

(၇)ရက်စံ၊ (၇)ခံရသော ပြိတ္တာဘုံသားတို့ရှိသည်။ အချို့
ကနေ့မှာစံပြီး၊ ညမှာခံရသည်။

နေ့တွင် လူဘုံဘဝမျိုးနှင့်နေရပြီး ညမှာ ငရဲခံရသည်
အချို့က ညမှာ လူဘုံဘဝမျိုးနေရပြီး နေ့ဘက်မှာ င
ခံရသည်။

ကုသိုလ်ကောင်းမှုထက်ဝက်၊ မကောင်းမှုကံထက်ဝက်
သူတို့ခံရ စံရသောနေရာဖြစ်သည်။

အချို့ကတော့ လူ့ဘဝတွင် ကုသိုလ်ကောင်းမှုများ
လုပ်ခဲ့ပြီး မဆိုစလောက်သာ အကုသိုလ်ကံကြွေးကြောင့် ခံနေ
သူများလည်းရှိသည်။

ကောင်းမှုကုသိုလ်ကြောင့် မကောင်းမှုကံတို့ကို
ဖျက်၍မရသလို၊ မကောင်းမှုကံများကလည်း ပြုခဲ့သော ကုသိုလ်
ကောင်းမှုကံကို ပပျောက်အောင်ပြု၍မရပေ။

အချို့ပြိတ္တာဘုံဘဝရောက်နေသူများကတော့ ငရဲ
ကြရပေ။

ဎင်းတို့မှာ ငရဲခံရလောက်အောင် အကုသိုလ်ကံကြွေ





ပေါကြသဖြင့် ပြိတ္တာဘုံမှာ တန်ခိုးသိဒ္ဓိဖြင့်နေရပြီး ငရဲမခံကြရ
ပေ။

ထိုပြိတ္တာတို့မှာ ဝေမာနိက ပြိတ္တာနှင့် မဟိဒ္ဓိကပြိတ္တာတို့
ပင်ဖြစ်သည်။

ပြိတ္တာဘုံဘဝမှာ လူဘုံနှင့် အနီးစပ်ဆုံး၌ရှိသည်။

မမြင်ရသော်လည်း တဆက်တစပ်တည်းရှိနေသည်ဟု
ဆင်မြင်ယူဆစရာရှိလေသည်။

မိန်းမလှမြို့တော်ဟု အမည်ပေးထားသောနေရာမှာ
ပြိတ္တာဘုံတစ်ခုပင်ဖြစ်သည်။

နေ့မှာခံ၊ ညမှာစံရသော ဝေမာနိကပြိတ္တာများနေသော
ဘုံတစ်ခုဖြစ်သည်။

ထိုအထဲမှာမှ မဟူရာဒေဝီသခင်မ၊ ကေသရီ၊ ဂန္ဓမာ
သူတို့မှာ ပြိတ္တာဘုံဘဝသို့ ရောက်နေကြရသော်လည်း ငရဲမခံ
ကြရပေ။

ကမ္ဘဇိတ္တိတန်ခိုးသင့်တင့်စွာရှိပြီး ငရဲခံနေရသူတို့ကို စီမံ
အုပ်ချုပ်ပေးကြရသည်။

သူတို့လည်း ကံကြွေး၊ ဝဋ်ကြွေးကုန်လျှင်တော့ ကျွတ်
လွတ်ခွင့်ရကြမည်ဖြစ်ပြီး၊ မကုန်မချင်းတော့ ထိုနေရာ၌နေကြ
ရပေဦးမည်။

ထိုဘုံဘဝမှာ ရောက်နေကြသော မိန်းကလေးများမှာ
နေ့အချိန်တွင် ဝဋ်ကြွေးကံကြွေးရှိသမျှ ငရဲခံကြရသော်လည်း
ညအချိန်ကုန်လျှင် လူကောင်းပကတိတစ်ယောက်ကဲ့သို့ ဂေဟံခါး



www.burmeseclassic.com

www.burmeseclassic.com



ဝမှ ပြန်ထွက်လာကြသည်။

မနက်ပိုင်းငရဲတံခါးအတွင်းသို့ ဝင်ရသောအချိန်တွင် မျက်နှာများပေါ်တွင် ထိတ်လန့်ကြောက်ရွံ့ကနေကြသော်လည်း ပြန်ထွက်ခွင့်ရသောအချိန်မှာတော့ ပြုံးရွှင်နေကြလေသည်။

နေ့အချိန်တွင် ငရဲခံရသော်လည်း ညအချိန်မှာတော့ လူတစ်ယောက်ဘဝမျိုးဖြင့် နေနိုင်ခွင့်ရှိပြီး ချစ်သူရှိလျှင် ပေါင်းဖော်နေနိုင်ခွင့်ရနိုင်ကြသည်။


သို့သော်သူတို့မှာ ချစ်သူမရှိကြပေ။ အဘယ်ကြောင့် ဆိုသော်. .

သူတို့နေသောနေရာတွင် ယောကျ်ားတစ်ယောက် လေမှ မရှိသောကြောင့်ပင်ဖြစ်ပေသည်။









# အခန်း(၉)

# မရဏာမျှော်ဝင်ဓား

တကယ်တော့. . ဒေါက်တာမင်းထင်ကျော် ရောက်နေသောအခြေအနေမှာ အကျဉ်းခံနေရသော အကျဉ်းသားတစ်ယောက်နှင့် ဘာမှမခြားတော့ပေ။

ညအချိန်ရောက်လျှင် အပြင်ထွက်သွားသော အမျိုးသမီးများ ပြန်ရောက်လာသောအချိန်တွင် သူရောက်နေသော အဆောင်ထဲမှာ လှို့ဝှက်စွာနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်းအချိန်ရောက်လျှင်တော့ အဆောက်အဦး များထဲတွင် ရှိကြသော မိန်းကလေးများမှာ တစ်သုတ်ပြီးတစ် သုတ် ထွက်သွားကြရာ နေ့အတော်မြင့်သောအခါ အဆောင် တွင်း၌ တစ်ယောက်မှမရှိကြတော့ပေ။

ထိုအခါမျိုးမှာတော့ မိမိအခန်းထဲမှာသော်လည်း ကောင်း၊ စင်္ကြံလမ်းမှာသော်လည်းကောင်း လွတ်လပ်စွာနေ ခွင့်ရလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုအဆောင်ထဲရောက်နေ သည်မှာ သုံးရက်ရှိနေလေပြီ။

အခန်းထဲမှာတော့ ဘာမှလိုလေသေးမရှိပေ။

အချိန်တန်လျှင် အစားအသောက်နှင့် အသုံးအဆောင် များက အခန်းတွင်းရှိ စားပွဲပေါ်သို့ရောက်နေတတ်သည်။

သူအိပ်ရာမှနိုးလာသောအချိန်မှာ အစားအသောက် များက အဆင်သင့်ရှိနေတတ်သည်။

ထိုနေရာရောက်နေသော သုံးရက်အတွင်းမှာတော့ သူ့ ကိုခေါ်လာသော ကေသရီဆိုသော မိန်းကလေးနှင့် မတွေ့ရပြန် ချေ။

ထိုမိန်းကလေးမှာ . . ဝေမာနိက ပြိတ္တာဘုံသားတစ် ယောက်ဖြစ်သည်ကိုသာ သိရသော်လည်း မည်သည့်အဆင့် အတန်းမျိုးရှိသည်ကိုတော့ မသိရပေ။

"ငါဒီနေရာရောက်နေတာ သုံးရက်ရှိနေပြီ၊ ကျန်ခဲ့တဲ့ အဖော်တွေကတော့ ငါ့အတွက် အတော်ကို စိတ်ပူနေကြတော့





မှာပဲ၊ ငါဒီနေရာမှာရောက်နေတဲ့အကြောင်းကို သူတို့ဆီသွားပြီး အသိပေးဖို့ကလည်း တစ်နည်းတော့ရှိတယ်"

ထိုနည်းမှာ ရုပ်ခန္ဓာမှ နာမ်ခန္ဓာ(ဝိညာဉ်ခန္ဓာ)ကို ခွာ ထုတ်ကာ သွားရောက်ပြောပြခြင်းဖြစ်သည်။

သို့သော်လည်း ထိုနည်းကို လောလောဆယ် အသုံးချ ၍မဖြစ်သေးပေ။

အကယ်၍ဝိညာဉ်ခန္ဓာဖြင့် သွားရောက်အသိပေးလိုက် သဖြင့် သိသွားလျှင် အားလုံးလိုက်လာကြပေလိမ့်မည်။

ထိုသို့လိုက်လာပြီး မိမိရောက်သောနေရာရောက်ကာ အားလုံးပြန်ခွင့်မရပါက အခက်တွေ့ကြပေလိမ့်မည်။

ထို့ကြောင့် ထိုနည်းကို အသုံးမချသေးခြင်းဖြစ်သည်။

သို့သော်လည်း တစ်နည်းနည်းနှင့်တော့ အခွင့်အရေးရ အောင်ယူပြီး ပြန်ခွင့်ရအောင်ကြိုးစားမည်ဟုတော့ ဆုံးဖြတ်ထား လေသည်။

နေ့လည်ဘက်အချိန်ရောက်သောအခါ အခန်းထဲသို့ ကေသရီရောက်လာသည်။

သူမကြည့်ရသည်မှာ အနည်းငယ်ရွှင်လန်းနေဟန်ရှိ လေသည်။ သူမက အခန်းထဲမှ အခြေအနေကိုကြည့်ပြီး မေး လိုက်သည်။

"ရှင် ဒီမှာနေရတာ အဆင်ပြေရဲ့လား"

"ပျင်းစရာကောင်းတာကလွဲပြီး တခြားတော့အားလုံး အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ကေသရီက သဘောကျစွာ ပြုံးလိုက်သည်။

"ရှင့်အတွက် အဆင်ပြေအောင် အဖော်တစ်ယောက် များလိုမလား"

"ဒါတွေမလိုပါဘူးကွာ ဖြစ်နိုင်ရင်တော့ ငါပြန်ပါရစေ"

"အဆင်ပြေတဲ့အချိန်မှာ ပြန်ပို့ပေးပါ့မယ်ရှင်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ငါကဒီမှာ အေး ဆေးနေရတယ်ဆိုပေမယ့် ငါ့အဖော်တွေက ဒီလောက်ရှိရင် အတော်စိတ်ပူနေကြရှာမယ် ငါမပါရင် သူတို့လည်း ပြန်ကြမှာ မဟုတ်ဘူး"

"ဒီလိုဆိုရင် သူတို့ကိုပါ ဒီမှာခေါ်ထားမလား"

"သူတို့လည်း ဒီနေရာမျိုး ရောက်ဖူးချင်ကြမှာပဲ၊ ဒါပေ မယ့် ငါလိုအကျဉ်းသားဘဝရောက်နေတော့ ဘယ်လိုလုပ်မလဲ"

"ဒါကတော့ ရောက်လာမှပဲ အခြေအနေကြည့်လုပ်ရ မှာပေါ့"

"ဒါထက် မင်းကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ"

"ဘယ်လိုတစ်မျိုးလဲ"

"ဒီကနေ့မြင်ရတာ ခါတိုင်းနဲ့မတူဘူး ပြုံးပြုံးရွှင်ရွှင်ရှိ နေသလိုပဲ"

"ဟုတ်ပါတယ် မနက်ကစိတ်ချမ်းသာစရာတစ်ခု တွေ့ ခဲ့ရလို့ပါ"

"ဘာများပါလိမ့်"





"ကျွန်မတို့ ဘုံဘဝက မိန်းကလေးတစ်ယောက် လွတ် မြောက်ခွင့်ရသွားလို့ သူ့အတွက် ဝမ်းသာနေမိတာပါ"

ထိုအခါမှ သူမအမူအရာပြောင်းလဲနေခြင်းကို သိရ တော့သည်။

ထို့နောက် ကေသရီက သူနှင့်မနီးမဝေး ကုတင်စွန်း ပေါ်မှာ ဝင်ထိုင်လေသည်။

သူမနှင့် နီးနီးကပ်ကပ်ရှိသောအခါ သင်းပျံ့သောရနံ့ တစ်မျိုးရသည်။

ထိုရနံ့မှာ စားပွဲပေါ်မှာတင်ထားသော နှံ့သာရည်ခွက်ထဲ မှ ရနံ့မျိုးပင်ဖြစ်သည်။

"အခုလိုကြုံကြိုက်တုန်း မင်းတို့ဘုံဘဝအကြောင်း ပြော ပြပါလား"

"ကျွန်မတို့နေရတာ လူ့ဘဝနဲ့ တဆက်တစပ်တည်းမှာရှိ တဲ့ ဝေမာနိကဘုံပါ"

"ဝေမာနိကဘုံဆိုတာ ပြိတ္တာဘုံပဲမဟုတ်လား"

"မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့က ဝဋ်ကြွေးကံရှိတဲ့ အတိုင်း ခံစရာရှိတာခံပြီးရင် နတ်ဘုံမှာနေရသလိုမျိုး နေရတဲ့ သိဒ္ဓိရှိတဲ့ ဘုံတစ်မျိုးပါပဲ"

ပြိတ္တာဘုံဟု ဆိုရာမှာ အမျိုးအစား မြောက်များစွာရှိ သည်ဖြစ်ရာ အဓိကလေးမျိုးခွဲပြထားသည်။

(၁) **ပရဒတ္တူပဇီဝိကာ ပြိတ္တာ၊**

သူတစ်ပါးပေးကမ်းသမျှသာ မှီခိုစားသောက်ရသော



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာမျိုး။

(၂) **ဥပ္ပိပါသိကာပြိတ္တာ၊**

ဆာငလောင်မွတ်သိပ်ခြင်းဖြင့် အမြဲနေရသော ပြိတ္တာမျိုး။

(၃) **နိဇ္ဈာမ တဏှိကပြိတ္တာ၊**

မီးလောင်ပြီးပူပြင်းသောဝေဒနာ
အမြဲတစေခံနေရသော ပြိတ္တာ။

(၄) **ကာလကဥ္စိကပြိတ္တာ၊**

ကမ္ဘဇိတ္ထိတန်ခိုးရှိသဖြင့် ဘုံဗိမာန်နှင့်
နေရသောပြိတ္တာမျိုး။

ထိုပြိတ္တာလေးမျိုးမှာမှ အသေးစိပ်ရေတွက်လျှင်တော့ ပြိတ္တာအမျိုးပေါင်း မြောက်များစွာရှိကြောင်း ဆဂတိဒီပနီကျမ်း လောကပညတ္တိကျမ်း၊ တဇ္ဇတ္တဒီပနီကျမ်းတို့၌ ဖော်ပြထားလေသည်။

အထက်ပါလေးမျိုးကို ထပ်ခွဲလျှင်. . ပြိတ္တာ(၁၂)မျိုးရှိသည်။

ထို(၁၂)မျိုးကို ထပ်ခွဲပါက များစွာထွက်လာလေသည်။

အကြောင်းအရာ လေးဖင့်မည်စိုးသောကြောင့် တစ်ခုချင်း၊ တစ်မျိုးချင်း မဖော်ပြတော့ပြီ။

'ကာလကဥ္စိက ပြိတ္တာမျိုး'တွင်. . ဘုံဗိမာန်၌ဖြစ်သော ဝေမာနိကပြိတ္တာမျိုးနှင့် တန်ခိုးကြီးမားသော မဟိဒ္ဓိကပြိတ္တာမျိုးတို့ပါဝင်သည်။

"အခုလိုသိရတာ မင်းအတွက်စိတ်မကောင်းပါဘူး။ ဒါ





ထက်မေးပါရစေဦး၊ တခြားမိန်းကလေးက နေ့ဘက်မှာ ဝင့်ကြွေးကံသွားခံကြရပြီး၊ ညအချိန်ရောက်မှ ပြန်လာကြရတယ်. . မင်းရော သူတို့လို မသွားရဘူးလား"

"ကျွန်မတို့က ပြိတ္တာဘုံဘဝက မလွတ်သေးပေမယ့် ငရဲခံရတဲ့ဘဝကတော့ လွတ်မြောက်နေကြပါပြီ"

"ဒီလိုကြားရပြန်တော့လည်း မင်းအတွက်ဝမ်းသာပါတယ်၊ ဒါဖြင့် လူ့လောကကိုပြန်ရချိန်နီးပြီပေါ့နော်"

သူမက ခေါင်းညိတ်ပြလေသည်။

"ဒီလိုဆိုရင် ငါပြန်ရင် တစ်ခါတည်း ပြန်လိုက်ခဲ့ပါလား"

"ကျွန်မတို့ဘဝတွေက လူတွေလို စိတ်သွားတိုင်းကိုယ်ပါ သွားချင်တိုင်းသွား လာချင်တိုင်းလာလို့ မရနိုင်ပါဘူး၊ ပြန်ခွင့်ရရင်တောင် ဘယ်လိုပြန်ရမယ်ဆိုတာ မရွေးချယ်ရသေးပါဘူး"

ထိုစကားကြားတော့များစွာ စိတ်ဝင်စားသွားလေသည်။

"ဘယ်လိုလမ်းမျိုးတွေရှိနေလို့လဲ"

"မိခင်တစ်ဦးရဲ့ဝမ်းကမှတစ်ဆင့် လူ့လောကကို ပြန်ဝင်တာနဲ့၊ အခုအသက်အရွယ်အတိုင်း ပြန်ဝင်ရတာမျိုးဆိုပြီး နှစ်လမ်းရှိပါတယ်"

"အင်း. . ဒီအတိုင်းပြန်သွားရင်တော့ မင်းအတွက် လူ့လောကမှာ နှစ်ပေါင်း(၂၀)လောက်နေခွင့် ဆုံးရှုံးမှာပဲ၊ ငါ့သဘော ပြောရရင်တော့ ဒီအတိုင်းပြန်ခွင့်ရရင် ဒီအတိုင်းပဲ ပြန်စေချင်တယ်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသိဉာဏ်ရှိနေပြီဖြစ်တော့ မကောင်းမှု၊ ကောင်းမှုတွေကို ဝေခွဲရတာ ပိုလွယ်တာပေါ့၊ နောက်ပြီး မင်းကလှပါတယ်"

ထိုစကားကြောင့် ကေသရီကတစ်ချက်ပြုံးလိုက်သည်။

"ဘဝတစ်ခုကို တစ်ကနေပြန်စရမယ်ဆိုရင် မမြင်နိုင်တဲ့ ကြိုတင်မသိနိုင်တဲ့ ကံအကြောင်းတရားတွေကြောင့် ကောင်းမယ်ဆိုးမယ်ဆိုတာ ကြိုတင်မသိနိုင်ကြပါဘူး၊ ဒီလိုမသေချာတဲ့ ဘဝမျိုးမှာ အသိဉာဏ်ရှိတဲ့ဘဝမျိုးနဲ့ ဖြတ်သန်းရတာ . . ပိုမကောင်းဘူးလား"

"ရှင်ပြောတာမှန်ပါတယ်၊ ဒါပေမယ့် ကလေးဘဝနဲ့ ပြန်သွားရင် ဝင်ခွင့်ရနိုင်တဲ့ မိခင်ဝမ်းတွေက အများကြီးရှိတယ် ဒီအရွယ်အတိုင်းပြန်သွားရင် ကျွန်မကို ဘယ်သူကလက်ခံပေးမှာလဲ"

"မင်းဆန္ဒရှိမယ်ဆိုရင်တော့ ငါလက်ခံပေးနိုင်ပါတယ်"

"ဘယ်လိုပုံစံမျိုးနဲ့ လက်ခံမှာလဲ"

"မင်းကရော ဘယ်လိုနေချင်တာလဲ၊ မိသားစုဝင်တစ်ယောက်လိုမျိုး နေချင်တာလား၊ ဒါမှမဟုတ် ချစ်သူတစ်ယောက်လိုနေမှာလား"

"ရှင်က စကားပြောတာတော့ အတော်ကောင်းတယ်၊ ချစ်စကားပြောတာကိုတောင် ပြောနေမှန်းမသိအောင် ပြောပြီး ကိုယ်လိုချင်တဲ့ဘက်ရောက်အောင် ပြောတတ်တယ်"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။





"စိတ်ထဲမှာ ရှိနေတဲ့အတိုင်း အမှန်အတိုင်းပြောတာပါ ဘာကယ်လို့ မင်းကငါပြောတာကို လက်ခံရင် မင်းရွေးချယ်တဲ့အတိုင်း ငါကလက်ခံပေးနိုင်ပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမယ့်ရှင်က ဒီနေရာကပြန်သွားပြီးရင် ကျွန်မနဲ့ ဘယ်လိုတွေ့နိုင်တော့မလဲ"

"ဒါကတော့ ကံအကြောင်းမကုန်သေးရင်တော့ ပြန်ဆုံခွင့်ရနိုင်ပါတယ်၊ ဒါထက်မင်းကိုငါ သိချင်တာမေးရဦးမယ်"

"မေးလေ"

"ဒီနေရာကို ယောကျ်ားတွေ ဘာကြောင့်မလာရတာလဲ"

"သာမန်တော့ ဒီနေရာရောက်ဖို့က မလွယ်လှပါဘူး၊ ဘာကယ်လို့ရောက်လာရင်လည်း လိုချင်တဲ့သူတွေကများပြီး ဒုက္ခရောက်မှာပေါ့၊ နောက်ပြီး ဒီနေရာမှာရှိတဲ့မိန်းကလေးတွေက ယောကျ်ားတစ်ယောက်ကို ချစ်ခွင့်ရှိတယ်၊ အတူနေခွင့်ရှိတယ်၊ လက်ထပ်ပေါင်းသင်းလို့လည်းရကြပါတယ်"

"ဒါဖြင့် ဘယ်လိုပြဿနာမျိုးတွေ ရှိနေလို့လဲ"

"ပြဿနာကတော့ အချိန်အကြာကြီးတော့ ချစ်နေခွင့် အတူနေခွင့်တော့ မရကြပါဘူး၊ အချိန်တန်ရင်တော့ . . အဲဒီ ယောကျ်ားကို သတ်ပစ်ရတယ်"

"ဘာကြောင့်လဲ"

"ကျွန်မတို့ဘုံမှာ ချစ်ခြင်းမေတ္တာတို့ သံယောဇဉ်တို့မရှိရ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကာမတဏှာအတွက်ပဲ အသုံးချခွင့်ရကြပါတယ်၊ ဒါကြောင့်အချိန်ကြာလာရင် သံယောဇဉ်တွယ်လာမှာဖြစ်တဲ့အတွက် သတ်ပစ်ကြရခြင်းဖြစ်ပါတယ်"

"အတော်စိတ်ပျက်စရာပါပဲ၊ မင်းတို့ဘုံဘဝက ချစ်ခြင်းမေတ္တာမရှိတဲ့ ဘုံဘဝလို့တောင် ပြောရမလို ဖြစ်နေပြီ"

"ဒါကတော့ရှင် ဘဝကံပေးတဲ့အတိုင်း နေရတာဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ ကျွန်မတို့လည်း ဘုံဘဝတစ်ခု ခြားနေကြတယ်သာဆိုပေမယ့် လူ့လောကသားတွေလိုပဲ ချစ်ခြင်းမေတ္တာကိုတော့ နှစ်သက်မေတ္တာကိုတော့ နှစ်သက်တတ်ကြတာပါပဲ၊ ဒါပေမယ့် အဲဒီအခြေအနေမျိုးကို ဒီနေရာကမှ ခွင့်မပြုပေးတော့ ဘယ်တတ်နိုင်ပါ့မလဲ"

ဟုဝမ်းနည်းသော အသံမျိုးဖြင့်ပြောရာ ဒေါက်တာမင်းထင်ကျော်လည်း စိတ်မကောင်းဖြစ်သွားလေသည်။

သို့သော်လည်း သူ့အနေဖြင့်ဘာမှ မတတ်နိုင်သော အခြေအနေမျိုးပင်ဖြစ်သည်။

"ဒါထက် ကြုံကြိုက်တုန်းမေးရဦးမယ် ဒီမှာ ဆေးပင်တွေရှိတယ်ဆိုတာ တကယ်ပဲလား"

သူမက ခေါင်းတစ်ချက်ညိတ်ပြလေသည်။

"ရှိပါတယ် ဒီကနေ အနောက်ဘက်ကို သွားရင်တောတောင်တွေရှိပါတယ်၊ အဲဒီနေရာမှာ သိုက်ဝင်ဆေးပင်တွေ အများကြီးရှိပါတယ်"

"သိုက်ဝင်ဆေးပင်ဆိုတာ ဘယ်လိုအပင်မျိုးလဲ"





"သိုက်ဝင်ဆေးပင်ဆိုတာ စီရင်ပြီးသုံးနိုင်ရင် လောကီ ...မှန်သမျှ အားလုံးပြီးနိုင်တဲ့ အပင်မျိုးပဲ၊ အဲဒီနေရာမှာ သိုက်...င်ကျောက်နဲ့ သိုက်ဝင်ဆေးပင်တွေ ရှိတယ်"

ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွား...သည်။

"အဲဒီနေရာကို ငါသွားချင်တယ်၊ သွားလို့ရသလား"

"သွားလို့တော့ရပါတယ်၊ ဒါပေမယ့်. . အန္တရာယ်တွေ ...များကြီးရှိတယ်၊ ရှင်တစ်ယောက်တည်းသွားလို့ ဖြစ်ပါ့မလား"

ကေသရီက စိတ်မချသောအသံမျိုးဖြင့် မေးလိုက်သည်။

"စိတ်မပူပါနဲ့ တော်ရုံအန္တရာယ်တွေလောက်တော့ ကာ...ယ်နိုင်ပါတယ်၊ ဒါပေမယ့် တကယ်လို့ မင်းသာလိုက်ပို့ပေးရင် ...တော့ အတော်အဆင်ပြေမှာပဲ"

"ကျွန်မလိုက်တော့ပို့ပေးချင်ပါတယ်၊ ဒါပေမယ့် အချိန် ...ကြာကြီးတော့ မရဘူး"

"ရသရွေ့လိုက်ပို့ပေးရင်တောင် ကျေးဇူးတင်ပါတယ်"

ထိုသို့ပြောသောအခါ ကေသရီကအတန်ကြာအောင် ...ားနေပြီးမှ. . .

"ကောင်းပြီလေ ကျွန်မလိုက်ခဲ့ပါမယ်၊ ဒါပေမယ့် အချိန် ...ကြာလို့တော့ မဖြစ်ဘူးနော်၊ ရှင် ရောက်နေတာကို တစ်...နည်းနဲ့ သခင်မသိသွားရင် ရှင့်အတွက် ဒီနေရာက ပြန်...ခွင့်ရတော့မှာ မဟုတ်ဘူး"

ဟုသတိပေးရာ ဒေါက်တာမင်းထင်ကျော်က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပြလိုက်သည်။

ထို့နောက် ကေသရီက အခန်းထောင့်တစ်နေရာသို့ သွားပြီး ပြန်လာသောအခါ သူမလက်ထဲမှာ ဓားတစ်လက်ပါလာလေသည်။

မည်သည့်နေရာက ဆွဲယူလာသည်တော့ မသိရပေ။

"ဒီဓားကိုယူလာခဲ့ပါ၊ အရေးအကြောင်းရှိရင် သုံးရလိမ့်မယ် ဒီနေရာတစ်ဝိုက်မှာ ရှိနေတဲ့မိစ္ဆာတွေ မကောင်းဆိုးဝါးတွေက သာမန်လက်နက်တွေနဲ့ တိုက်ခိုက်လို့မရဘူး"

ဟုပြောပြီး ဓားကိုပေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ယူကြည့်လိုက်သည်။

ဓားမှာ ရှေးဟောင်းဓားဖြစ်ဟန်ရှိသည်။

ဓားအိမ်တစ်ခုလုံး ကနုတ်ပန်းများနှင့် နဂါးတစ်ကောင်ရစ်ပတ်ထားသော ပုံသဏ္ဍာန်မျိုးတွေ့ရသည်။

ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်ကြည့်တော့ သွေးရောင်များသမ်းနေသည်ကို တွေ့ရပြီး ထူးခြားသောပုံရိပ်သဏ္ဍာန်အချို့ကိုတွေ့ရသည်။

ကောင်းသော ပုံရိပ်များတော့ မဟုတ်ပေ။

ဝိဉာဉ်လှောင်အိမ်ထဲထည့်ထားသော မကောင်းဆိုးဝါးများကို တွေ့ရသကဲ့သို့ ဝိုးတဝါးမြင်ရခြင်းဖြစ်သည်။

"ဒါ ဘယ်လိုဓားမျိုးလဲ"

"မရဏ မှော်ဝင်ဓားလို့ခေါ်တယ်၊ မိစ္ဆာဝိဉာဉ်တွေ ရင်ဆိုင်တွေ့ရင် အသုံးချလို့ရတယ်"





"အခုလိုကူညီပေးတာ ကျေးဇူးတင်ပါတယ်"

"အချိန်မရှိဘူး၊ သွားကြရအောင်"

ဟုပြောကာ အခန်းထဲမှ အပြင်သို့ထွက်ခဲ့ကြလေသည်။

အပြင်ဘက်စင်္ကြန်လမ်းတစ်လျှောက်မှာတော့ တစ်ဦးတစ်ယောက်မှ မတွေ့ရဘဲ ရှင်းလင်းနေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၀)

# သိုက်ဝင်ဆေးပင်များရှိသောနေရာ

အဆောက်အဦးများရှိသောနေရာမှ အနောက်ဘက်သို့ ထွက်သွားကြသောအခါ မြင့်မားသောတောင်မြင့်များနှင့် မှိုင်းညို့နေသော တောအုပ်များကို လှမ်းမြင်ရသည်။

နှစ်ယောက်သား ခြေလှမ်းခတ်သွက်သွက်ဖြင့် လျှောက်လာကြရာ အတော်ကြာသောအခါ တောအုပ်တစ်ခုအနီးသို့ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ နောက်သို့ ပြန်လှန်ကြည့်လိုက်ရာ သူရောက်နေသောနေရာမှာ ကျောက်ဆောင်တစ်ခုထိပ်ပေါ်မှာရှိနေပြီး အောက်ပိုင်း၌ မြူခိုးများ ဝေ့ဆိုင်းနေသောကြောင့် မမြင်ရပေ။

တောအုပ်အစပ်သို့ ရောက်သောအခါ အခြေအနေကို ကြည့်လိုက်သည်။

တောအုပ်မှာ သစ်ပင်ကြီးငယ်တို့ဖြင့် အုပ်ဆိုင်းနေပြီး နေပြောက်မထိုးသာအောင် ရှိလေသည်။ ထူးခြားသောအချက်မှာ ထိုတောထဲတွင် တောတိရစ္ဆာန်တို့ကို မတွေ့ရပေ။

ယုတ်စွအဆုံး မျောက်အော်သံ၊ ငှက်အော်သံကိုပင် ကြားရပေ။

တောတစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုသို့ငြိမ်သက်နေခြင်းမျိုးမှာ မကောင်းလှပေ။

မုန်တိုင်းကျကာနီး ငြိမ်သက်နေခြင်းမျိုးဖြစ်နိုင်သည်။ ထိုအခိုက်မှာပင် အဝေးမှ ပျံသန်းလာသော အသံတစ်သံ ကြားရသဖြင့် ကြည့်လိုက်ရာ လင်းတငှက်နှင့် သဏ္ဍာန်တူသောငှက်ကြီးတစ်ကောင်ပျံသန်းလာပြီး မနီးမဝေးမှာရှိသော သစ်ကိုင်းတစ်ခုပေါ်သို့ ဝင်နားလေသည်။

အနားရောက်လာပြီး သေသေချာချာကြည့်လိုက်တော့မှ လူမျက်နှာနှင့်အတော်ပင် တူသည်ကို တွေ့မြင်ရသည်။

"ဘယ်ကလာတာလဲ"

လင်းတငှက်ကြီးထံမှ အသံထွက်လာသည်။

"ငါတို့ ဝေမာနိကဘုံက လာတာ"





"အသူရကာယ်ဘုံသားတွေက ဒီနေရာလာခွင့်မရှိဘူး ဘာအတွက်လာတာလဲ"

"သိုက်ဝင်ကျောက်နဲ့ ဆေးပင်တွေလိုချင်လို့လာတာ"

"ငါတို့စည်းအတွင်းကို ဝင်ခွင့်မပေးနိုင်ဘူး"

"မပေးလည်း ငါ့သဘောနဲ့ဝင်ရမှာပဲ"

ထိုအခါ လင်းတကြီးထံမှ ကျယ်လောင်သောအသံမျိုး ပေါ်ထွက်လာလေသည်။

"ဟဲ့. . မိစ္ဆာကောင်တွေ ရန်သူတွေရောက်နေပြီး လာသတ်ကြပါတော့လား"

ဟုအော်ဟစ်ကာ ဒေါက်တာမင်းထင်ကျော် ရပ်နေသောနေရာသို့ ထိုးဆင်းလာသည်။

သူကလည်း သတိဖြင့်နေခြင်းဖြစ်ရာ လင်းတကြီးထိုးဆင်းလာသည်နှင့် ဓားအိမ်မှဓားကို ဆွဲချွတ်လိုက်သည်။ အနီးသို့ ရောက်သည်နှင့် ဓားဖြင့် ဆီးခုတ်သည်။

ဖွဲအိတ်ကြီးတစ်လုံးကို ခုတ်ရသကဲ့သို့ ရှိကာ စူးစူးဝါးဝါး အော်ကာ ပျောက်သွားလေသည်။

ထိုအချိန်မှာ တောထဲမှ မကောင်းဆိုးဝါးများ ထွက်လာကြသည်။

တင်းပုတ်ကိုင်ထားသောဘီလူး၊ သရဲသဘက်ပုံသဏ္ဍာန်ရှိသော မကောင်းဆိုးဝါးများ ရောက်လာရာ ကေသရီနှင့် အတူ တိုက်ခိုက်ရလေသည်။

မိစ္ဆာကောင်များက ကေသရီအနားကိုတော့ မကပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပေ။

ထို့ကြောင့် သူ့ကိုမဲပြီး ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ သာမန်လူတစ်ယောက်ဖြ သဖြင့် ကေသရီလိုတော့ အစွမ်းသိဒ္ဓိမရှိပေ။ သို့သော် ကေသ ပေးထားသော မရဏအမှော်ဝင်ဓားကတော့ သိဒ္ဓိစွမ်းရှိသည်။

အနီးရောက်လာသော မိစ္ဆာကောင်များအား ထိုဓားဖြ ပိုင်းချရာ တစ်ချက်ထိသည်နှင့် စူးစူးဝါးဝါးအသံကြားရပြီး.. ပျောက်ကွယ်သွားလေသည်။

အချိန်အတော်ကြာအောင် တိုက်ခိုက်ပြီးသောအ မိစ္ဆာကောင်များ ပျောက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ မောဟိုက်ပင်ပန်းနေ ဖြင့် အသက်ရှူမမှန်အောင် ဖြစ်နေသော်လည်း.. ကေသရီ တော့ အပြုံးမပျက်ပေ။

"ကျေး.. ကျေးဇူးတင်ပါတယ်"

ဟု မောသောအသံဖြင့် ပြောလိုက်သည်။

"တောထဲဝင်ကြစို့၊ တောထဲရောက်တဲ့အခါမှာလည် မကောင်းဆိုးဝါးတွေနဲ့ ထပ်တွေ့နိုင်သေးတယ် သတိထား

ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် နှစ်ယောက်သား တောအုပ်အတွင်းသို့ အ ဝင်ကြလေသည်။

တောအုပ်အတွင်းသို့ရောက်သွားသောအခါ နော ထပ်အန္တရာယ်ပေးမည့် မိစ္ဆာကောင်များတော့ မတွေ့ရပေ။





အံ့ဩဖွယ်ရာကောင်းသော မြင်ကွင်းများကိုတော့ တွေ့မြင်ရလေသည်။

ပထမတော့ မိစ္ဆာများက မျက်စိလှည့်စားထားသဖြင့် တွေ့မြင်နေရခြင်းဖြစ်မည်ဟု ထင်လိုက်မိသည်။

နောက်တော့ သံသယစိတ်ဖြင့် လက်နှင့်ကိုင်တွယ်ကြည့်တော့မှ ဖန်ဆင်းထားတာမဟုတ်ပဲ အမှန်တကယ်ရှိနေမှန်း သိလိုက်ရလေသည်။

အခြားတော့မဟုတ်ပေ။

ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်အပါအဝင် သိဒ္ဓိရှိသော ဂမုန်းပင်များ၊ ဆေးဖက်ဝင်အသုံးဝင်သော ဂမုန်းပင်များကို နေရာအနှံ့အပြားတွင် မျိုးစုံစွာတွေ့မြင်ရခြင်းပင်ဖြစ်သည်။

ထို့ပြင် သိုက်ဝင်ဆေးပင်များကိုလည်း တွေ့မြင်ရသည်။

"ရှင်တို့ ရှာဖွေနေတာ ဒီလိုဆေးပင်မျိုးတွေ မဟုတ်လား"

"အမှန်ပါပဲ ဒီလောက်မျိုးစုံတဲ့ ဂမုန်းပင်၊ ဆေးပင်တွေကိုဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဒီဆေးပင်တွေကို တစ်ခါတည်း ယူသွားလို့ရမလား"

"အပြန်ကျတော့ ယူခွင့်ရှိတဲ့ဆေးပင်တွေကို ယူသွားလို့ရပါတယ်၊ သိဒ္ဓိကြီးတဲ့ ဂမုန်းဖြူ၊ ဂမုန်းနက်၊ ဂမုန်းနီတွေကို လိုချင်ရင်တော့.. သက်ဆိုင်ရာ ဂမုန်းစောင့်နတ်တွေ ခွင့်ပြုမှယူလို့ရတယ်"

"ဒီဂမုန်းပင်တွေက တကယ်ရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဒ္ဓိရှိတဲ့ ဂမုန်းပင်၊ ဆေးပင်တွေက လူ့လောကထဲ အလှည့်ကျသွားကြရတယ်၊ ထိုက်တဲ့သူမှသာရနိုင်ပြီး မထိုက်တဲ့သူတွေ ရှာမတွေ့နိုင်ကြပါဘူး၊ လူလောကမှာ သုံးနှစ်ပြည့်ရင်တော့ မူလဒီနေရာကို ပြန်လာကြရတယ်"

ထိုဂမုန်းပင်များအကြောင်းကို ဖတ်ဖူး၊ ကြားဖူးသော်လည်း ယခုမှ လက်တွေ့မြင်ရခြင်းဖြစ်လေသည်။

ဂမုန်းအမျိုးပေါင်း မြောက်မြားစွာရှိရာ တစ်ခုချင်းတစ်မျိုးချင်းစီကို မရေးတော့ဘဲ သိဒ္ဓိရှိသော ဂမုန်း(၁၀)ပါးကိုသာ ဖော်ပြပေးပါမည်။

၎င်းတို့မှာ

(၁) ဂမုန်းနီ၊ (၂) ဂမုန်းဖြူ၊ (၃) ဂမုန်းနက်၊ (၄) ခတ္တာဂမုန်းနီ၊ (၅) ဂမုန်းခတ္တာဖြူ၊ (၆) ဂမုန်းခတ္တာကြောင်၊ (၇) ဂမုန်းလိပ်မထွား၊ (၈) ဂမုန်းရန်လွတ်၊ (၉) ဂမုန်းခါးတင်၊ (၁၀) ဂမုန်းကတိုး တို့ပင်ဖြစ်သည်။

"အချိန်ရှိတုန်း ရှေ့ဆက်သွားရအောင်"

ဟု ကေသရီက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ သိဒ္ဓိရှိသော ဂမုန်းပင်များကို တွေ့မြင်နေရသော်လည်း ယူခွင့်မရသေးသဖြင့် လည်ပြန်တကြည့်ကြည့်နှင့် ကေသရီနောက်မှ လိုက်သွားရလေသည်။

နောက်တစ်နေရာရောက်တော့ သိုက်ဝင်ဆေးပင်များဟုခေါ်သော ဆေးဖက်ဝင်အပင်မျိုးစုံတို့ကို တွေ့ရပြန်လေသည်။





(သိုက်ဝင်ဆေးပင်ဟု ရေးသားခေါ်ဝေါ်ခြင်းမှာ ရတနာသိုက်ကိုရှာဖွေသောအခါ ခက်ခဲလှပြီး တွေ့ရှိရန် မလွယ်လှသကဲ့သို့ ထိုဆေးပင်ကို ရှာဖွေရာမှာလည်း ခက်ခဲလှပြီးတွေ့ရန် မလွယ်သောကြောင့်ဖြစ်သည်။ ထို့ပြင် အစီအရင်ပြုလုပ်သောအခါ လက်ဝဲလမ်း၊ လက်ယာလမ်းနှစ်မျိုးစလုံး ရောက်နိုင်သဖြင့် သိုက်ဝင်ဆေးပင်ဟု ခေါ်ဆိုကြခြင်းဖြစ်၏။)

ထို့ပြင် သိဒ္ဓိပေါက်သော ဆေးဝိဇ္ဇာဘဝကို ရောက်နိုင်သည့် ဆေးပင်အချို့လည်း ရှိပေသေးသည်။

၎င်းဆေးပင်တို့မှာ-

(၁) ဆေးဘုရင်နှင့် ဆေးမိဖုရားဆေးပင်၊

(၂) ဆေးမင်းဇကရာဇ် ဆေးပင်၊

(၃) ဆေးမင်း စကြာဝတ္တိဆေးပင် စသည်တို့ဖြစ်သည်။

(၎င်းဆေးပင်တို့အကြောင်းကို "ဣတ္ထိယစည်း" ဝတ္ထုရှည်၌ လေ့လာဖတ်ရှုနိုင်ပါကြောင်း)။

လက်ဝဲလမ်း၊ လက်ယာလမ်းနှစ်မျိုးစလုံး ပေါက်နိုင်သည့်ဆေးပင်တို့ကို ဖော်ပြရလျှင်၊

လသာဖြူပင်၊ စတုရင်္ဂလိဆေးပင်၊ ဆေးဝိဇ္ဇာပင်၊ ပုစွန်စာရိုးနီပင်၊ ဗိန္ဓော်ဂီပင်၊ နှမ်းရိုင်းမွဲပင်၊ တပင်ရွှေထီးပင်၊ ဆိတ်သမီးပင်၊ ကုံညှင်းပင်၊ ဆေးချည်ဝင်ပင်၊ ဝက်ခေါက်ဆီပင်၊ ဆေးမင်းကတ္တီပါပင်၊ မြက်မီးသွေးပင်၊ ငွေးခါးပင်၊ ပိန်းချဉ်ပင်၊ ဆီမီးတောက်ဖြူပင်၊ ပဉ္စဂူလီဆေးပင်၊ ဖက်ယားကြီးပင်၊ ပုစွန်မြကြွေစင်၊ ပိုးဝင်ဖြူပင်၊ ကြက်မောက်နီပင်၊ နှမ်းတစ်လုံးပင်. . ထို့မှမ

www.burmeseclassic.com



ကသေးပဲ သိုက်ဝင်ဆေးပင်ပေါင်းများစွာတို့ ရှိသေးသော်လည်း ကျွန်ုပ်ရေးသားခဲ့ပြီးသော အခြားစာအုပ်တစ်အုပ်တွင် နေရာအညွှန်းနှင့်တကွ ပြည့်စုံစွာ ရေးသားဖော်ပြခဲ့ပြီးဖြစ်သောကြောင့် ထပ်မံ၍အသေးစိပ်မရေးတော့ပေပြီ။

တောတစ်တောလုံးမှာ သူတို့ရှာဖွေနေသော ဆေးပင်အတော်များများကို တွေ့မြင်နေရသော်လည်း ယူခွင့်မရသေးသောကြောင့် ဒေါက်တာမင်းထင်ကျော်စိတ်ထဲ၌ မတင်မကျဖြစ်နေတော့သည်။

ထိုတောအုပ်မှ ထွက်သောအခါ ကျောက်တောင်မြင့်များဝန်းရံနေသောနေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ ကျောက်တောင်များကြားမှ ထွက်လာသော မိစ္ဆာများနှင့် ထပ်မံတွေ့ကြရပြန်သည်။

၄င်းတို့မှာလည်း ကြောက်မတ်ဖွယ်ရာ ပုံပန်းသဏ္ဌာန်များရှိကြပြီး လက်နက်ကိုယ်စီဖြင့် လာရောက်တိုက်ခိုက်ကြပြန်လေသည်။

ထိုမိစ္ဆာကောင်များမှာ တောထဲ၌တွေ့ခဲ့ရသော မိစ္ဆာများထက် ပိုမိုစွမ်းအားရှိပြီး ကြောက်စရာလည်း ကောင်းလှသည်။

အကယ်၍သာ ကေသရီမပါဘဲ သူတစ်ယောက်တည်းသာ လာခဲ့ပါက ပြန်လမ်းရှိနိုင်တော့မည်မဟုတ်ပေ။

နောက်ဆုံးမှာလည်း ကျောက်တောင်များကြားမှ ထွက်လာပြီး လာရောက်တိုက်ခိုက်ကြသော မိစ္ဆာကောင်များကို သုတ်





သင်ဖယ်ရှားပြီးနောက် ကျောက်တောင်များရှိရာဘက်သို့ သွားရောက်ကြသည်။

ထိုနေရာရောက်တော့လည်း အဖိုးထိုက်တန်သော ကျောက်စိမ်း၊ စိန်ရိုင်း၊ ပတ္တမြားအစရှိသော ကျောက်များအပြင် လက်ဝဲလမ်း၊ လက်ယာလမ်းအထိ ခရီးပေါက်နိုင်သည့် သိဒ္ဓိရှိသော ကျောက်အမျိုးမျိုးတို့ကို တွေ့ရလေသည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်အနေဖြင့် ထိုကျောက်များအကြောင်းကို ကောင်းစွာနားမလည်သောကြောင့် ပြည့်စုံစွာမသိနိုင်ပါချေ။

သုဝဏ္ဏသေလာကျောက်၊ ရဇိတသေလာကျောက်၊ သုဝဏ္ဏချိပ်၊ အန္တဂူကျောက်၊ အိမ်သာနန်းကျောက်၊ လောဟသေလာကျောက်၊ မဏိသေလာကျောက်၊ မုတ္တာလီကျောက်၊ [illegible]ကွတ်၊ မြင်းသီလာကျောက်၊ ကျောက်အိုးကင်း၊ မက္ကဋအင်္ဂုလိသေလာကျောက်၊ ကျောက်လိပ်၊ ကျောက်မာလကာ၊ ကျောက်[illegible]သွန်း၊ အဖြိုက်နက်၊ ကျောက်ရည်စို၊ ကျောက်ပွန်းညှက်၊ ကျောက်နာဂစိမ်းမှိုင်း၊ ကျောက်ထမင်းချိုး ဟူ၍ အမျိုးမျိုးရှိရာ [illegible]ရှိသောကျောက် အတော်များများကိုတွေ့သော်လည်း အချို့[illegible]သာသိပြီး အချို့ကိုတော့ မသိပေ။

ထို့ပြင် သဘာဝအတိုင်း ပုံပန်းသဏ္ဌာန်ဖြစ်နေသည့် [illegible]ဆန်းသော ကျောက်များကိုလည်း တွေ့ရသည်။

ကျောက်ဆင်၊ ကျောက်မောင်း၊ ကျောက်ဓား၊ ကျောက်[illegible] ကျောက်သံလျက်၊ ကျောက်လက်ဝါး၊ ကျောက်လိပ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပလ္လင်၊ ကျောက်နဂါး စသည်တို့မှာလည်း နေရာအနှံ့ အပြားတွင် သဘာဝအတိုင်း ဖြစ်ပေါ်နေကြသည်။

“ရှင်လိုချင်တဲ့ ဆေးပင်တွေနဲ့ ကျောက်တွေ ဒီမှာတွေ့ ရတယ်မဟုတ်လား”

“တွေ့ရပါတယ် ဒီဆေးပင်တွေ ကျောက်တွေကို တစ်ခါတည်း ယူသွားလို့မရနိုင်ဘူးလား”

“အခုတော့ မယူပါနဲ့ဦး၊ တကယ်လို့ ရှင်ပြန်ခွင့်ရပြီဆိုရင်တော့ ဒီနေရာကို တစ်ခေါက်လာပြီး ကြိုက်နှစ်သက်တဲ့ ဆေးပင်နဲ့ ကျောက်တွေကိုပါ ယူသွားနိုင်ပါတယ်”

“ငါက ဘယ်တော့ပြန်ရမလဲ ဒီလောက်ရှိရင်အဖော်တွေ စိတ်ပူကြရော့မယ်”

“စိတ်မပူပါနဲ့ ရှင်ဒီမှာရောက်နေတဲ့အကြောင်း ကျွန်မသူတို့ကို အသိပေးထားပြီးပါပြီ”

“ဟင်. . ဘယ်တုန်းက အသိပေးတာလဲ”

“မကြာခင်ကမှ ကျွန်မသူတို့ဆီသွားပြီး အသိပေးလိုက်တာပါ”

ထိုစကားကြားတော့မှ အတန်အသင့်စိတ်သက်သာရာ ရသွားလေသည်။

“ဒီအတွက် မင်းကိုကျေးဇူးတင်ပါတယ်၊ ဒါထက်သူတို့ ပါခေါ်ပြီး ဒီနေရာကို တစ်ခေါက်ပြန်လာလို့ရနိုင်သလား”

“ဒီနေရာကိုလာဖို့ဆိုရင် ကျွန်မတို့နေတဲ့နေရာကို ဖြတ်ပြီးမှရောက်နိုင်တယ်၊ ရှင်က သူတို့ကိုခေါ်ပြီး ဒီနေရာကို တစ်





ခေါက်ပြန်လာချင်သေးလို့လား”

ခေါင်းညိတ်ပြလိုက်လေသည်။

“ငါတို့ရှာဖွေနေတဲ့ ဆေးပင်တွေကျောက်တွေက ဒီနေရာမှာအားလုံးရှိတယ်၊ တကယ်လို့ ငါတို့တစ်ဖွဲ့လုံး ဒီနေရာရောက်လာပြီး ဆေးပင်တွေကို ယူနိုင်မယ်ဆိုရင်တော့ အတော်ကောင်းမှာပဲ”

“ကျွန်မတို့ နေတဲ့ ဝေမာနိက ပြိတ္တာဘုံဆိုတာ တခြားလူတွေလာခွင့်မရှိဘူး၊ တကယ်လို့ ရောက်လာရင်လည်း ပြန်ခွင့်မရှိနိုင်ဘူး၊ ရှင်တို့ဒီမှာတစ်သက်လုံးနေကြရမှာ မစိုးရိမ်မိကြဘူးလား”

ကေသရီက သွေးတိုးစမ်းသည့်သဘောဖြင့် မေးလိုက်သည်။

“စိုးရိမ်စရာမရှိပါဘူး၊ ဒီဘုံဘဝတွေမှာ နေကြရတယ်ဆိုတာ သူနေရာနဲ့ထိုက်တန်တဲ့အဖြစ်တွေ မကောင်းတဲ့ကံတွေပြုလုပ်ခဲ့မှ နေကြရတာ၊ ငါတို့ကတော့ ဒီနေရာမှာ တစ်သက်လုံးနေရမယ့် မကောင်းမှုကံမျိုး မရှိသေးဘူးထင်တာပဲ”

ထိုစကားကြောင့် ကေသရီမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

သို့သော် ချက်ချင်း မျက်နှာအမူအရာ ပြင်လိုက်လေသည်။

“ဒီလိုဆိုရင်တော့လည်း နောက်တစ်ခေါက်လာနိုင်အောင် ကြိုးစားကြပေါ့၊ ဒီနေရာကို ဘယ်လိုလာရသလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်လည်းသိနေတာပဲ၊ ကဲ. . အချိန်မရှိတော့ဘူး နေမဝင်ခင် ကျွန်မတို့နေရာ ပြန်သွားရအောင်၊ နေဝင်တာနဲ့ သူတို့ပြန်ရောက်လာကြလို့ မြင်သွားရင်မကောင်းဘူး"

ဟုပြောသဖြင့် ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။ အပြန်ခရီးမှာတော့ တိုက်ခိုက်နှောက်ယှက်ကြမည့် မိစ္ဆာကောင်များကို မတွေ့ရတော့ပေ။







# အခန်း(၁၁)

# ချစ်လိုလျက်နှင့် ဝေးရသူများ

နေဝင်ချိန်ရောက်သည်နှင့် သက်ဆိုင်ရာငရဲငယ်များ[illegible]င်သွားရောက်ငရဲခံနေကြရသော မိန်းကလေးများ တစ်သုတ်[illegible]တစ်သုတ် ပြန်ရောက်လာကြသည်။

၎င်းတို့အမူအရာများမှာ နံနက်ပိုင်းထွက်သွားသောအ[illegible]ကကဲ့သို့ ညှိုးနွမ်းနေသော အမူအရာမျိုး မဟုတ်ကြတော့ဘဲ[illegible]င်းဆမ်းထားသော ပန်းပွင့်ကလေးများကဲ့သို့ လန်းဆန်းပျော်

www.burmeseclassic.com



ရှင်နေကြလေသည်။

ငှင်းတို့သည် သက်ဆိုင်ရာအဆောင်များသို့ ရောက်သော် မိမိတို့အဆောင်များအတွင်းသို့ ဝင်ကြလေသည်။

ထိုအချိန်မှာ အဆောင်များသို့ လူစေ့တက်စေ့ ပြန်ရောက်မရောက်ကို လိုက်လံစစ်ဆေးသူမှာ ဂန္ဓာမာဖြစ်သည်။

ဂန္ဓမာက မဟူရာဒေဝီသခင်မ၏ လက်ဝဲဘက်၌နေသောသူဖြစ်သည်။

ဂန္ဓမာက အဆောင်များ၊ အခန်းများကို လိုက်လံစစ်ဆေးပြီးသောအခါ ဒေါက်တာမင်းထင်ကျော်ရောက်နေသောအဆောင်ဘက်သို့ ရောက်လာသောအခါ ထိုအဆောင်မှာ နေကြရသော မိန်းကလေးများကပြောကြသည်။

"ကျွန်မတို့နေတဲ့အဆောင်မှာ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်နံ့ကို ရပါတယ် သခင်မလေး"

ထိုအခါ ဂန္ဓမာက ထိုအဆောင်မှာနေကြသော မိန်းကလေးအားလုံးကို အပြင်ဘက်သို့ ခေါ်ထုတ်ကာမေးလေသည်။

"နင်တို့နေတဲ့အခန်းတွေထဲမှာ လူစိမ်းယောကျ်ားတစ်ယောက်ကိုဝှက်ထားတာ ရှိသလား"

ထိုသို့မေးသောအခါ အားလုံးက. .

"မရှိပါဘူး သခင်မလေး"

ဟု တညီတညွတ်တည်း ပြန်ဖြေကြလေသည်။

"နင်တို့ မလိမ်ကြနဲ့ မညာကြနဲ့နော်၊ တကယ်လို့ မိသွားရင် ဘယ်လိုအပြစ်ဒဏ်မျိုးခံရမယ်ဆိုတာ သိကြတယ်မဟုတ်





လား"

"သိပါတယ် သခင်မလေး"

"ဒီလိုဆိုရင် အခန်းတိုင်းကို ငါလိုက်ကြည့်မယ်"

ဟုပြောကာ မိန်းကလေးများကိုခေါ်ပြီး တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံစစ်ဆေးလေသည်။

ထိုသို့စစ်ဆေးသော်လည်း မည်သည့်အခန်းမှာမှ ထူးခြားမှုမတွေ့ရပေ။

ဤသို့ဖြင့် ဒေါက်တာမင်းထင်ကျော် ပုန်းနေသောအခန်းသို့ ရောက်လာလေသည်။

"ဒီအခန်းမှာ ဘယ်သူနေသလဲ"

"ဒီအခန်းမှာနေတဲ့ မိန်းကလေးက လူဘဝကိုပြန်သွားခွင့်ရလို့ . . ဒီအခန်းမှာ ဘယ်သူမှ မရှိပါဘူး သခင်မလေး"

ထိုသို့ပြောသောအခါ ဂန္ဓမာက စေ့ထားသောတံခါးကို လက်ဖြင့်တွန်းဖွင့်လိုက်လေသည်။

အခန်းထဲမှာ မှောင်နေသည်။

အခန်းတစ်ခုလုံးမှာလည်း ရှင်းလင်းနေသည်။

ဂန္ဓမာကမသကာသော မျက်လုံးများဖြင့် အခန်းပေါက်ဝမှ အတန်ကြာအောင်ကြည့်နေပြီးမှ တံခါးချပ်ကို ပြန်စေ့ထားလိုက်ပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားလေသည်။

သို့သော် အခြေအနေက ထိုမျှနှင့်ပြီးသွားသည်တော့ မဟုတ်ပေ။

အတန်ကြာသောအခါ လူမည်းကြီးနှစ်ယောက်တို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြန်ရောက်လာလေသည်။

ထိုလူမည်းကြီးနှစ်ယောက်လက်ထဲမှာလည်း လူခါးစောင်းလောက်မြင့်ပြီး ကျားတစ်ကောင်လောက်ဂန္ဓမာကိုယ်အရွယ်အစားရှိသော ငရဲခွေးကြီးနှစ်ကောင်ပါလာလေသည်။

၎င်းတို့သည် အဆောင်သို့ ပြန်ရောက်လာသောအခါ တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် အခန်းတိုင်းသို့ဝင်ကာ ခွေးနက်ကြီးများဖြင့် အနံ့ခံစေကာ လိုက်လံရှာဖွေကြလေသည်။

နောက်ဆုံးတော့ အခြားအခန်းများမှာ ထူးခြားမှု တစ်စုံတစ်ရာမတွေ့ရပဲ ဒေါက်တာမင်းထင်ကျော်ရှိနေသော အခန်းရှေ့သို့ရောက်လာလေသည်။

"ဒီအခန်းထဲဝင်ပြီး သေသေချာချာအနံ့ခံပြီးရှာ ကြည့်ကြ၊ ငါစောစောကရောက်တုန်းက ဒီအခန်းထဲက ထူးခြားတဲ့အနံ့တစ်မျိုးရတယ်"

ဟု အမိန့်ပေးလိုက်ရာ လူမည်းကြီးနှစ်ယောက်နှင့် ခွေးနက်ကြီးနှစ်ကောင်တို့က အခန်းတစ်ခုလုံး နေရာလပ်မရှိအောင် ပိုက်စိပ်တိုက်ကာ လိုက်လံရှာဖွေကြလေသည်။

အခန်းထဲမှာ ထူးခြားသောရနံ့တစ်မျိုး သင်းနေလေသည်။

ထိုရနံ့ကြောင့် အခြားအနံ့များမရှိတော့ပဲ သင်းပျံ့သောရနံ့တစ်မျိုးသာ ရှိတော့သည်။

"ငါစောစောကဝင်လာတုန်းက နံ့သာရည်နံ့နည်းနည်းပဲရတယ် အခုတော့ သင်းပျံ့နေတာပါလား"





ဂန္ဓမာကပြောပြောဆိုဆိုနှင့် အခန်းထဲသို့လျှောက်လာပြီး ကျောက်စားပွဲပေါ်တွင် တင်ထားသော နံ့သာရည်ခွက်ကို ကောက်ယူကြည့်လိုက်သည်။

ရွှေခွက်ထဲတွင် နံ့သာရည်တစ်စက်မှမရှိတော့ပဲ သင်းပျံ့သောရနံ့သာကျန်တော့သည်။ အခန်းတစ်ခုလုံး နံ့သာရည်အနံ့များပြန့်နေသောကြောင့် ခွေးနက်ကြီးများလည်း အနံ့ခံ၍မရတော့ပေ။

အချိန်အတော်ကြာအောင် အခန်းတစ်ခုလုံး ပိုက်စိပ်တိုက် ရှာဖွေကြပြီး ဘာမှမတွေ့ရသောအခါမှ မကျေမနပ်ဖြင့် ပြန်ထွက်သွားကြလေတော့သည်။

ညဦးပိုင်းအချိန်ရောက်တော့ အခန်းတိုင်းလိုလို တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

အချို့အခန်းများမှာ မီးရောင်များ ပျောက်သွားကြလေပြီ၊ စင်္ကြံလမ်းများတစ်လျှောက်မှာလည်း လူသွားလူလာမရှိသလောက်ရှင်းသွားလေပြီ။

ထိုအချိန်ရောက်တော့မှ စင်္ကြံလမ်းတွင် လူတစ်ယောက်လျှောက်လာလေသည်။

သူသည် လူမရှိသောအခန်းရှေ့သို့ ရောက်သောအခါ ပတ်ဝန်းကျင်အခြေအနေကို တစ်ချက်အကဲခတ်ကြည့်လိုက်လေ သည်။

မည်သည့် ထူးခြားမှုမျိုးမတွေ့ရတော့မှ တံခါးကို တွန်းဖွင့်ပြီးအတွင်းသို့ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ မီးရောင်မရှိသဖြင့် မည်းမှောင်နေသည်။

အခန်းတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအခန်းထဲ၌ လူတစ်ယောက်မှ ရှိမနေသော်လည်း နံ့သာရနံ့များကတော့ သင်းနေဆဲပင် ရှိသေး၏။

အမျိုးသမီးက အတွင်းရောက်သောအခါ ဦးခေါင်းပေါ်မှ ပုဝါကို ဖယ်ချလိုက်သည်။

ကေသရီပင်ဖြစ်သည်။

သူမက အခန်းအခြေအနေကို အကဲခတ်ကြည့်ရင်း တိုးညှင်းသောအသံမျိုးဖြင့် မေးလိုက်သည်။

"ရှင် ဒီအခန်းထဲမှာ ရှိနေသေးတယ်မဟုတ်လား"

ထိုအခါ အခန်းအလယ်နေရာလောက်မှ ဒေါက်တာမင်းထင်ကျော်အသံထွက်လာသည်။

"ရှိပါတယ်"

"သူတို့လာတော့ ကျွန်မပေးထားခဲ့တဲ့ နံ့သာရည်တို့ အသုံးပြုလိုက်တယ်မဟုတ်လား"

"သုံးလိုက်တယ်. . ဒါကြောင့် သူတို့ငါ့ကို မမြင်ရတော့တာပဲ"

"အခု ရှင်ဘယ်နေရာမှာ ရှိနေတာလဲ"

"ငါ ကုတင်ပေါ်မှာ ထိုင်နေတယ်"

ထိုအသံကြားသောအခါ ကေသရီကပါ ကုတင်စွန်းတစ်နေရာတွင် ဝင်ထိုင်လိုက်လေသည်။

"အခုလို ဘေးအန္တရာယ်ကကာကွယ်ပေးတာ ကျေးဇူးတင်ပါတယ်"

ကေသရီနံဘေးမှာ စကားသံထွက်လာသည်။

"ဒီလိုမှ မလုပ်ရင် ရှင်ဒုက္ခရောက်မှာပေါ့"

"အခုအန္တရာယ်တွေ ရှင်းသွားပြီဆိုတော့ ငါရဲ့ကိုယ်ခန္ဓာ ပြန်ပေါ်လာအောင် ဘယ်လိုလုပ်ရမလဲ"

"တစ်နည်းနည်းနဲ့ကော့ လုပ်ရမှာပေါ့ ရှင့်ကိုယ်ပေါ်က နံ့သာရနံ့တွေပျောက်သွားရင် ရှင်ပြန်ပေါ်လာမှာပါ"

"ငါတစ်ခုတော့ စဉ်းစားမိတယ် ငါအခုလို ကိုယ်ပျောက်နေတုန်း၊ ဝေမာနီက တံခါးပေါက်ရှိနေတဲ့နေရာကို ပြန်သွားရင် မကောင်းဘူးလား"

ဟု အားတက်သရော မေးလေသည်။

"သွားရင်တော့ ဖြစ်ပါတယ် ဒါပေမယ့် ရှင့်ရဲ့ကိုယ်ခန္ဓာ ပျောက်ကွယ်နေတဲ့ ဘဝမျိုးနဲ့ တစ်သက်လုံးနေသွားရမှာပေါ့"

ထိုစကားကြားတော့ အသံပျောက်သွားပြန်သည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ရှင့်ကိုယ်ပေါ်က နံ့သာနံ့တွေပျောက်ပြယ်သွားအောင် လုပ်ရမှာပေါ့"

"ဒီရနံ့တွေက သာမန်မဟုတ်ဘူး၊ ပျောက်အောင်ဘယ်လိုလုပ်ရမလဲ"

"မကောင်းတဲ့ရနံ့တစ်မျိုး ထပ်ပေါ်လာရင် အလိုလို ပျောက်ကွယ်သွားမှာပါ"

"မကောင်းတဲ့ရနံ့ဟုတ်လား ဘယ်လိုရနံ့မျိုးလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ကာမဂုဏ်ရန်"

"ဟင်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော် အသံ ပျောက်သွားလေသည်။

ကေသရီစကားကြောင့် အသံတိတ်သွားသည်လား။

ဒါမှမဟုတ် စိတ်လှုပ်ရှားသွားသဖြင့် အသံပျောက်ကွယ် သွားခြင်းလောမသိရပေ။ အတန်ကြာတော့မှ. .

"မင်းပြောတဲ့ စကားအဓိပ္ပာယ်ကို ငါသဘောပေါက်ပါ ပြီ၊ ဒါပေမယ့် ငါ့ကိုဘယ်သူအကူအညီပေးမှာလဲ"

ဟု ပြန်မေးလေသည်။

"ရှင် ဒီလိုဖြစ်အောင် ကျွန်မလုပ်ခဲ့တာပဲ၊ ဒါကြောင့် ကျွန်မကပဲ ပြန်ပြီးအကူအညီပေးရမှာပေါ့"

"ငါ့အတွက်ကြောင့်တော့ မင်းမနစ်နာစေချင်ဘူး"

"ကျွန်မဆုံးဖြတ်ပြီးမှ ဒီကိုလာခဲ့တာပါ ကျွန်မကို အကူ အညီပေးမယ်လို့ ရှင်ပြောခဲ့တယ်မဟုတ်လား၊ ကိုယ်ခန္ဓာပျောက် နေတဲ့ဘဝနဲ့ ကျွန်မကို ဘယ်လိုအကူအညီပေးနိုင်မှာလဲ"

ထိုသို့ပြောသောအခါ သက်ပြင်းချသံတစ်ချက်ထွက် ပေါ်လာသည်။

"ကျွန်မဘဝကသန့်ရှင်းစင်ကြယ်တဲ့ အပျိုစင်ဘဝမှာပဲ ရှိပါသေးတယ်၊ ရှင့်အတွက် ဘယ်လိုအပြစ်မျိုးမှ မကျရောက်စေ ရပါဘူး"

ဟု ပြောကာကုတင်ပေါ်သို့ လှဲချလိုက်လေတော့သည်။





ညဦးပိုင်းအချိန်သာသာရှိသေးသော်လည်း ထိုအခန်း ထဲမှာ အမှောင်ရိပ်ကဖုံးနေရာ သဲသဲကွဲကွဲမမြင်ရနိုင်ပေ။

ပထမတော့ ကုတင်ပေါ်မှာ အမျိုးသမီးတစ်ယောက် တည်းရှိနေသော်လည်း နောက်တော့ လူတစ်ယောက်၏ ပုံ သဏ္ဍာန်က ဝိုးတဝါးပေါ်လာလေသည်။

တဖြည်းဖြည်းနှင့် ဒေါက်တာမင်းထင်ကျော်၏ ကိုယ် ခန္ဓာမှာ ပြန်ပေါ်လာလေတော့သည်။

ယခုတော့ သူ့ကိုယ်ပေါ်မှ နံ့သာရနံ့များလည်း ကွယ် ပျောက်သွားလေတော့သည်။

နှစ်ယောက်သားကုတင်ပေါ်မှာယှဉ်လျက်သား ရှိနေကြ ပြီး ဒေါက်တာမင်းထင်ကျော်က ကေသရီကိုယ်ကို အပေါ်မှ သိုင်း ဖက်ထားလေသည်။

"ကေသရီ မောင်တော့ ကေသရီ့အပေါ်မှာ တကယ်ချစ် မိသွားပြီ၊ စွဲလမ်းသွားပြီ၊ မခွဲချင်တော့ဘူး၊ မောင်နဲ့အတူလိုက် နိုင်ရင် လိုက်ခဲ့ပါလားဟင်"

"ကျွန်မလည်း မောင်နဲ့အတူတူပါပဲ၊ မောင့်အပေါ်မှာ တကယ်ချစ်မိနေပါပြီ၊ ဒါပေမယ့် တစ်ခါတည်းတော့ လိုက်လို့ မရသေးဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမှာလည်းဟင်"

"မောင်နဲ့ ကျွန်မတို့က ကံမကုန်သေးရင်တော့ ပြန်ဆုံ ကြရဦးမှာပါ၊ တကယ်တော့ကျွန်မလည်း ဒီမှာမနေချင်တော့ပါ ဘူး၊ ပြောရရင်တော့ ဝေမာနိကဘုံရဲ့ အပြစ်ကြီးတစ်ခုကို ကျူး



www.burmeseclassic.com

www.burmeseclassic.com



လွန်တဲ့သူဖြစ်တော့မှာပါ မဟူရာဒေဝီသခင်မသိသွားရင် ဇရဲ့ တွင်းထဲမှာ အကျဉ်းကျခံရတော့မှာပါ"

"ဘယ်လိုဖြစ်မှုမျိုးကြောင့်လည်းဟင်"

"ဒီဘုံမှာရှိတဲ့ မိန်းကလေးတွေက လူယောက်ျားတစ်ယောက်ကို ချစ်သူအဖြစ်ထားခွင့်၊ လက်ထပ်ခွင့်၊ အတူနေခွင့် ရှိပါတယ်၊ ဒါပေမယ့် အဲဒီယောက်ျားအပေါ်မှာ သံယောဇဉ်ထားခွင့်မရှိပါဘူး၊ နောက်ပြီး လူ့ဘဝကို ပြန်ခွင့်မပေးရဘဲ ငြီးငွေ့လာတဲ့တစ်နေ့မှာ သတ်ဖြတ်ပစ်ရပါတယ်"

"ကေသရီကရော ဘယ်လိုဆုံးဖြတ်မှာလဲ"

"ကျွန်မကတော့ မောင်နဲ့စတွေ့ကတည်းက အခုအချိန်ထိ နှစ်နှစ်ကာကာချစ်နေမိပါပြီ၊ ဒါကြောင့်မောင့်ကိုတော့ အသက်အသေမခံဘူး၊ ဒီနေရာကလွတ်မြောက်အောင် ကျွန်မအကူအညီပေးပါမယ်"

"မောင့်အတွက်နဲ့ ကေသရီ ဒုက္ခရောက်ရမှာကိုတော့ လက်မခံချင်ဘူး၊ ဒီထက်ပိုကောင်းတဲ့ အစီအစဉ်မျိုး ဘာရှိသေးလဲဟင်"

"အကောင်းဆုံးကတော့ ဒီကနေ့ညမှာ မောင်ပြန်ထွက်သွားပေတော့၊ သူတို့တတွေက ဒီနေရာကို လူတစ်ယောက်ရောက်နေတာကို သိနေကြပြီ၊ ဒီတော့ ဒီအကြောင်းတွေကို မဟူရာဒေဝီသခင်မ မသိခင် မောင်ပြန်ထွက်မှ ဖြစ်တော့မယ်"

"မင်းကရောဟင်"

"ကျွန်မကတော့ အခြေအနေကြည့်ပြီး ဒီနေရာမှာပဲ





နေခဲ့ရဦးမယ် ဒီဘုံဘဝက လွတ်မြောက်ခွင့်ရခဲ့ရင်တော့ မောင်ရှိတဲ့နေရာကို ရောက်အောင်လာခဲ့ပါ့မယ်"

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်က သူမကိုယ်ကလေးကို တင်းနေအောင်ဖက်ထားလိုက်သည်။

ကေသရီခမျာလည်း သူ့ရင်ခွင်မှာ မျက်နှာအပ်ကာ မျက်ရည်များကျနေရှာသည်။

ဘုံဘဝမတူသော်လည်း တွေ့ဆုံခဲ့ရသည့် ချစ်သူနှစ်ယောက်အတွက်ကတော့ တဒင်္ဂပျော်ရွှင်ခဲ့ရသော အချိန်တိုလေးနောက်တွင် ရှည်လျားလှစွာသော သောကလမ်းရှည်တစ်ခုက စောင့်ကြိုနေဟန်ရှိလေသည်။

ညဉ့်နက်ပိုင်းရောက်တော့ ကေသရီက နေရာမှ အရင်ထသည်။

"မောင် အချိန်မရှိတော့ဘူး၊ ကျွန်မတို့သွားကြရအောင်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း မထချင်သော်လည်း ထလာရပေသည်။

ထို့နောက် ကေသရီနှင့်အတူ အပြင်ဘက်ထွက်လိုက်သည်။ အဆောင်တစ်ခုလုံး မီးရောင်မရှိပဲ မည်းမှောင်နေသည်။

လူသွားလူလာ တစ်ယောက်တစ်လေမှ မမြင်ရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

အခြေအနေကို ကြည့်ပြီးမထူးခြားတော့မှ စင်္ကြံလမ်းအတိုင်း လျှောက်လာကြသည်။

ထိုစင်္ကြံလမ်းဆုံးသွားသောအခါ, . အပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားကြသည်။

အပြင်ဘက်မှာတော့ နှင်းများကျနေသကဲ့သို့ အဖြူရောင်မြူခိုးမြူငွေ့များက ဝေ့ဆိုင်းလျက်ရှိနေသည်။

နှစ်ယောက်သား ထိုနေရာမှဖြတ်ကာ ဝေမာနိကတံခါးပေါက်ရှိရာသို့ သွားကြလေသည်။

ထိုအချိန်အထိတော့ အနှောင့်အယှက် မတွေ့ကြရသေးပေ။

ဝေမာနိက တံခါးပေါက်ရှိသောနေရာသို့ ရောက်သွားသောအခါ ဒီဘက်ခြမ်းတွင် မှောင်နေသော်လည်း အတွင်းဘက်မှာတော့ အလင်းရောင်များ ရှိနေသည်။

"မောင်သွားပေတော့"

"ကေသရီပါ တစ်ပါတည်းလိုက်ခဲ့ပါလား"

"အခုတော့ကျွန်မလိုက်လို့ မရသေးဘူး၊ လိုက်ခွင့်မရှိသေးဘူး၊ မောင်သာပြန်ထွက်သွားပေတော့၊ ကျွန်မမောင့်ကို အမြဲသတိရနေပါ့မယ်"

ဟုပြောကာ ဒေါက်တာမင်းထင်ကျော်ရင်ခွင်ထဲသို့တိုးဝင်ကာ တင်းတင်းဖက်ထားလိုက်သည်။

ခဏကြာတော့ မနီးမဝေးနေရာမှာ ခွေးဟောင်သံများနှင့်ပြေးလိုက်လာသော အသံများကိုကြားလာရသည်။

"ဟော. . သူတို့သိသွားလို့ နောက်ကလိုက်လာကြပြီ မောင် အမြန်သွားပေတော့"

"မောင် ကေသရီဆီကို တစ်ခေါက်လာခဲ့ဦးမယ်"





ထိုသို့ပြောပြီး ကေသရီနဖူးပြင်ကို တစ်ချက်နမ်းလိုက်သည်။ ထို့နောက်မှ လှချင်းပြန်ခွာလိုက်သည်။

ထိုအချိန်မှ လှချင်းပြန်ခွာလိုက်သည်။

ထိုအချိန်မှာ လိုက်လာသောအသံများက တဖြည်းဖြည်းနီးလာချေပြီ၊

"သွားပေတော့မောင်"

ဟုပြောပြီး ကေသရီက ဝေမာနိက တံခါးချပ်ကို ဖွင့်လိုက်ရာ အလွယ်တကူပွင့်သွားလေသည်။

အတွင်းဘက်မှာတော့ အလင်းရောင်အချို့ရှိနေသည်။

အချိန်မရှိတော့သဖြင့် အတွင်းသို့ဝင်လိုက်ပြီးသည်နှင့် တံခါးချပ်တို့က အလိုအလျောက် ပြန်ပိတ်သွားကြလေသည်။

ပထမတော့ အပြင်ဘက်မှ ခွေးဟောင်သံများ အပါအဝင် ဆူဆူညံညံအသံများကို ကြားနေရသေးသည်။

အတန်ကြာတော့. . အသံများက တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ကေသရီအတွက် စိတ်ဖြောင့်သဖြင့် တံခါးပေါက်နားကပ်ပြီး နားစွင့်ကြည့်တော့ ဘာမှမကြားရတော့ပေ။

သို့ကြောင့် တံခါးပေါက်မှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်တော့လည်း အရိပ်အယောင်မျှ မတွေ့ရတော့ပေ။

မျက်စိတဆုံး အမှောင်ထုများသာ ဖုံးလွှမ်းလျက် ရှိနေတော့သည်။ တံခါးချပ်ကို လက်ဖြင့်တွန်းကြည့်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်မျှပင် မလှုပ်တော့ပေ။

မတတ်နိုင်တော့ပေ။

ကျောင်းတော်ကြီးရှိရာသို့ ပြန်လာရုံမှလွဲပြီး အခြားမရှိတော့ပေ။ သူရောက်နေသည့် တံခါးအတွင်းဘက်မှာတော့ နေ့အချိန်ပင် ရှိနေသေးသည်။

သူ့လက်မှာ ပတ်ထားသောနာရီသည် ဝေမာနိကတံခါး အပြင်ဘက်ရောက်သွားစဉ်က နောက်ပြန်လည်နေရာမှ ယခုတော့လည်း ပုံမှန်အတိုင်း ရှေ့သို့သွားနေပြန်လေပြီ။







# အခန်း(၁၂)

# သိဒ္ဓိရှိသောကက်ကင်းဓာတ်ပညာ

မမျှော်လင့်ဘဲ ဒေါက်တာမင်းထင်ကျော် ပြန်ရောက်လာသောအခါ ကျန်အဖွဲ့သားများက ဝမ်းသာသွားကြလေသည်။

"မောင်ထင်ကျော်ရယ် ပြန်မတွေ့ရတော့ဘူးလို့တောင် စိတ်ထဲမှာထင်နေကြတာ၊ အခုလို ပြန်ရောက်လာတာ သိပ်ပြီး ဝမ်းသာတာပဲ၊ အခုမှပဲ စိတ်အေးရတော့တယ်"

ဟု ဦးဇန်ကောင်းကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းထင်ကျော် ဘယ်နေရာ ဘယ်လိုရောက်ခဲ့ပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောပြပါဦးဗျ"

ထိုသို့ဝင်မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က သူတွေ့ခဲ့သောကြုံခဲ့ရသော အကြောင်းအရာတို့ကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

၎င်းပြောပြသောအကြောင်းအရာများကို ကြားသောအခါ များစွာအံ့ဩသွားကြလေသည်။

"မောင်ထင်ကျော်ရောက်ခဲ့တဲ့နေရာက ဝေမာနိကပြိတ္တာဘုံတစ်ခုပါပဲ၊ ပြိတ္တာဘုံဆိုပေမယ့် သိဒ္ဓိတန်ခိုးရှိတဲ့ ဘုံထဲမှာပါတော့ မသိရင်နတ်ဘုံနတ်နန်းနဲ့ နေကြရတယ်လို့ ထင်ကြရတယ်၊ နောက်ပြီး လူ့ဘုံနဲ့ တဆက်တစပ်တည်းမှာရှိနေပြီး လူတွေနဲ့လည်း ပေါင်းသင်းဆက်ဆံမှု ပြုနိုင်ကြတယ်"

"အံ့ဩဖို့ကောင်းလိုက်တာ"

"ဘာမှတော့ အံ့ဩစရာမရှိပါဘူး၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ အသုရကာယ်ဘုံတွေဟာ လူ့ဘုံနဲ့ ဆက်စပ်မှုရှိနေတဲ့ ပတ်ဝန်းကျင်မှာရှိနေကြတာပဲ၊ လူတွေသေဆုံးကြတဲ့အခါ အထက်ဘုံတွေကို မရောက်နိုင်ဘူးဆိုရင် မလွဲမသွေ အဲဒီအပါယ်လေးဘုံကို ဆင်းကြရ ရောက်ကြရတာပဲ"

"ကြောက်စရာပဲ"

"မြတ်စွာဘုရား ဟောကြားတဲ့တရားတော်တွေထဲမှာ ရွှေရောင်တဝင်းဝင်းနဲ့ ဗိမာန်တွေ ပြသာဒ်တွေနဲ့ နေကြရတဲ့ ပြိတ္တာတွေ၊ ချောမောလှပတဲ့ ပြိတ္တာမတွေအကြောင်း ပါတယ်၊





ဒါပေမယ့် သူတို့တွေဟာ ဘယ်လောက်ပဲ မွန်မြတ်တဲ့ ဘုံဗိမာန်တွေနဲ့ နေကြရပေမယ့် ပြိတ္တာဘုံဘဝရောက်နေရရင်တော့ သူ့ဘဝကပြုခဲ့တဲ့ ဝဋ်ကြွေးကံကိုတော့ မလွဲမသွေခံကြရတာချည်းတွေ့ရတယ်"

"အချို့ပြိတ္တာမတွေက နတ်သမီးတွေလို ချောမောလှပတယ်လို့ ပြောသံကြားဖူးပါတယ်"

ကင်းနက်က ဝင်ပြောလိုက်သည်။

"မှန်ပါတယ် အချို့ပြိတ္တာဘုံဘဝ ရောက်နေကြပေမယ့် အလွန်တရာချောမောလှပပြီး နတ်ဘုံနတ်နန်းနဲ့နေကြရတယ်၊ လူယောက်ျားတွေနဲ့လည်း နှစ်ပေါင်းကြာအောင်ပေါင်းဖော်နေနိုင်ကြတယ်၊ ဒါပေမယ့် ပြိတ္တာဘုံရောက်နေရပြီဆိုမှတော့ သူ့အဝင်္ဋကြွေးကံ တစ်ခုပါလာလို့ ဒီဘုံဘဝရောက်နေရတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်"

"မှန်ပါတယ်ဆရာကြီး"

"ဒါကြောင့် ဘယ်လောက်မြင့်မြတ်တဲ့ ဘုံဗိမာန်နဲ့နေကြသည်ဖြစ်စေ ခံစရာရှိတဲ့ ဝဋ်ကြွေးကံကိုတော့ ခံကြရတာပဲ"

"ရွှေဗိမာန်နဲ့ မနေရရင်လည်း နေပါစေတော့ ဆရာကြီးရယ် ဗိမာန်နဲ့နေပြီး ငရဲခံနေရတာမျိုးလည်း ကြောက်ပါတယ်"

ရမ်ပ စကားကြောင့် သဘောကျစွာရယ်လိုက်ကြသည်။

"ခင်ဗျားဒီလောက်ကြောက်နေရင် လူ့ဘဝနဲ့မနေမှနေမယ်၊ လူလောကမှာ နေရင်တော့ ဝဋ်ကြွေးပါမယ့်ကိစ္စတွေက



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏကြုံရမှာပဲ"

ကင်းနက်စကားကြောင့် ရမ်ပမျက်နှာမှာ မအီမသာဖြစ်သွားလေသည်။

"ကျွန်တော်လည်း စဉ်းစားထားပါတယ် မဟာဂန္ဓရီ တက္ကသိုလ်က ပညာသင်ပြီးလို့ နေရပ်ပြန်ရောက်သွားရင်တော့ တိဗက်ဘုန်းကြီးဘဝနဲ့ပဲ နေတော့မယ်"

ဟုပြောရာ သဘောကျစွာပြုံးကြမြန်သည်။

"ဒါထက် ကိုမင်းထင်ကျော်ပြောတဲ့ အထဲမှာ သိုက်ဝင်ဆေးပင်တွေနဲ့ ထူးဆန်းတဲ့ ကျောက်တွေရှိတဲ့နေရာကို ရောက်သွားတယ်လို့ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း . . .

"မှန်ပါတယ် ဒီပက"

ဟု ပြန်ပြောလိုက်သည်။

"ကျွန်တော်တို့ အခုခရီးထွက်ခဲ့ကြတာ ဆေးပင်တွေနဲ့ အခြားဆေးဖက်ဝင်ပစ္စည်းတွေ ရဖို့မဟုတ်လား ဒီတော့ အဲဒီနေရာ တစ်ခေါက်ပြန်သွားကြည့်ရင် မကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် အဲဒီနေရာမှာ မကောင်းဆိုးဝါးမိစ္ဆာတွေ အများကြီးရှိတယ် သွားရင်တော့ အန္တရာယ်နဲ့တွေ့မှာ မုချပဲ"

"ခင်ဗျားသွားတုန်းက ဘယ်လိုလွတ်မြောက်လာသလဲ"

"ကေသရီ အကူအညီပေးလို့ လွတ်ခဲ့တာ"

"ဒီတစ်ခေါက် ကျွန်တော်တို့သွားရင်လည်း သူ့ကို





အကူအညီတောင်းရရင် ပိုမကောင်းဘူးလား၊ ပြန်တော့ သူ့ကိုပါ တစ်ပါတည်း ခေါ်လာခဲ့တာပေါ့"

ဟုဒီပက ကဝင်ပြောလေသည်။

ဦးဗန်ကောင်းတစ်ယောက်မှလွဲပြီး ကျန်သုံးယောက်ကတော့ ထိုအကြောင်းကို များစွာစိတ်ဝင်စားနေကြဟန် ရှိလေသည်။

ဦးဗန်ကောင်းကတော့ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန်ရှိသည်။

ထိုအခိုက်မှာပင် သူတို့ရှိနေသောနေရာသို့ သူတော်စင်ဘုမာရရောက်လာသဖြင့် အားလုံးကနေရာမှထကာ အရိုအသေပေးလိုက်ကြသည်။

နောက်တော့မှ သူတော်စင်ကြီးနှင့်အတူ ပြန်ထိုင်ကြလေသည်။

သူတော်စင်ကြီးက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်ကာ မေးလိုက်သည်။

"သင်ပြန်ရောက်လာပြီလား"

"ပြန်လာခဲ့ပါပြီ"

"သင့်အနေနဲ့ ပြိတ္တာဘုံကိုရောက်သွားပြီး၊ ချောချောမောမောနဲ့ ပြန်လာခွင့်ရတာ ကံကောင်းတယ်လို့ ဆိုရတော့မှာ ပဲ"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပေ။

"ထူးခြားမှုတွေရော တွေ့ခဲ့ရသလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ခဲ့ပါတယ်ခင်ဗျား၊ အံ့ဩဖွယ်ကောင်းတဲ့ မြင်ကွ
တွေကို အများကြီးတွေ့မြင်ခဲ့ရပါတယ်၊ အဲဒီနေရာမှာ ကျွန်တေ
တို့ရှာဖွေနေတဲ့ ဆေးပင်ဂမုန်းပင်နဲ့ ထူးဆန်းတဲ့ကျောက်ရေ
လည်း အများကြီးတွေ့ခဲ့ရပါတယ်"

သူတော်စင်ကြီးက ခေါင်းညိတ်ပြသည်။

"အဲဒီလိုတွေ့ခဲ့မြင်ခဲ့ရတော့ သင်တို့အနေနဲ့ အဲဒီနေရ
ကို နောက်တစ်ခေါက်ပြန်သွားလိုစိတ် ဖြစ်ပေါ်နေကြတ
မဟုတ်လား"

ထိုသို့မေးသောအခါ ဒေါက်တာမင်းထင်ကျော်တို့
တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ပြီးမှ . .

"မှန်ပါတယ် အဘိုး၊ ကျွန်တော်တို့ အလိုရှိတဲ့ဆေး
တွေရှိတဲ့နေရာကို တစ်ခေါက်ပြန်သွားလိုပါတယ် သွားသင့်
သလား"

ဟု ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ကျွန်ုပ်အနေနဲ့ လူတစ်ယောက်ရဲ့ဆန္ဒကို ပိတ်ပင်ထာ
ဆီးပိုင်ခွင့်မရှိပေဘူး၊ သို့သော် ထိုနေရာသည် အန္တရာယ်မျာ
သဖြင့် မသွားအပ်သော နေရာတစ်ခုဖြစ်ပေတယ်"

ထိုစကားကြားအခါ မသိမသာသက်ပြင်းချလိုက်
လေသည်။

သူတော်စင်ကြီးက ထိုအခြေအနေကို အကဲခတ်မိယ
တူသည်။





"လူတွေရဲ့စိတ်ဆိုတာ တစ်စုံတစ်ခုကို စွဲလန်းမိရင် ပယ်
တ်ဖို့ခက်လှတယ်၊ ဒီအခြေအနေမျိုးမှာ . . ဒီအခြေအနေမျိုး
ရောက်ရင် ဇွတ်အတင်းထိမ်းချုပ်မှုမျိုး မပြုလုပ်သင့်ဘူး၊ စိတ်ကို
ခွက်ပေါက်ပေးပြီး အခြေအနေပေါ်ကြည့်ပြီး လုပ်သင့်တာလုပ်
ပေးရတာမျိုးလည်း ရှိပါတယ်"

သူတော်စင်ကြီးစကားကြောင့် မျှော်လင့်ချက်ရှိလာသ
ည်သို့ ခံစားလာပြန်သည်။

"ဘေးအန္တရာယ်ရှိသော်ငြားလည်း မိမိအတွက် အကျိုး
ဆွားဖြစ်မယ်ဆိုရင် စွန့်စားတန်စွန့်စားရပါတယ်၊ ဥပမာ ဘုရင်
အရာဇ်ဘ၀ကို အလိုရှိရင် စစ်ပွဲတွေကို ကျော်ဖြတ်ရတာမျိုး
ပဲ"

"ကျွန်တော်တို့ကို သွားခွင့်ပေးစေလိုပါတယ်"

"ကျွန်ုပ်အနေနဲ့ တားပိုင်ခွင့်တော့မရှိပါဘူး၊ ဒါပေမယ့်
သင်တို့အတွက်တော့ တတ်နိုင်သမျှ အကူအညီပေးလိုက်ပါ
မယ်"

ဟုပြောသဖြင့် ဝမ်းသာသွားကြလေသည်။

ထို့နောက်မှာတော့ ဗုဒ္ဓရုပ်ပွားတော်ကြီးရှေ့တွင် စိုက်
ထားသောဖယောင်းတိုင်များထဲမှ ဖယောင်းတိုင် (၅)တိုင်ကိုယူ
ကာပြီး သူတို့ငါးယောက်ကိုတစ်ယောက်တစ်တိုင်စီ ပေးသည်။

"အန္တရာယ်နဲ့ တွေ့ရတဲ့အခါမှာ ဒီဖယောင်းတိုင်ကို မီး
ရောက်အဖြစ်ထွန်းပြီး၊ ပြိတ္တာတွေကို မေတ္တာပို့ပေးပါ၊ သင်တို့
အတွက် အန္တရာယ်ကင်းကြပါလိမ့်မယ်၊ ဘယ်နေရာရောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက် မြတ်စွာဘုရားဂုဏ်တော်ကို မမေ့နဲ့၊ တရားတော်တွေနဲ့ ဂုဏ်တော်တွေကို အာရုံပြု ပွားများနေရင် အန္တရာယ်တွေနဲ့ တွေ့ရင်တောင် ကျော်လွှားနိုင်ကြပါလိမ့်မယ်"

ဟုပြောပြီး သူတော်စင်ကြီးက ထိုနေရာမှ ပြန်ထွက်သွားရန်ပြင်သောအခါ နေရာမှပြန်ထကာ အရိုအသေပေးလိုက်ကြလေသည်။

သူတော်စင်ကြီးမရှိတော့မှ ရမ်ပက ဝမ်းသာအားရပြောလေသည်။

"သူတော်စင်ကြီးပေးခဲ့တာ သာမန်မဟုတ်ဘူးဗျ"

"ဘယ်လိုမျိုးလဲ"

"ဒါ တိဗက်နဲ့ဘူတန် အပါအဝင် တရုတ်ပြည်နဲ့ထိစပ်နေတဲ့နေရာတွေမှာ မကောင်းဆိုးဝါးတွေ နှင်ထုတ်တဲ့နည်းပဲ"

"ခင်ဗျားသိသလောက် ပြောပြပါဦး"

"ပြောရရင်တော့ လွယ်လွယ်လေးနဲ့ အစွမ်းထက်တဲ့ ဂမ္ဘီရအစီအရင်မျိုးပဲဗျ၊ ကက်ကင်းခါတ်အစီအရင်လို့ ခေါ်ရလည်းရတယ်"

"ဘယ်လို ကက်ကင်းခါတ်လဲ"

"ဖယောင်းတိုင်၊ မီးတောက်၊ မေတ္တာ၊ ပြိတ္တာ. . စတဲ့ စကားလုံးတွေမှာ ကြာသပတေးနံနဲ့စပြီး စနေနံနဲ့ ပိတ်ထားတာချည်းပဲ၊ အပူခါတ်နဲ့ အအေးခါတ်၊ ဒါမှမဟုတ် ရန်နဲ့မိတ်ကို တွဲထားတာချည်းပဲ မဟုတ်လား"

"မှန်ပါတယ်"





"ရန်ခါတ်နဲ့ မိတ်ခါတ်ကို သင့်မြတ်အောင်အသုံးပြုမယ်ဆိုရင် ရန်သူဟာ မိတ်ဆွေဖြစ်နိုင်တာပေါ့"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းကပါ ဝင်ပြောသည်။

"ရမ်ပ ပြောသလိုပဲ ငါတို့နေတဲ့ မြန်မာပြည်မှာလည်း လူသိများတဲ့ ရန်ဓတ်၊ မိတ်ခါတ်တွဲထားတဲ့ အစီအရင်တစ်ခုရှိတယ်"

"ဘယ်လိုအစီအရင်မျိုးလဲ၊ ဗဟုသုတဖြစ်အောင် ပြောပြပေးပါဦး"

"မင်းပြောတဲ့ ကြာသပတေးနံနဲ့ စနေနံတွဲထားတဲ့ အစီအရင်မျိုးပါပဲ၊ ပိတုန်းအစီအရင်ပါပဲ၊ ပိတောက်သားနဲ့ လုပ်ထားတဲ့ လှည်းပတောင်းကိုရှာပြီး ပိတုန်းရုပ်ထု မျက်လုံးနေရာမှာ ပြဒါးထည့်သုံးတဲ့ အစီအရင်မျိုးပါပဲ၊ ပိတောက်၊ ပတောင်း၊ ပိတုန်း၊ ပြဒါး စတာတွေဟာ ကက်ကင်းခါတ်တွေချည်းပါပဲ"

"အတော်ဆန်းကြယ်တာပဲပေါ့"

"မြန်မာဆေးလောကမှာ ခါတ်ပညာနဲ့ ကုတဲ့ပညာတွေရှိတယ်၊ 'ခါတ်ခိုက်ရင် နတ်တိုက်တာထက်ဆိုးတယ်' 'ခါတ်မျှရင် နတ်မတာထက်ပိုစွမ်းတယ်' လို့ ဆိုလောက်အောင် အစွမ်းထက်တာတွေရှိခဲ့တယ်၊ ဒီပညာကို လေ့လာကြည့်ရင် ကက်ကင်းခါတ်အတော်များများကို တွေ့ကြရတယ်"

"အခုကော ဒီပညာမျိုးတွေ ရှိသေးသလား"

"ဒီပညာတွေက ရှေးကဆရာကြီးတွေ အသုံးပြုခဲ့ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲတဲ့ပညာမျိုးတွေဖြစ်သလို အံတိမ်းအစောင်းမခံ၊ အမှားမ ခံတဲ့ပညာမျိုးတွေဖြစ်လို့ ဆရာကြီးတွေအသုံးပြုရုံကလွဲပြီး . . တပည့်တွေကို မသင်ပေးခဲ့တော့ အခုတော့တဖြည်းဖြည်း ပျောက်သလောက်တောင် ဖြစ်သွားပါပြီ၊ အခုခေတ်ကာလ လူ ငယ်လူရွယ်တွေဆိုရင် တချို့ကြားဖူးပြီး၊ တချို့ဆိုရင် သိတောင် မသိနိုင်ကြတော့ပါဘူး"

"နှမြောဖို့ကောင်းတာပဲ"

"ကမ္ဘာအရပ်ရပ်မှာ သိပ္ပံပညာတွေ ထွန်းကားလာတော့ ရှေးဟောင်းပညာတွေကို လူငယ်လူရွယ်တွေက အာရုံမထားကြ တော့ဘူး၊ ခေတ်ပညာနဲ့ ဆေးကုဖို့ထက် ဆရာဝန်ဖြစ်ချင်တဲ့သူ က ပိုများလာတယ်"

"မှန်ပါတယ်"

"ကောင်းကင်ပေါ်မှာ ဒီအတိုင်းသွားလာနိုင်တဲ့ပညာရပ် တွေကို စိတ်မဝင်စားဘူး၊ စိတ်ကူးယဉ်တာတွေလို့ ထင်ကြတယ် လက်တွေ့ကျတဲ့ လေယာဉ်ပျံနဲ့ သွားတာကိုပဲ စိတ်ဝင်စားတော့ တယ်"

"ဒါကလည်း သူတို့ကို အပြစ်ဆိုစရာတော့ မရှိပါဘူး ရှေးဟောင်းပညာရပ်တွေက ခက်ခဲနက်နဲတယ် စာရွက်ပေါ်မှာ ချပြလို့မရဘူး၊ ပါရမီခေတ်ခံရှိပြီး အသိပညာနဲ့ သင်ရတာမျိုးဆို တော့ လက်တွေ့မဆန်ဘူး၊ ဒါကြောင့်လူငယ်တွေနဲ့ အလှမ်းဝေး သွာတာပါ"

ဟုဒေါက်တာမင်းထင်ကျော်က ဝင်ပြောလိုက်သည်။





"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ တန်ဖိုးရှိတဲ့ရှေးဟောင်း ပညာရပ် တွေက တဖြည်းဖြည်းပျောက်သွားတာကတော့ နှမြောစရာ ကောင်းလှတယ်၊ ခင်ဗျားတို့မြန်မာပြည်မှာရော ဒီလိုမှေးမှိန် ပျောက်ကွယ်သွားတဲ့ ပညာရပ်မျိုးတွေ ရှိတာပဲလား"

ဟုကင်းနက်ကမေးလိုက်သည်။

"ရှိတာပေါ့ဗျာ အများကြီးရှိတာပေါ့၊ အဌမုခတ်ပညာ အကြောကိုင်ပညာ၊ သွေးစမ်းပညာနဲ့ နန်းတွင်းရုပ်မြင်သံကြား ပညာရပ်တွေဆိုရင် အမွေဆက်ခံဖို့ တပည့်တွေမရှိကြတော့လို့ တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားတာ မရှိသလောက်နည်း နေပြီပေါ့"

"ဝမ်းနည်းစရာပါပဲ ဒါထက်စကားကောင်းနေကြတာ ကျွန်တော်တို့သွားမယ့်ခရီးအတွက်တောင် ဘာမှအစီရင်မလုပ် ရသေးဘူး"

ဟု ဒီပက သတိပေးလိုက်တော့မှ စကားဖြတ်ကာ နေ ရာမှ ထကြလေတော့သည်။


ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ထိုနေရာသို့ တစ်ခေါက်ပြန်သွားရမည်မို့ လှုပ်ရှားနေမိလေသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၃)

## ဝေမာနိကအကျဉ်းသား

ဝေမာနိကဘုံးသားတို့နေသော နေရာသို့နောက်တစ်ခေါက်ပြန်သွားရန် စီစဉ်ကြသောအခါ သူတို့ငါးယောက်မှာ စိတ်လှုပ်ရှားနေကြလေသည်။

ထိုအထဲမှာတော့ ဒေါက်တာမင်းထင်ကျော်မှာ ပိုပြီးတက်ကြွမှုရှိနေလေသည်။

အခြားလေးယောက်ထက် ဒေါက်တာမင်းထင်ကျော်က



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ရောက်ခဲ့ပြီးသူဖြစ်သဖြင့် အစစအရာရာ သူကပင်ဦးဆောင်ပြီး စီစဉ်ကြလေသည်။ သူတို့နှင့်အတူပါလာသော ပစ္စည်းများကိုတော့ ကျောင်းမှာပင်ထားခဲ့ပြီး လိုအပ်သောပစ္စည်းများလောက်သာ ယူဆောင်သွားကြလေသည်။

သူတို့သွားကြသောအချိန်မှာ နေ့လည်ဘက်အချိန်သာရှိသေးသည်။

ရာသီဥတုသာယာနေသောကြောင့် နေရောင်ခြည်ပင်တောက်ပလျက်ရှိသည်။

ကျောင်းတော်ကြီးအတွင်းပိုင်းမှာပင် အလင်းရောင်အချို့ရှိနေလေသည်။

ငါးယောက်သား ပန်းချီကားကြီးများရှိသော နေရာသို့ ဦးစွာရောက်အောင် သွားကြလေသည်။

ထိုနေရာမှတစ်ဆင့် ကေသရီနှင့် ဦးစွာတွေ့သောနေရာသို့သွားသည်။

ထိုနေရာမှတစ်ဆင့် ဝေမာနိက တံခါးပေါက်ရှိသောနေရာသို့သွားကြသည်။

ဂူအတွင်းပိုင်းမှ အခြေအနေများကိုမြင်ရသောအခါ ကျန်လေးယောက်တို့မှာ အံ့သြနေကြလေသည်။

"ဂူပေါက်တွေက အများကြီးပဲ ကိုမင်းထင်ကျော်သွားလမ်းကို မှတ်မိရဲ့လား"

"မှတ်မိပါတယ် ပထမတစ်ခေါက်သွားတုန်းက သေသေချာချာမှတ်ထားတာပဲ"





"ဒီနေရာရောက်တော့မှပဲ ကမ္ဘာပေါ်မှာ သာမန်လူတွေမရောက်သေးတဲ့နေရာတွေ အတော်များများရှိနေသေးတယ်ဆိုတာ သိရပေတော့တယ်ဗျို့"

"ကမ္ဘာနဲ့မပြောပါနဲ့ဗျာ ဟိမဝန္တာတောင်တန်းကြီးပေါ်မှာတောင် သာမန်လူတွေမရောက်နိုင်တဲ့ နေရာတွေ အများကြီးရှိပါသေးတယ်၊ တခြားမကြည့်နဲ့ ဒီနေရာပဲ လက်တွေ့ကြည့်တော့၊ ကျွန်တော်တို့တောင် ကံကောင်းထောက်မလို့ ရောက်ကြရပေမယ့် ကျန်တဲ့လူတွေ ရောက်ဖို့လွယ်ပါ့မလား"

"ဘယ်လွယ်မလဲဗျာ"

ထိုသို့ပြောရင်း လျှောက်လာကြရာ နောက်ဆုံးကျောက်တံခါးတစ်ချပ် ခြားထားသောနေရာသို့ ရောက်သွားကြလေသည်။

သူတို့ရှိနေသော တံခါး၏အတွင်းဘက်မှာ. . အလင်းရောင်များ ရှိနေသော်လည်း တံခါးအပြင်ဘက်မှာတော့ ညအချိန်ဖြစ်နေသောကြောင့် အမှောင်ရိပ်များ ဖုံးလွှမ်းထားလေသည်။

ကျောက်တံခါးချပ်မှာ အပေါက်ကလေးများရှိနေသောကြောင့် အပြင်ဘက်မှာ အခြေအနေကို လှမ်းမြင်နေကြရသည်။

"ဟိုဘက်မှာ မှောင်နေပါလား"

"ဟုတ်တယ် ဟိုဘက်မှာ ညအချိန်ဖြစ်နေပြီ၊ ဒီကျောက်တံခါးက နေ့နဲ့ညကို ပိုင်းခြားထားတာ"

ထိုစကားကြားသောအခါ ထပ်မံ၍အံ့သြကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တံခါးချပ်နားကပ်ပြီး အခြေအနေကြည့်သော အခါ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

"ဒီအချိန်ဆိုရင် သူတို့အိပ်နေကြပြီ"

"ဒီတံခါးကရော ဖွင့်လို့လွယ်ပါမလား"

"အရင်တစ်ခေါက် သူဖွင့်တုန်းကတော့ လွယ်လွယ်နဲ့ ပွင့်သွားတာပဲ အခုတော့ စမ်းကြည့်ရမှာပဲ"

ထိုသို့ပြောပြီး တံခါးချပ်ကို လက်ဖြင့်ထိလိုက်တော့ လှုပ်သွားလေသည်။

ထွန်းကြည့်လိုက်တော့ အလွယ်တကူပင် ပွင့်သွားလေသည်။ တံခါးပွင့်သွားသည့်တိုင် အခြေအနေထူးခြားမှု မရှိသဖြင့် ငါးယောက်စလုံး အပြင်ဘက်သို့ ထွက်လိုက်ကြလေသည်။

အမှောင်ထုဖုံးလွှမ်းနေသော ဟင်းလင်းပြင်ကြီးမှလွဲပြီး အခြားတော့မတွေ့ရပေ။

မကြာမီ နောက်ဘက်မှ ပွင့်နေသော တံခါးချပ်က သူ့အလိုအလျောက်ပြန်ပိတ်သွားလေတော့သည်။

တံခါးပြန်ပိတ်သွားသဖြင့် ရမ်ပက အနီးသို့သွားပြီး ပြန်ဆွဲဖွင့်ရာမရတော့ပေ။

"တံခါးဖွင့်လို့ မရတော့ဘူး"

"နေပေစေတော့ နောက်မှ အခြေအနေကြည့်ပြီး စီစဉ်ကြတာပေါ့၊ အခုဘယ်လိုလုပ်မလဲ ဆေးပင်တွေရှိတဲ့နေရာ တစ်ခါတည်း သွားကြမလား"

ဒီပက မေးလိုက်လေသည်။





"မှောင်နေတဲ့အချိန်မှာသွားရင် အန္တရာယ်ပိုများတယ် ညဘက်မှာ တစ်နေရာမှာ ဝင်ပုန်းနေပြီး၊ နေ့အချိန် သူတို့မရှိတော့မှ သွားကြတာပေါ့"

"နေ့အချိန်မှာ သူတို့က ဘယ်နေရာသွားကြတာလဲ"

"ငရဲခံဖို့သွားကြရတယ်၊ နေဝင်တော့မှ ကိုယ့်နေရာကိုယ် ပြန်လာကြရတယ်"

"ကြားရတာနဲ့တင် ကြက်သီးထစရာပဲ"

"ဒါထက် သူတို့က ဘယ်မှာနေကြတာလဲဗျ"

"ဟိုရှေ့မှာ မီးရောင်တွေ မြင်နေရတဲ့အဆောက်အဦးတွေမှာ နေကြတယ် အားလုံး တစ်ရွယ်တည်း၊ တညီတည်း လှပချောမောတဲ့ မိန်းမပျိုလေးတွေချည်းပဲ"

ဒေါက်တာမင်းထင်ကျော် စကားကြားသောအခါ တိတ်ကသားရမ်ပက ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့ တိဗက်မှာတော့ဗျာ၊ မိန်းကလေးရှားသွန်းလို့၊ မိန်းမတစ်ယောက်ကို ယောကျ်ားနှစ်ယောက်တစ်ပြိုင်နက် လက်ထပ်ပြီးပေါင်းကြရတယ်၊ အဲဒီလို မနေချင်ကြတဲ့သူတွေက ဘုန်းကြီးဝတ်ကြတာပဲ၊ ဒီကမိန်းကလေးတွေ ဟိုမှာသွားပို့ထားရင် တိဗက်နိုင်ငံဟာ ဒီထက်ပိုပြီး ပျော်စရာကောင်းသာမှာပဲ"

ဟုပြောရာ ကျွန်လေးယောက်က ပြုံးလိုက်ကြသည်။

"ဒီလိုဖြင့်လည်း တိဗက်မပြန်တော့ဘဲ ဒီမှာပဲ တင်းသက်သုံးနေခဲ့ပေါ့ ရမ်ပရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းစကားကြားသောအခါ ရမ်ပက ကဗျာက ရာငြင်းလေသည်။

"ဒီလိုတော့တစ်သက်လုံး မနေချင်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော်က သဘောပြောတာပါ"

ထို့နောက်မှာတော့ ငါးယောက်သား အမှောင်ရိပ်များမှ လျှောက်ကာ အဆောက်အဦးများရှိသော နေရာဘက်သို့ သတိ ကြီးစွာဖြင့် လာကြလေသည်။

ထိုအချိန်အထိတော့ အနှောင့်အယှက်ပေးမည့် အန္တ ရာယ်တို့ကို အရိပ်အယောင်မှပင် မတွေ့ကြရသေးပေ။

အဆောက်အဦးတစ်ခုအနီး ရောက်သောအခါမှာ တော့ ထူးခြားသောအသံများကို စတင်ကြားကြရသည်။

ငရဲခွေးဟောင်သံများပင်ဖြစ်သည်။

"ငရဲခွေးဟောင်သံတွေကြားရတယ်. . ကျွန်တော်တို့ ရောက်နေတာ သိသွားကြပြီးလား မသိဘူး"

"ဘယ်လိုလုပ်မလဲ"

"ဒီအတိုင်းလျှောက်သွားနေရင်တော့ အန္တရာယ်မကင်း ဘူး၊ တစ်နေရာမှာ သူတို့နဲ့တွေ့သွားနိုင်တယ်၊ ဒါကြောင့် ပုန်းနေ မှဖြစ်မယ်"

ဟုပြောဆိုတိုင်ပင်ကာ. . အဆောက်အဦးတစ်ခု နောက်ဘက်သို့ဝင်ကာ ပုန်းနေကြလေသည်။

ကြားနေသော ခွေးဟောင်သံက သူတို့ရှိရာဘက်သို့ ဦးတည်လာနေခြင်းဖြစ်ပြီး တဖြည်းဖြည်းနှင့် နီးလာလေသည်။





သူတို့ငါးယောက်စလုံးမှာ သူတော်စင်ကြီးပေးလိုက် သော ဖယောင်းတိုင်ငါးတိုင်နှင့် အခြားအသုံးအဆောင် ပစ္စည်း အချို့မှလွဲပြီး မည်သည့်လက်နက်မှ မပါလာပေ။

အကယ်၍ လက်နက်များပါလာလျှင်သော်မှ ငရဲခွေး ကြီးများအား တိုက်ခိုက်၍ရနိုင်မည်မဟုတ်ပေ။

နောက်ဆုံးမှာတော့ သူတို့ပုန်းအောင်းနေသော နေရာ သို့ လူမည်းကြီးများနှင့် ငရဲခွေးကြီးများ ရောက်လာကြလေတော့ သည်။ ပြေးမလွတ်နိုင်တော့ပေ။

ငရဲခွေးကြီးများမှာ လူ့ခါးစောင်းလောက်မြင့်ပြီး အလုံး အထည်ကလည်း နွားသားပေါက်တစ်ကောင်ကဲ့သို့ ထွားကြိုင်း သည်။

တဂီးဂီး၊ တဂဲဂဲနှင့် ပါးစပ်ဖြဲလျက် မာန်ဖီနေသောအခါ ပါးစပ်တွင်းမှ ဖြူဖွေးသောအစွယ်များနှင့် သွားများမှာ အမှောင် ထဲမှာပင် အတိုင်းသား မြင်နေရသည်။

ထို့ပြင် မျက်လုံးကြီးများကလည်း နီရဲနေသည်။

ထိုခွေးကြီးများမှာ တဖြည်းဖြည်းရွေ့တိုးလာနေကြရာ အနီးမဝေးနေရာသို့ ရောက်လာတော့သည်။

"ကိုမင်းထင်ကျော်ပြောတော့ ဒီနေရာမှာ မိန်းမချော လေးတွေရှိတယ်ဆို၊ အခုတော့ ကြောက်စရာကောင်းတဲ့ ငရဲခွေး ကြီးတွေပဲ တွေ့နေရပါလား"

ရမ်ပက ဒေါက်တာမင်းထင်ကျော်အနီးသို့ ကပ်ပြောရာ သူကလည်း တိုးတိုးပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငရဲခွေးကြီးတွေအကြောင်း ပြောဖို့မေ့သွားတယ်"

ထိုသို့ပြောနေစဉ်မှာ လူမည်းကြီးငါးယောက်နှင့် ငရဲခွေးနက်ကြီးငါးကောင်တို့က မနီးမဝေးနေရာသို့ ရောက်လာပြီး လူမည်းကြီးများက အမိန့်ပေးလိုက်သည်နှင့် ပြေးဝင်လာကြတော့မည့်အခြေအနေမျိုးဖြစ်သည်။

တဂီးဂီး၊ တဂဲဂဲမာန်ဖီနေသော အသံတို့ကလည်း ပို၍ကျယ်လောင်လာသည်။

သူတို့အခြေအနေကတော့ ဘုရား၊ တရားအာရုံပြုကြမှလွဲပြီး အခြားဘာမှ မတတ်နိုင်ကြတော့ပေ။

"ဟဲ့. . နောက်ကိုဆုတ်ကြစမ်း"

အန္တရာယ်နှင့်ကြုံတွေ့ရတော့မည့် အခြေအနေမျိုးတွင် အမှောင်ရိပ်ထဲမှာ အမျိုးသမီးတစ်ယောက်အသံ ပေါ်ထွက်လာရာ ငရဲခွေးကြီးများမှာ အရှိန်တုံ့သွားကြသည်။

မရှေးမနှောင်းမှာပင် အမှောင်ရိပ်ထဲမှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။

မဟူရာဒေဝီသခင်မပင်ဖြစ်သည်။

သူ့မနောက်မှာတော့ ဂန္ဓာမာတစ်ယောက်သာပါ ကောသရီတော့ မပါတော့ပေ။

ထိုအမျိုးသမီးက ရှေ့သို့တိုးလာပြီး နှုတ်ဆက်စကား ပြောဆိုလေသည်။

"ကျွန်မတို့ရဲ့ ဝေမာနိကဘုံကို တကူးတကလာရောက်ကြတဲ့အတွက် ကြိုဆိုပါတယ်ရှင်"





သူတို့ငါးယောက်ကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောပဲ အခြေအနေကိုသာ ကြည့်နေလေသည်။

ထိုအချိန်တွင် ဂန္ဓမာက မဟူရာဒေဝီသခင်မအနီးသို့ တစ်စုံတစ်ခုပြောလိုက်သည်။

ထိုသို့ပြောသဖြင့် မဟူရာ ဒေဝီသခင်မက စကားဆက်ပြောသည်။

"ဒီနေရာက လူ့ဘဝနဲ့ စည်းတစ်ခုခြားထားတဲ့နေရာဖြစ်ပါတယ်၊ ရောက်လာဖို့မလွယ်သလို ရောက်လာပြီးရင်လည်း ပြန်ထွက်သွားခွင့်မရှိပါဘူး၊ ရှင်တို့ဒီနေရာကို ဘာကြောင့်ရောက်လာတယ်ဆိုတာ ကျွန်မကြိုတင်သိပါတယ်"

ထိုစကားကြားတော့မှ ယခင်ကအလွယ်တကူဖွင့်မရခဲ့သော ဝေမာနိကတံခါးကို အလွယ်တကူဖွင့်၍ ရခဲ့သည်ကို သဘောပေါက်ကြရလေတော့သည်။

သူတို့အဖြစ်က ဆင်ထားသောထောင်ချောက်ထဲသို့ ခြေတိုးဝင်လာသော အဖြစ်မျိုးဖြစ်သည်။

"ဒါထက် မေးရဦးမယ် ရှင်တို့ငါးယောက်ထဲမှာ ဒီနေရာကို တစ်ခေါက်ရောက်ခဲ့ဖူးတာ ဘယ်သူလဲ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မပြောဘဲနေကြလေသည်။

"စိတ်မပူပါနဲ့ ရှင်တို့မပြောလည်း ဘယ်သူဆိုတာ သိနိုင်ပါတယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



တိုးထွက်လိုက်သည်။

"ကျွန်တော်ပါပဲ"

သခင်မမျက်နှာပေါ်မှာ အပြုံးရိပ်များ ယှက်သမ်းသွားသည်။

ဒေါက်တာမင်းထင်ကျော်ကိုလည်း ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"ဒါဖြင့် ရှင်က ကေသရီရဲ့ချစ်သူပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် အခုတစ်ကြိမ်လာတာဘာယ်လို အကြောင်းမျိုး ရှိလို့လဲ"

"ကျွန်တော်တို့ ဆေးပင်တွေရှိတဲ့ နေရာကိုသွားကြမလို့ လာတာပါ ကေသရီနဲ့လဲတွေ့ခွင့်ရရင် တွေ့ချင်ပါတယ်"

"ဒါကတော့ ရှင်တို့အပေါ်မူတည်ပါတယ် မနက်လင်း တဲ့အခါမှာ သိသင့်တာတွေသိအောင် ပြောပြပေးပါ့မယ် အခု တော့ပင်ပန်းလာကြလို့ နားကြပါဦး"

ဟုပြောကာ အမှောင်ရိပ်ထဲသို့ ပြန်ဝင်သွားလေတော့ သည်။ ထိုသို့သွားကာနီးမှာ 'ဂန္ဓမာ'ဆိုသော အမျိုးသမီးက ဒေါက်တာမင်းထင်ကျော်အား အဓိပ္ပါယ်ပါသော အကြည့်မျိုး ဖြင့် တစ်ချက်ကြည့်သွားလေသည်။

ထို့နောက်မှာတော့ လူမည်းကြီးငါးယောက်က သူတို့ အား အဆောင်ကြီးတစ်ဆောင်ရှိရာသို့ ခေါ်သွားလေသည်။ ထိုအဆောင်မှာ မည်းမှောင်တိတ်ဆိတ်နေပြီး တစ်စုံတစ်ယောက်





မှရှိဟန်မတူပေ။

ထိုအခန်းထဲမှာ မီးရောင်မရှိသော်လည်း တစ်ယောက် နှင့်တစ်ယောက်မြင်နေရသည်။

"ကိုမင်းထင်ကျော်ပြောတာ လက်ခံပြီဗျ၊ ဒီမှာတွေ့ရ တဲ့အမျိုးသမီးတွေက အတော်ချောတာပဲ"

ကင်းနက်က ခတ်တိုးတိုးပြောသည်။

"ဒါထက် ခင်ဗျားနဲ့တွေ့ခဲ့တဲ့ အမျိုးသမီး မတွေ့သေး ဘူးလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

"မတွေ့သေးဘူး၊ မနက်လင်းရင်တော့ တွေ့ရမယ် ထင် တာပဲ"

"ဟော. . . ဟုတ်ပေသားပဲ၊ ခင်ဗျားပြောမှပဲ သတိရ တော့တယ် အခုအချိန်လောက်ဆိုရင် ဟိမဝန္တာမှာ နေ့အချိန်ပဲ ရှိသေးတာ၊ ဒီမှာတော့ အတော်ညဥ့်နက်နေပြီ ဒီမှာ မိုးလင်း တဲ့အချိန် ရောက်တော့မှ ဟိမဝန္တာမှာ ညအချိန်ရောက်မှာပဲ၊ ဒါထက် မေးပါရစေဦး၊ စောစောကရောက်လာတဲ့ အမျိုးသမီး က ဘယ်သူလဲဗျ"

"ကျွန်တော်လည်း သိပ်တော့မသိရသေးဘူး၊ ဟိုတစ် ခေါက်ရောက်တုန်းကလည်း ပုန်းလျှိုးကွယ်လျှိုးနေခဲ့ရတော့ သိပ် သိခဲ့ရဘူး၊ သူ့နောက်မှာပါတဲ့ အမျိုးသမီးကတော့ ကေသရီလို ပဲ ဟိုအမျိုးသမီးရဲ့ လက်ထောက်တစ်ယောက်ဖြစ်မယ်ထင်တာ ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် အခုလောလောဆယ်တော့ ကျွန်တော်တို့ အားလုံး ဝေမာနိက အကျဉ်းသားဘဝရောက်နေကြရပြီ၊ ပြန် လွတ်ဖို့ အခွင့်အရေးမှ ရပါတော့မလား"

ဒီပက စကားကြားသောအခါ ဦးဇန်ကောင်းက နှစ်သိမ့် သောစကားမျိုး ဝင်ပြောလိုက်သည်။

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ ဒီပကရယ်၊ လူဆိုတာ အတိတ်ဘဝကံကြောင့် ဒီဘဝရလာတာပါ၊ အတိတ်ဘဝကံ တဲ့အတိုင်းတော့ မင်းအသက်ရှင်ခွင့်ရမှာပါ၊ လူဘဝရလာပြီးတဲ့ နောက်မှာ မင်းနေချင်တိုင်းလည်း နေလို့မရဘူး၊ သေချင်တိုင်း လည်းသေလို့မရဘူး၊ ဘဝကံပေး ကံကြွေးရှိတဲ့အတိုင်း နေကြ သေကြရမှာဆိုတော့ ဘာမှစိတ်ပူစရာမရှိလှပါဘူး"

ဦးဇန်ကောင်းစကားကြားတော့ ဒီပကက ဘာမှ မပြောပေ။

"လူတွေမှာ အားနည်းချက်ရှိကြတယ်၊ ချမ်းသာနေ အချိန်၊ အဆင်ပြေနေတဲ့အချိန်မှာ ထွေထွေထူးထူး ဘာမှ ပေမယ့် ရုတ်တရက် ဘေးအန္တရာယ်နဲ့ ကြုံတွေ့ရတဲ့အခါ၊ အခ အခဲတွေ ကျရှုံးမှုတွေနဲ့ ကြုံတွေ့ရတဲ့အခါ စိတ်လှုပ်ရှားလာ ရှိတယ် ဒီအခါမှာ အတွေးပေါင်းစုံက တစ်ပြိုင်နက်ဝင်လာ ရှိတယ်၊ ဝင်လာတဲ့အတွေးထဲမှာ ကောင်းတဲ့အတွေးထက် ကောင်းတဲ့အတွေးကပိုများများ ပါလာလေ့ရှိတယ်. . အဲဒီ မလုပ်သင့်တဲ့ အမှားမျိုးတွေလုပ်လေ့ရှိကြတယ်"

"ဆရာကြီးပြောတာမှန်ပါတယ်"





"ဒီတော့ ဘေးအန္တရာယ်နဲ့ပဲတွေ့တွေ့၊ အခက်အခဲနဲ့ ပဲတွေ့တွေ့၊ နောက်ဆုံး အသက်အန္တရာယ်နဲ့ တွေ့ရရင်တောင် စိတ်အေးအေး ထားနိုင်တဲ့သူက အခွင့်အရေးပိုရလေ့ရှိတယ်၊ ဒီတော့ ဘာမှစိတ်ပူမနေနဲ့"

ဟုနှစ်သိမ့်မှုပေးလေသည်။

ထိုအခန်းထဲမှာ မှောင်နေသော်လည်း တကယ်တော့ နေ့ဘက်အချိန်ပင် ရှိသေးသဖြင့် မည်သူမှမအိပ်ကြတော့ဘဲ စကားပြောရင်း ထိုင်စောင့်ကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၄)

# ချစ်ခွင့်မပိုင်သောဘဝများ

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်သောအခါ ဝန္တမာနှင့် နောက်လိုက်နောက်ပါအချို့ ရောက်လာကြသည်။

"ရှင်တို့ ကျွန်မနောက်ကို လိုက်ခဲ့ကြပါ"ဟု ခေါ်သဖြင့် နောက်မှလိုက်သွားကြလေသည်။

အချိန်က နံနက်ပိုင်းအချိန်ဖြစ်သော်လည်း မြူနှင်းများ ပါးနေပြီးအလင်းရောင် ကောင်းစွာရနေချေပြီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်ကျယ်ကြီးရှိသောနေရာသို့ ရောက်သောအခါ အတန်းလိုက်ခွဲရပ်နေကြသော မိန်းကလေးများကိုတွေ့မြင်ရ သည်။ ထိုမိန်းကလေးများမှာတစ်ရွယ်တည်း တညီတည်းရှိကြပြီး ချောမောလှပသူများ ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအခြေအနေနှင့် မြင်ကွင်းကို တွေ့မြင်ဖူးသောကြောင့် အထူးအဆန်းမဖြစ်၊ ယခုမှ ရောက်ကြသော ကျန်လေးယောက်ကတော့ များစွာအံ့သြနေ ကြဟန်ရှိလေသည်။

ပထမ ဒေါက်တာမင်းထင်ကျော်ပြောသည်ကို နား ထောင်ကြရစဉ်က လက်တွေ့မမြင်ရသဖြင့် မယုံကြည်ကြသော် လည်း ယခုကဲ့သို့ တွေ့မြင်ရသောအခါမှ ဒေါက်တာမင်းထင် ကျော်ပြောပြသည်ထက် ပိုမိုအံ့သြဖွယ်ရာကောင်းကြောင်း လက် ခံကြရပေတော့သည်။

စင်မြင့်ထက်မှာတော့ ကျောက်စိမ်းဖြင့်ပြုလုပ်ထား သောပလ္လင်ပေါ်၌ မဟူရာဒေဝီသခင်မက ရောက်ရှိနေပြီးဖြစ် သည်။

သူမသည် လက်ထဲတွင် အစွမ်းထက်လှသော မှော်ဝင် ကြိမ်လုံးကို ကိုင်ထားပြီး ဦးခေါင်းပေါ်မှာလည်း အစွမ်းသိဒ္ဓိရှိ သော သရဖူကို ဆောင်းထားလေသည်။

ဂန္ဓမာက သူတို့ငါးယောက်အား သခင်မရှေ့သို့ခေါ် ဆောင်သွားပြီး တန်းစီ၍ရပ်တဲ့စေသည်။

သူတို့ကို ခေါ်လာသည်ကို မြင်ကတည်းက မိန်းကလေး





များထံမှ တီတိုးပြောဆိုကြသော စကားသံများ နေရာအနှံ့မှ ပေါ်လာလေသည်။

အချို့လည်း စိတ်ဝင်စားသော အမူအရာဖြင့် လှမ်း ကြည့်ကြသည်။ အမှန်တော့ ထိုမိန်းကလေးများမှာ မကြာခင် သက်ဆိုင်ရာ ငရဲခန်းများသို့ သွားရောက်ကြကာ ငရဲခံကြရမည့် သူများဖြစ်ကြလေသည်။

သို့သော်လည်း ထိုအကြောင်းကိုပင် မေ့သွားကြပြီး အ ရွယ်တူယောကျ်ားပျိုများကို တွေ့မြင်ရသောအခါ ရင်ခုန်နေကြ ခြင်းဖြစ်သည်။

လောက၌ တပ်မက်ခြင်းသည် အင်အားအကြီးဆုံးဖြစ် ကာ အရာအားလုံးကို မေ့ပျောက်စေသည်ဆိုသော စကားမှာ မှန်လောက်ပေပြီ။

ငရဲဟူသည် ဆင်းရဲခြင်းများထဲတွင် ကြောက်စရာအ ကောင်းဆုံးပင်ဖြစ်၏။

ငရဲကိုပင် မေ့လျော့သွားလောက်အောင် အင်အားရှိ သည့်အရာမှာ စွဲလမ်းတပ်မက်ခြင်းဖြစ်လေရာ မိန်းကလေးများ မှာ လောလောဆယ်တွင် ယောကျ်ားပျိုများအပေါ်၌ စိတ်ညွှတ် နေကြလေပြီ။

သူတို့ငါးယောက်ကို သခင်မရှေ့သို့ပို့ပေးပြီးသောအခါ ဂန္ဓမာက သူနေရာသို့ ပြန်သွားပြီး မတ်တပ်ရပ်နေလေသည်။

သူမက သခင်မ၏လက်ဝဲဘက်တွင် နေရသူဖြစ်သည်။

လက်ယာဘက်မှနေရာသည် ကေသရီအတွက်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ယခုတော့ ထိုနေရာမှာကေသရီမရှိပေ။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာရောက်လာကတည်းက အခြားထွေထွေထူးထူး မစဉ်းစားသေးပဲ ကေသရီကိုသာ လိုက်ရှာနေလေသည်။

"ဒီနေရာသည် လူဘုံနဲ့စည်းခြားနေသော ဝေမာနိကဘုံပဲ ဖြစ်တယ်ဆိုတာ သင်တို့ကိုပြောပြထားပြီးပြီ၊ ဒီနေရာကို ဘယ်သူမှ လာခွင့်မရှိဘူး၊ အထူးသဖြင့် ယောကျ်ားတွေလုံးဝ မလာရတဲ့ နေရာတစ်ခုပဲဖြစ်ပါတယ်"

"ကျွန်တော်တို့က ဒီနေရာကို လာဖို့ရည်ရွယ်ချက်မဟုတ်ပါဘူး၊ အခြားတစ်နေရာမှာ ဆေးပင်တွေရှာဖို့လာကြရင်းနဲ့ မမျှော်လင့်ပဲ ဒီနေရာရောက်လာရခြင်းပဲဖြစ်ပါတယ်၊ ဒီနေရာ ဒီဘုံအကြောင်းလည်း ဘာမှမသိပါဘူး"

ဒေါက်တာမင်းထင်ကျော်က ပြန်ပြောလိုက်သည်။

"ဘယ်လိုအကြောင်းမျိုးနဲ့ဖြစ်စေ ဒီနေရာကို ရောက်လာရင် ပြန်ထွက်ခွင့်မရှိပါဘူး၊ သင့်အနေနဲ့ ဒီနေရာကို တစ်ခေါက်ရောက်ခဲ့ပြီးပြီ၊ ဒါပေမယ့် ကေသရီရဲ့ ကူညီပေးမှုကြောင့် အသက်ရှင်ရက်နဲ့ ပြန်ထွက်ခွင့်ရသွားခဲ့တာပဲ၊ သူဟာ ဒီဘုံရဲ့စည်းကမ်းတွေကို ဖောက်ဖျက်ခဲ့တယ်"

"သူဘယ်မှာလဲ"

စိုးရိမ်သောကဖြစ်နေသောကြောင့် အသံကျယ်ကျယ်ဖြင့်ပြန်မေးလိုက်သည်။





"သူတစ်နေရာမှာတော့ အသက်ရှင်ရက်နဲ့ ရှိနေပါသေးတယ်၊ ဒါပေမယ့် ပြန်တွေ့လို့တော့ မရတော့ဘူး"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ များစွာစိုးရိမ်သောက ရောက်သွားကြလေသည်။

သို့သော် သူပင်လျှင် ဝေမာနိကအကျဉ်းသားဘဝမျိုးရောက်နေရပြီဖြစ်သောကြောင့် ဘာမှမတတ်နိုင်တော့။

"ဖြစ်ရလေ ကေသရီရယ်၊ ကိုယ့်အတွက်ကြောင့် ဒီလိုဖြစ်ရတာပဲထင်ပါရဲ့၊ ကိုယ့်ဒုက္ခရောက်နေတုန်းက ကေသရီက ကယ်တင်ပေးခဲ့တယ်၊ အခု ကေသရီဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ်ဘာမှ အကူအညီမပေးနိုင်တော့ပါလားကွယ်"

ဟုစိတ်ထဲမှ မချိတင်ကဲ ရေရွတ်နေမိလေသည်။

ထိုအချိန်၌ သခင်မဆက်ပြောလေသည်။

"သင်တို့အနေနဲ့ ရွေးချယ်ခွင့်တော့ ရှိပါသေးတယ် ဒီဘုံမှာ တစ်သက်လုံးနေမယ်ဆိုရင်တော့ အသက်ရှင်ခွင့်ပေးပါ့မယ်၊ ဒါပေမယ့် ဒီမှာရှိတဲ့ မိန်းကလေးတစ်ယောက်ကို ရွေးချယ်လက်ထပ်ပြီး နေရမယ် အဲဒီလိုနေရင် အသက်ချမ်းသာခွင့် ပေးပါ့မယ်၊ လက်မခံရင်တော့ အခုချက်ချင်း ငရဲခွေးတွေ အစာအဖြစ် ကျွေးရလိမ့်မယ်၊ နှစ်သက်ရာရွေးချယ်ကြပေတော့"

ဟုပြောလေသည်။

သူတို့အတွက် ရွေးချယ်စရာမလိုပါချေ။

"အသက်ရှင်နေခြင်းသည် သေဆုံးသွားခြင်းထက် အခွင့်အရေးမြောက်များစွာ ရနိုင်သေးသည်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားအတိုင်း ချက်ချင်းသေသွားတာထက် အသက်ရှင်နေခြင်းက ပိုကောင်းပေမည်။

တစ်ရက်ပိုပြီး အသက်ရှင်လျှင် တစ်ရက်အခွင့်အရေး ပိုရမည်။

တစ်နာရီပိုပြီး အသက်ရှင်ခွင့်ရလျှင် တစ်နာရီပိုပြီကြိုး စားခွင့်ရပေလိမ့်မည်။

ထို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ ပထမ နည်းလမ်းကိုသာ ရွေးချယ်လိုက်ကြသည်။

ထိုအခါ ဦးဗန်ကောင်းက တိုးတိုးပြောသည်။

"အသက်ငါးဆယ်ကျော်မှ ဒီလိုအဖြစ်မျိုးနဲ့ ကြုံတာက တော့မကောင်းဘူးဟော့၊ ငါ့သဘောပြောရရင်တော့ ငရဲခွေးတွေ နဲ့သာ နပန်းသတ်လိုက်ချင်သေးတယ်၊ ဒီပြိတ္တာမတွေနဲ့အတူ နေရမှာတော့ ဟန်ကျမယ်မထင်ဘူး"

ဦးဗန်ကောင်းစကားကြားတော့ ရမ်ပကပြောသည်။

"ပြိတ္တာမတွေဆိုပေမယ့် ချောကြလှကြတာချည်းပါပဲ ငရဲခွေးတွေပါးစပ်ထဲ ရောက်မှာထက်စာရင်သူတို့ပနဲ့ နေရတာ ပိုကောင်းပါလိမ့်မယ်ဆရာကြီးရယ်"

"ကျွန်တော်တို့ လောလောဆယ်တော့ သူတို့နဲ့နေဖို့ပဲ ရွေးကြတာပေါ့၊ နောက်ပိုင်းအခြေအနေကောင်းတော့ ကိုယ့်နေ ရာကိုယ်ပြန်ရောက်အောင် တစ်နည်းနည်းနဲ့ ကြိုးစားကြတာ ပေါ့"

ဒေါက်တာမင်းထင်ကျော်က ပြောရာအားလုံးက ခေါင်း





ညိတ်ပြကြလေသည်။

အတန်ကြာသောအခါ သခင်မက ထပ်မေးပြန်သည်။

"သင်တို့ ဘယ်လိုဆုံးဖြတ်မလဲ"

"အသက်ချမ်းသာခွင့်ပေးပါ၊ ဒီမှာနေဆိုရင်လည်း နေပါ့ မယ်"

ဒေါက်တာမင်းထင်ကျော်စကားကြားသောအခါ သခင် မက သဘောကျစွာပြုံးလိုက်ကြသည်။

ထို့အတူ နောက်ဘက်မှရှိနေကြသော မိန်းကလေးများ မှာလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

"ဒီလိုဆုံးဖြတ်ချက်ချတာ ဝမ်းသာပါတယ်၊ ဒီမှာရှိကြတဲ့ မိန်းကလေးတွေထဲက တစ်ယောက်ဖြစ်စေ နှစ်ယောက်ဖြစ်စေ ခေါ်ယူလက်ထပ်ပေါင်းသင်းနိုင်ခွင့်ရှိပါတယ်၊ နှစ်သက်ရာကို ရွေးချယ်ကြတော့"

ဟုပြောသဖြင့် တန်းစီရပ်နေသော မိန်းမချောလေးများ ထဲမှ မိမိနှစ်သက်ရာကို ရွေးချယ်ခေါ်ယူကြလေသည်။

ထိုသို့ရွေးချယ်ခေါ်ယူသောအခါ အချို့မှာ သဘောကျ သောအမူအရာမျိုးရှိသော်လည်း အချို့ကတော့ သဘောကျ သည့်အမူအရာမျိုး မရှိကြပေ။

သို့သော်လည်း သခင်မရှေ့၌ ဘာမှတော့ ထွေထွေ ထူးထူး မပြောဝံ့ကြပေ။

ဒေါက်တာမင်းထင်ကျော်အလှည့်ရောက်သောအခါ သခင်မနံဘေးမှာ ရပ်နေသည့် ဂန္ဓမာကို ရွေးချယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အရွေးခံရသောကြောင့် ဂန္ဓမာမှာ မျက်စိမျက်နှာပျက်သွားလေသည်။

"ကျွန်မကိုရွေးလို့ မဖြစ်ဘူးထင်တယ်"

ဟူသော စကာတစ်ခွန်းက ပါးစပ်မှ လွှတ်ခနဲထွက်သွားလေသည်။

ထိုအထံကိုကြားသဖြင့် သခင်မက ဖျပ်ကနဲတစ်ချက်ကြည့်လိုက်တော့မှ ဆက်မပြောတော့ပဲ ငြိမ်ကျသွားလေသည်။

အသီးသီးကြင်ဘက်များကို ရွေးချယ်ပြီးသောအခါ သခင်မကိုယ်တိုင်လက်ဆက်ပေးလေသည်။

ထို့နောက်. . .

"အခုလို ရွေးချယ်ခံရတဲ့ မိန်းကလေးတွေအတွက် ဝမ်းသာပါတယ်၊ သင်တို့ဟာ ကံကောင်းသူတွေဖြစ်ကြပါတယ်၊ အခုအချိန်ကစပြီး အခြားနေရာ သွားစရာမလိုကြဘဲ ကိုယ့်ခင်ပွန်းနဲ့ ပြုစုပေးကြပေတော့၊ ကျန်တဲ့မိန်းကလေးများကတော့ မိမိတို့ သက်ဆိုင်ရာ နေရာများကို သွားကြပေတော့"

ဟုအမိန့်ပေးလိုက်ရာ ရွေးချယ်ခံရသော မိန်းကလေးများမှလွဲပြီး ကျန်မိန်းကလေးများမှာ မဟူရာဒေဝီသခင်မထံ အရိုအသေပေးပြီးနောက် နေရာမှထွက်သွားကြလေတော့သည်။

ထို့နောက်မှာတော့ မိန်းကလေးများက ၎င်းတို့ကို ရွေးချယ်ထားသော ခင်ပွန်းများကို သူတို့နေသော အခန်းရှိရာသို့ ခေါ်သွားကြလေတော့သည်။

ဒီပကာ၊ ရမ်ပနှင့် ကင်းနက်တို့ကတော့ မချော်လင့်သော





မိန်းမချော မိန်းမလှလေးများနှင့်အတူတူ နေခွင့်ရကြသောကြောင့် ပျော်ရွှင်တက်ကြွသော အမူအရာဖြင့် ပါသွားကြသော်လည်း ဦးဗန်ကောင်းကတော့ မိန်းကလေးတစ်ယောက်က ခေါ်သွားသဖြင့် စိတ်ပျက်လက်ပျက် အမူအရာဖြင့် ပါသွားလေတော့သည်။

သူမနေသောအခန်းသို့ ရောက်သောအခါ. . အခန်းထောင့်မှာ ထိုင်ချလိုက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

ထို့ကြောင့် ဦးဗန်ကောင်းက အနီးသို့သွားကာ အကျိုးအကြောင်းမေးရလေသည်။

"မိန်းကလေး ဘာဖြစ်လို့ငိုတာလဲ"

"ကျွန်မဘဝက ကံဆိုးလွန်းလှပါတယ်၊ အရင်ဘဝကကံဆိုးလို့ ဒီဘဝရောက်ခဲ့ရတယ်၊ ဒီရောက်ပြန်တော့ထပ်ပြီး ကံဆိုးပြန်တယ် ဒါကြောင့် ဝမ်းနည်းလို့ငိုမိတာပါ"

ထိုစကားကြားတော့ စိတ်ဝင်စားသွားသည်။

"စိတ်ဝင်စားစရာပဲ အရင်ဘဝက ဘယ်လိုပြစ်မှုတွေကျူးလွန်ခဲ့လို့လဲ"

"ကျွန်မမှာ ချစ်သူရှိရက်နဲ့ မိဘတွေပေးစားတဲ့ အသက်ကြီးတဲ့ယောကျ်ားတစ်ယောက်ကို ယူခဲ့ရတယ်၊ နောက်ပိုင်းတော့ ကျွန်မချစ်သူနဲ့ ဖောက်ပြားမိလို့ အခုလိုခံနေရတာပါပဲ ဒါနဲ့မပြီးသေးဘူး၊ အခုဘဝရောက်တော့လဲ"

မိန်းကလေးစကား မဆက်ပဲ ဦးဗနကောင်းကို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ဝေ့ကြည့်သည်။

"အားနာမနေပါနဲ့ကွာ ဆက်သာပြောပါ၊ ဒီဘဝရောက်တော့လည်း ငါ့လိုအသက်ကြီးတဲ့လူနဲ့ ထပ်တွေ့ရလို့ စိတ်ဆင်းရဲနေတာမဟုတ်လား"

မျက်ရည်သုပ်ရင်းနှင့် ခေါင်းညိတ်ပြလေသည်။

"ဒီလောက်လည်း စိတ်ဆင်းရဲမနေပါနဲ့ကွာ၊ ငါကမရှိ သာလို့သာ မင်းကိုယူခဲ့ရပေမယ့် လက်ဖျားနဲ့တောင် မထိပါဘူး ငါ့မှ ဒီလိုစိတ်မျိုးလည်းမရှိပါဘူး"

"ရှင်တကယ်ပြောတာလား၊ ဒါပေမယ့် သခင်မသိသွား ရင် နှစ်ယောက်စလုံး အပြစ်ပေးခံကြရလိမ့်မယ်"

"စိတ်မပူပါနဲ့. . ဒီတော့လည်း သူတို့မသိအောင်ဟန် ဆောင်နေကြတာပေါ့"

ဟု ပြောလိုက်တော့မှ စိတ်သက်သာရာရသွားဟန်ရှိ လေသည်။ ထို့အတူပင်. . .

ဒေါက်တာမင်းထင်ကျော်ကိုလည်း ဂန္ဓမာက သူမနေ သောအခန်းသို့ ခေါ်သွားလေသည်။

အခန်းထဲရောက်တော့မှ မေးသည်။

"ရှင် ကျွန်မကိုတကယ်မချစ်ဘဲနဲ့ဘာကြောင့် ရွေးခဲ့တာ လဲ ရှင့်ကိုကျွန်မသိတယ် ကေသရီရဲ့ ချစ်သူမဟုတ်လား"

"ဟုတ်ပါတယ်"

"ကေသရီရှိရက်နဲ့ ကျွန်မကိုဘာကြောင့်လက်ထပ်တာ လဲ"





"ငါ့ကို အထင်မလွဲပါနဲ့ကွာ၊ ဒီလိုမှ မလုပ်ရင်မဖြစ်တော့ ရွေးလိုက်ရတာပါ"

"ဒါပေမယ့် တခြားမိန်းကလေးတွေ အများကြီးရှိတဲ့ ထဲမှာမှ ဘာကြောင့်ကျွန်မကို ရွေးခဲ့တာလဲ"

"ဒါကလည်း အကြောင်းရှိလို့ပါ တခြားသူတွေရွေးရင် သိချင်တာ သိရမှာမဟုတ်ဘူး၊ မင်းကိုရွေးတော့မှ ကေသရီအ ကြောင်းကို သိရမှာပေါ့"

ထိုစကားကြားတော့ ဂန္ဓမာက သက်ပြင်းတစ်ချက်ချ လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က သူမအနားကပ်သွားပြီး အသံတိုးတိုးဖြင့် မေးလိုက်သည်။

"သူအသက်ရှင်ရက်နဲ့ ရှိနေသေးတယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဘယ်မှာရှိတာလဲ"

"ရှင် ဒီကိုရောက်လာပြီး သူနဲ့ဖြစ်ပျက်ခဲ့တဲ့အကြောင်း ကို သခင်မသိသွားတယ်၊ ဒါကြောင့် မီးလျှံရဲတွင်းထဲမှာ ကျဉ်းချထားလိုက်တယ်"

"ငါ သူ့ကိုကယ်ချင်တယ် မင်းအကူအညီပေးပါ မီးလျှံ တွင်းက ဘယ်မှာရှိတာလဲ"

"နေရာကိုတော့ ကျွန်မသိတယ်၊ ဒါပေမယ့် အဲဒီတွင်း ကို ဆင်းဖို့ကတော့ မဖြစ်နိုင်ဘူး၊ တွင်းတစ်ခုလုံးမီးတောက်မီး တွေနဲ့ ပြည့်နေပြီး၊ ကြောက်စရာကောင်းတဲ့ အစောင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိတယ်”

“ဒါဖြင့် သူကအဲဒီတွင်းထဲမှာ တစ်သက်လုံးနေသွား
မှာလား”

“ဒီလိုတော့ မဟုတ်ပါဘူး၊ ဒီဘုံဘဝက လွတ်မြောက်ခွ
ရတဲ့နေ့မှာတော့ သူလူ့ဘဝကို ပြန်ခွင့်ပေးရမှာပါ”

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သ
ပြင်းချလိုက်လေသည်။

“ရှင် ကေသရီကို တကယ်ချစ်တာလားဟင်”

“ငါ သူ့ကို တကယ်ချစ်တာပါ”

“သူကလည်း ရှင့်ကို အတော်ကလေးချစ်တယ်၊ ရှင်အ
ရောက်မှာစိုးလို့ သူငရဲတွင်းထဲ အကျခံခဲ့တာပဲ”

“ငါ သူနဲ့တွေ့ချင်ပါတယ် မင်းအကူအညီမပေးနိုင်
လား”

“သခင်မ ဆီမှာရှိတဲ့ မှော်ဝင်ကြိမ်လုံးမပါပဲနဲ့ အဲဒီတွ
ထဲကို ဘယ်လိုမှ မဆင်းနိုင်ဘူး”

“အဲဒီကြိမ်လုံးကိုရော ဘယ်လိုနည်းနဲ့ ယူလို့ရမယ်”

“လွယ်တော့မလွယ်ဘူး၊ ဒါပေမယ့် ကျွန်မကြိုးစားကြ
ပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ကွာ”

ညဦးပိုင်းအချိန်ရောက်သောအခါ ဒေါက်တာမင်း
ကျော်ကပြောသည်။

“မင်းက ကုတင်ပေါ်မှာပဲ အိပ်ပါ၊ ငါက ဟိုဘက်တ





ရာမှာ သွားအိပ်ပါ့မယ်”

“အဲဒီလိုနေလို့ သူတို့မြင်သွားရင် ရှင်ရောကျွန်မပါ မီးလျှံ
ငရဲတွင်းထဲ အထည့်ခံရလိမ့်မယ် ဒီကုတင်ပေါ်မှာပဲ လာအိပ်ပါ”

ဟု ခွင့်ပေးသဖြင့် အခြားစိတ်များမပေါ်စေရန် ကေသရီ
အကြောင်းကိုသာအဆက်မပြတ် တွေးနေရလေသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ အခန်းအပြင်
ဘက်မှ လျှောက်လာသော ခြေသံအချို့ကိုကြားရလေသည်။

ခြေသံများက တဖြည်းဖြည်းနှင့်အခန်းပေါက်ဝရှေ့သို့
ရောက်လာသည်။

“သူတို့လာနေပြီ ရှင်ကျွန်မဘက်လှည့်ပြီး ကျွန်မကို ဖက်
ထားပေးပါ”

ဟု ဂန္ဓမာကတိုးတိုးပြောသဖြင့် သူမဘက်သို့လှည့်ကာ
ရင်ခွင်ထဲသွင်း၍ ဖက်ထားလိုက်လေသည်။

ထိုအခြေအနေနှင့် အိပ်ပျော်သွားလေရာ အချိန်အ
တော်ကြာမှ ပြန်နိုးလာပြီးကြည့်လိုက်တော့ ဂန္ဓမာက သူ့ရင်ခွင်
ထဲမှာပင် ရှိနေသေးပြီး ကိုယ်ပေါ်သို့ လက်တစ်ဖက်တင်လျှက်
အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် သက်ပြင်းတစ်ချက်ချလိုက်မိ
လေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၅)

# အထိကရတောမှမိတ္တာများ

ဤသို့ဖြင့် ဟန်မပျက်နေခဲ့ကြရာ သုံးရက်ပြည့်သောအခါ မဟူရာဒေဝီသခင်မက ဒေါက်တာမင်းထင်ကျော်အား ခေါ်တွေ့လေသည်။ သူနှင့်အတူ ဂန္ဓမာလည်းရှိနေလေသည်။

"သင် ရွေးချယ်တဲ့မိန်းကလေးကို နှစ်သက်ပါရဲ့လား"

ခေါင်းညိတ်ပြရင်း 'နှစ်သက်ပါတယ်သခင်မ'ဟု အဖြေပေးလိုက်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"အခုနေ ကေသရီပြန်ရောက်လာလျှင် သင်ဘယ်လို ဆုံးဖြတ်မှာလဲ"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင်စဉ်းစားပြီးမှ

"ကျွန်တော်သူ့ကိုနှစ်သက်ပေမယ့် ဂန္ဓမာနဲ့လက်ထပ်ပြီးဖြစ်လို့ သူ့ကိုစွန့်လွှတ်ပေးရမှာပါ"ဟု

အဖြေပေးလိုက်သည်။

"သင်ပေးတဲ့ အဖြေကမှန်ကန်ပါတယ် သင်ရဲ့ဆုံးဖြတ်ချက်ကလည်း မှန်ပါတယ်၊ သူ့ဘက်ကို မေးရပါဦးမယ် သင်တို့နှစ်ယောက်ရဲ့ အခြေအနေကို ပြောပြပြီး သူ့ဆုံးဖြတ်ချက်ကိုမေးရပါမယ်"

သူကသာသင့်ကို စွန့်လွှတ်ပေးနိုင်တယ် ဆိုရင်တော့ သူ့ကိုငရဲတွင်းထဲက ပြန်ထုတ်ပြီး မူလနေရာမှာ ပြန်ထားပေးဖို့စီစဉ်ရမယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ မျှော်လင့်ချက်တစ်ခု ရှိလာသကဲ့သို့ ခံစားမိလေသည်။

သခင်မက ဂန္ဓမာဘက်သို့ လှည့်မေးပြန်သည်။

"နင်ကရော သူ့အပေါ်မှာ နှစ်သက်မှုရှိရဲ့လား"

ဂန္ဓမာက ရှက်ရွံ့သောအမူအရာဖြင့် ခေါင်းညိတ်ပြလေသည်။

"ဒီလိုသိရတာ ဝမ်းသာပါတယ်၊ ဒါထက် သင်တို့ ဒီနေရာကို ဘယ်လိုကြောင့် ရောက်လာကြတာလည်း ပြောပြပါဦး"





"တစ်ချက်က ကေသရီနဲ့တွေ့ချင်လို့ပါ။ နောက်တစ်ချက်ကတော့ ဆေးပင်တွေရှာဖွေချင်လို့ လာတာပါ"

အမှန်အတိုင်းပင် အဖြေပေးလိုက်လေသည်။

"ကေသရီနဲ့ ပြန်တွေ့ဖို့ကတော့ သူ့ဆုံးဖြတ်ချက်မှန်ပြီး ဘတိပေးနိုင်ရင် ပြန်တွေ့ရမှာပါ၊ ဆေးပင်တွေ ရှိတဲ့နေရာကတော့ ကျွန်ုပ်တို့ပိုင်နက် နယ်မြေမဟုတ်ပေဘူး၊ ဘေးအန္တရာယ်အလွန်များတဲ့နေရာလည်း ဖြစ်တယ်"

"မှန်ပါတယ်"

"ဒီအန္တရာယ်တွေကို သင်တို့အစွမ်းအစနဲ့ ကျော်ဖြတ်နိုင်မယ်ဆိုရင်တော့ သွားခွင့်ပေးပါတယ်"

"ကျေးဇူးတင်ပါတယ် သခင်မ"

ထို့နောက် သခင်မကို အရိုအသေပေးပြီး မိမိတို့နေသောအဆောင်သို့ ပြန်လာကြလေသည်။

"အဲဒီနေရာကို သွားလို့ဖြစ်ပါ့မလား၊ မိစ္ဆာကောင်တွေအများကြီးရှိတယ် တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

သူမအမူအရာမှာ စိုးရိမ်နေဟန်ရှိသည်။

"တစ်ခုခုဖြစ်ပြီး ပြန်မလာနိုင်တော့ ပိုမကောင်းဘူးလား၊ ခင်းအတွက် လွှတ်လပ်သူဘဝ ပြန်ရောက်သွားတာပါ"

ထိုစကားကြောင့် မျက်နှာတစ်ချက်ပျက်သွားသော်လည်း ချက်ချင်းပြင်လိုက်သည်။

"ကျွန်မ လွှတ်လပ်တာ မလွှတ်လပ်တာက သိပ်အရေးမကြီးပါဘူး၊ ရှင် အန္တရာယ်နဲ့ တွေ့မှာစိုးလို့ ပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်တစ်ခေါက်၊ ရောက်ခဲ့ပြီးပြီလေ"

"ကျွန်မသိပါတယ်၊ အရင်တစ်ခေါက်သွားတုန်းက ရှင်နဲ့ အတူတူ ကေသရီပါတယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

ရင်ထဲမှာလည်း ကေသရီအား သတိရသောစိတ်များက ချက်ချင်းတိုးဝင်လာလေသည်။

"ငါတို့ကတော့ သူမပါလည်း အခွင့်အရေးရတုန်း သွားဖို့စီစဉ်ရမှာပဲ"

"ကျွန်မလိုက်ခဲ့ပေးရမလား"

"မင်းအတွက် အန္တရာယ်ဖြစ်မယ်ဆိုရင် မလိုက်ပါနဲ့"

"ကျွန်မအတွက်က အရေးမကြီးပါဘူး၊ ရှင် အန္တရယ်ဖြစ်မှာစိုးလို့ အဖော်လိုက်ခဲ့ပေးမှာပါ"

"ဒီလိုဆိုရင်တော့ မင်းကိုကျေးဇူးတင်ရမှာပေ့ါ၊ ကေသရီ လိုက်တုန်းက မရဏမော်ဝင်မားပါလာတယ်၊ အခုတစ်ခေါက် ရောအဲဒီမားကို ယူလာခဲ့လို့ရမလား"

"ရှင် အသုံးပြုချင်ရင်တော့ ကျွန်မယူလာခဲ့ပေးပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်က ကျွန်လေးယောက်နှင့်တွေ့ကာ ဆေးပင်များရှိသော နေရာသို့သွားရန် တိုင်ပင်ကြလေသည်။

ဆေးပင်နှင့် ထူးဆန်းသော ကျောက်များရှိသော နေရာသို့ ပထမတစ်ခေါက်သွားစဉ်က ကေသရီနှင့် နှစ်ယောက်ထည်း





ဖြစ်သော်လည်း ယခုတစ်ခေါက်မှာတော့ လူများသည်။

သူတို့ငါးယောက်အပြင် ဂန္ဓမာပါ ပါလာသောကြောင့် ခြောက်ယောက်ဖြစ်ပေသည်။

သူတို့နှင့်အတူ မရဏမော်ဝင်ဓားလည်းပါသည်။ သူတော်စင်ကုမာရပေးလိုက်သော ဖယောင်းတိုင်ငါးတိုင်လည်း ပါလာကြသည်။

သူတို့သည် ငြိမ်သက်နေသော တောအုပ်ရှိသော နေရာသို့ ရောက်သွားကြသည်။

ယခင်တစ်ခေါက်ရောက်ခဲ့စဉ်ကလိုပင် တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

တောစပ်သို့ ရောက်သောအခါ အဝးမှပျံသန်းလာသောလင်းတငှက်ကြီးကိုမြင်ရသည်။

လင်းတခန္ဓာကိုယ် လူမျက်နှာပါသော ငှက်ပင်ဖြစ်သည်။

"ဘယ်ကလာတာလဲ"

မနီးမဝေးသစ်ကိုင်းပေါ်မှာ ဝင်နားရင်း သူတို့ကိုကြည့်ကာမေးလိုက်သည်။

"ငါတိုပ ဝေမာနိကဘုံကလာကြတာ"

"အသုရကာယ်ဘုံသားတွေက ဒီနေရာကို လာခွင့်မရှိကြဘူး၊ ဒီနယ်မြေက မိစ္ဆာတွေနေတဲ့နေရာပဲ၊ ဘာအတွက်လာကြတာလဲ"

"သိုက်ဝင်ဆေးပင်တွေနဲ့ ထူးဆန်းတဲ့ကျောက်တွေ ယူဖို့

www.burmeseclassic.com



လာခဲ့တာ"

"ယူခွင့်မပေးနိုင်ဘူး၊ ငါတို့စည်းအတွင်းကိုလည်း ဝင်ခွင့် မပေးနိုင်ဘူး"

"နင်တို့ခွင့်မပေးလည်း ရအောင်ဝင်ယူရမှာပဲ"

ထိုသို့ပြောလိုက်သည်နှင့် လူမျက်နှာနှင့် လင်းတကြီးက ကောင်းကင်သို့ပျံတက်ကာ အသံကျယ်ကျယ်ဖြင့် အော်ဟစ်ရာ တောတစ်တောလုံး ဆူညံသွားလေတော့သည်။

ထိုအသံကြားသည်နှင့် တောတစ်တောလုံး ဆူဆူညံညံ အသံများပေးထွက်လာကာ မကောင်းဆိုးဝါးများထွက်လာ ကြလေသည်။

သရဲသဘက်များ၊ ဘီလူးများအပါအဝင် ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဍာန်အမျိုးမျိုးရှိကြသော မိစ္ဆာများမှာ သူတို့ရှိရာသို့ လာကြရာ ဒေါက်တာမင်းထင်ကျော်က မရဏာမှော်ဝင်ဓားဖြင့် ရှင်းလင်းဖယ်ရှားပြီး ဂန္ဓမာက ကမ္မဝိဇ္ဇာအစွမ်းဖြင့် သုတ်သင်ဖယ်ရှားလေသည်။ သို့သော်လည်း တဖြည်းဖြည်း ပိုမိုများပြားလာသောကြောင့် မနိုင်အောင်ဖြစ်လာသည်။

ကြာလျှင် ခြေကုန်လက်ပန်းကျပြီး ဘေးအန္တရာယ်ဖြစ်လောက်သောအခြေအနေ ရောက်လာသဖြင့် ဒေါက်တာမင်းထင်ကျော်က သတိပေးလိုက်လေသည်။

"သူတော်စင်ကြီးပေးလိုက်တဲ့ ဖယောင်းတိုင်ကိုမြန်မြန် မီးထွန်းပေတော့"

ထိုသို့သတိပေးတော့မှ မီးထွန်းကြလေရာ. . မီးရောင်





များရသည်နှင့် အနီးသို့တိုးကပ်လာနေသော မိစ္ဆာကောင်များမှာ ဝူးဝူးဝါးဝါးအော်ဟစ် နောက်ဆုတ်သွားကြလေသည်။

ထိုအခါမှ အားရှိသွားကာ ရှေ့သို့တိုးလိုက်သွားရာ. . နောက်ဆုံးတွင် တောထဲသို့ ဝင်ပြေးသွားကြတော့သည်။

ခဏကြာတော့ အရိပ်အယောင်မှ မတွေ့ရတော့၊ အသံလည်းမကြားရတော့ပေ၊ ထိုအခါမှ တောထဲဝင်ကြလေသည်။

တောထဲရောက်သောအခါ အနှောင့်အယှက်များ မတွေ့ရတော့ဘဲ သိဒ္ဓိတန်ခိုးရှိသော ဆေးပင်နှင့် ဂမုန်းပင်များကိုသာတွေ့ကြရသည်။

ယခင်တစ်ခေါက်ရောက်စဉ်ကလည်း တောထဲမဝင်ခင်ကသာ အနှောင့်အယှက်များတွေ့ရပြီး တောထဲရောက်တော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရပေ။

ထိုကဲ့သို့ ဖြစ်ရခြင်းအကြောင်းရင်းမှာ သိဒ္ဓိတန်ခိုးရှိသောဆေးပင် ဂမုန်းပင်များရှိသော ပတ်ဝန်းကျင်တစ်ဝိုက်တွင် မိစ္ဆာများ မနေနိုင်ကြသောကြောင့် ဖြစ်သည်။

တောထဲရောက်ပြီး အနှောင့်အယှက်များကင်းသွားသောအခါဖယောင်းတိုင်မီးများ ပြန်ငြိမ်းထားလိုက်သည်။

ထို့နောက်မှာတော့ တောထဲမှာ ရှာဖွေတွေ့ရှိသော ဆေးပင်၊ ဂမုန်းပင်များကို ယူကြလေသည်။

သိဒ္ဓိတန်ခိုးကြီးမားသော ဆေးပင်ဂမုန်းပင်များကိုတော့ အချို့ယူခွင့်ရပြီး အချို့မှာတော့ ဆေးပင်စောင့်၊ ဂမုန်းပင်စောင့်များက ခွင့်မပြုသဖြင့် ယူခွင့်မရကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောအုပ်မှလွန်သောအခါ ကျောက်တောင်အမြင့်ကြီးများ ဝန်းရနေသော နေရာသို့ရောက်သွားကြပြန်လေသည်။

ထိုနေရာပတ်ဝန်းကျင်သို့ ဝင်ရောက်ရန်ပြင်သောအခါမှာလည်း မိစ္ဆာများ၏ ဝိုင်းဝန်းနှောင့်ယှက်မှုများဖြင့် ကြုံတွေ့ရလေသည်။

ထိုအခါမှာလည်း ဖယောင်းတိုင်မီးများထွန်းပြီး ကာကွယ်ကြရာ အောင်မြင်မှုရကြလေသည်။

နောက်ဆုံးမှာတော့ အနှောင့်အယှက်များကင်းသွားပြီး နောက်အလိုရှိသောကျောက်များ ရှာဖွေယူခွင့်ရကြလေရာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

"ကျွန်တော်တို့ငါးယောက် ဆေးပင်နဲ့ ကျောက်တွေရှာဖွေဖို့ မဟာဂန္ဓာရီတက္ကသိုလ်က ထွက်လာခဲ့ကြတာ ရက်ပေါင်းအတော်ကြာခဲ့ပြီ၊ ဟိမဝန္တာတောင်တစ်ကြောလည်း နေရာအတော်များများ ရောက်ခဲ့ကြပြီးပြီ၊ ဒီလိုအခွင့်အရေးမျိုး မရခဲ့ကြဘူး"

ဒီပက ကပြောသည်။

"မှန်တာပေါ့ဗျာ ကျွန်တော်တို့ရက်ပေါင်းများစွာ ရှာဖွေစုဆောင်းထားတဲ့ ဆေးပင်တွေက ဘာမှမပြောပလောက်ဘူး အခုဒီမှာတွေ့ရတဲ့ ဆေးပင်တွေကတော့ သိုက်ဝင်ဆေးပင်လို့ ပြောရလောက်အောင်တကယ် ဆေးပင်သိုက်ကြီးပါပဲဗျာ"

ကင်းနက်စကား ကြားသောအခါ ရမ်ပကရယ်လိုက်သည်။





"ဆေးပင်သိုက်ကြီးဖြစ်သလို မိစ္ဆာသိုက်ကြီးလို့လည်း ပြောလို့ရသဗျ၊ ဒီနေရာက လူဘဝနဲ့စည်းနှစ်တန်လောက် ခြားနေတဲ့နေရာဖြစ်လို့ နောက်တစ်ခေါက်ပြန်လာဖို့ကလည်း မဖြစ်နိုင်တော့ဘူး၊ ဒီတော့ ရတုန်းများများသာ ယူထားကြပေတော့"

"များများယူတာကတော့ ဟုတ်ပါပြီ မင်းကဒီနေရာက ဘယ်အချိန်ပြန်ရမယ် ထင်နေလို့လဲ"

ဦးဇန်ကောင်းက ဝင်ပြောတော့ ရမ်ပမှာ တစ်စုံတစ်ခုကိုသတိရသွားပြီး အသံတိတ်သွားလေသည်။

သူတို့ငါးယောက်စလုံးမှာ ဝေမာနိက အကျဉ်းသားဘဝရောက်နေရသည်ကို ရမ်ပတစ်ယောက်မေ့နေဟန် ရှိလေသည်။

ထို့နောက်မှာတော့ ဆေးပင်နှင့် ကျောက်တို့ကို ရနိုင်သမျှ သယ်ယူပြီး ထိုနေရာမှပြန်ထွက်ရန်ပြင်ကြလေသည်။

ထိုအခါမှာတော့ များပြားလှသော မိစ္ဆာကောင်များရောက်လာပြီးဝိုင်းဝန်းလျှက် သူတို့ထံမှ ဆေးပင်၊ ကျောက်များကို ပြန်လည်လုယူရန် ကြိုးစားကြလေတော့သည်။

သူတို့(၅)ယောက်ကို ထွက်ပေါက်မရှိအောင် ဝိုင်းဝန်းထားကြလေတော့သည်။

"ဒီလောက်များတဲ့ မိစ္ဆာတွေကို ကျွန်မတော့ မနိုင်တော့ဘူး၊ ရှင်တို့မှာပါတဲ့ ဖယောင်းတိုင်ကိုထွန်းပြီး ထွက်မှဖြစ်တော့မယ်"

ဟု ဂန္ဓမာက သတိပေးလိုက်သဖြင့် ငါးယောက်စလုံး သူတော်စင်ကြီးပေးလိုက်သည့် ဖယောင်းတိုင်များကို တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက်တည်း မီးထွန်းလိုက်ကြသည်။

ဖယောင်းတိုင်မီးများက ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖြန့်သွားသောအခါ ၎င်းတို့ကို ဝိုင်းထားသော မိစ္ဆာများမှာ နောက်သို့ဆုတ်သွားကြလေသည်။

ထိုအခါ သူတို့ကရှေ့သို့တိုးသွားကြရာ မိစ္ဆာများ နောက်သို့ ရှဲသွားလေသည်။

သို့သော်လည်း ဝေးဝေးသို့ထွက်သွားခြင်း မဟုတ် မနီးမဝေးသို့ ဆုတ်ပေးခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှနေပြီး ဂန္ဓမာ နောက်မှ နေလေသည်။

ကျွန်လေးယောက်က အတွင်းမှလိုက်ကြလေသည်။

"ဖယောင်းတိုင်မီးမငြိမ်းခင် ဒီစည်းကကျော်အောင် ထွက်မှ ဖြစ်မယ်၊ မိစ္ဆာကောင်တွေက တဖြည်းဖြည်းပိုများလာပြီ"

ထိုသို့ပြောရင်းနှင့် ရှေ့သို့တိုးသွားရာ ရှေ့မှပိတ်နေ သော မိစ္ဆာများက လူတစ်ယောက်သွားသာရုံ လမ်းဖယ်ပေး လေသည်။

နောက်ဆုံးတွင် လက်ထဲမှာရှိနေသော ဖယောင်းတိုင် မီးများ ငြိမ်းလုငြိမ်းခင်အချိန်လေးမှာပင် စည်းကိုကျော်၍ အပြင် သို့ရောက်အောင် ထွက်နိုင်ကြလေသည်။

ထိုအခါမှပင် အသီးသီး သက်ပြင်းချနိုင်ကြတော့သည်။ အလိုရှိသောဆေးပင်နှင့် ကျောက်များရခဲ့ကြပြီးဖြစ်သောကြောင့် အားလုံးမှာ လက်ရှိအခြေအနေကိုပင် မေ့လျော့ကာ ဝမ်းသာနေ





ကြလေသည်။

မိမိတို့အခန်းပြန်ရောက်သောအခါ ဂန္ဓမာမှာ ကုတင် ပေါ်မှာ လဲလျောင်းနေသည်။

သူမကြည့်ရသည်မှာ မိစ္ဆာများစွာတို့ကို စွမ်းအားသုံး တိုက်ခိုက်ခဲ့ရသောကြောင့် ပင်ပန်းနွမ်းနယ်နေဟန်မျိုးဖြစ် သည်။

ထိုအခြေအနေကိုမြင်တော့ ဒေါက်တာမင်းထင်ကျော် ကုတင်စွန်းမှာဝင်ထိုင်ပြီးမေးသည်။

"မင်း နေမကောင်းဘူးလား"

"ကောင်းပါတယ် စွမ်းအားအသုံးပြုရတာများလို့ ပင် ပန်းနေတာပါ"

"မင်းအကူအညီပေးလို့ လိုချင်တဲ့ဆေးပင်တွေ ရခဲ့ကြ တာမင်းကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူး၊ ရှင်တို့ကို အခုလို အကူ အညီပေးခွင့်ရတာကိုပဲ ကျွန်မကျေနပ်ပါတယ်"

သူမက အားနည်းသောအပြုံးဖြင့် ပြန်ပြောသည်။

"ငါတို့ မဟာဂန္ဓာရီ တက္ကသိုလ်ကို ပြန်ရောက်သွားတဲ့ အခါ မင်းအကူအညီပေးလို့ ဆေးပင်နဲ့ကျောက်တွေရလာတဲ့ အကြောင်းကို ပြောပြလိုက်ပါ့မယ် ဒီလိုဆေးပင်တွေရလာတာ သိရင် ဆရာသခင်များက ဝမ်းသာကြမှာပါ၊ မင်းကိုလည်း ကျေး ဇူးတင်ပါလိမ့်မယ်"

ထိုစကားကြားသောအခါ ဂန္ဓမာမှာ မျက်နှာတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားလေသည်။

"ရှင်က ပြန်ချင်နေပြီလား၊ ဒီမှာနေရတာ မပျော်ဘူး
လား"

"မင်းနဲ့နေရတာပျော်ပါတယ်၊ ဒါပေမယ့် ကုသိုလ်..
ကောင်းမှုပြုခွင့်မရတဲ့ ဒီလိုနေရာမျိုးမှာ ပျော်ရွှင်မှုတစ်ခုတည်း
နဲ့ အမြဲတစေနေလို့မှ မဖြစ်နိုင်တာ"

ထိုစကားကြားသောအခါ ဂန္ဓမာကအားနည်းစွာ ပြုံး
လိုက်လေသည်။

"ရှင်ပြောတာမှန်ပါတယ်၊ ဒီနေရာက အပြစ်ရှိတဲ့သူတွေ
နေရတဲ့နေရာမျိုးဆိုတော့ အပြစ်ကင်းတဲ့သူတွေအတွက်တော့
နေဖို့မသင့်ပါဘူး"

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးတစ်
ဖက်ကို ဆုပ်ကိုင်ပြီး အားပေးစကားပြောလိုက်သည်။


"မင်းလည်း အရင်ဘဝကပြုခဲ့တဲ့ ကုသိုလ်ကံကြောင့်
ဒီနေရာမျိုးက အမြန်ဆုံးလွတ်ပါစေလို့ ဆုတောင်းပေးပါတယ်"

သူမက ဒေါက်တာမင်းထင်ကျော်လက်ကို ပြန်ဆုပ်ထား
ရင်း နားလည်းစွာပြုံးပြလေသည်။

ထိုအချိန်မှာပင် ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာ
လေတော့သည်။







# အခန်း(၁၆)

# ချစ်ခွင့်ဆုံနိုးမကြုံနိုးနှင့်

မီးလျှံငရဲတွင်းဟူသောအမည်နှင့်လိုက်အောင် ပူပြင်း
သောနေရာမျိုးဖြစ်ပြီး နေရာမလပ်မီးတောက်မီးလျှံများ ပြည့်နေ
သည့်နေရာမျိုးလည်း ဖြစ်သည်။

ဂူကြီးတစ်ဂူကြီးအတွင်းမှာရှိပြီး ငရဲသားနှင့်တူသော ဂူ
မည်းကြီးများ၊ ဘီလူးနှင့် ပုံပန်းသဏ္ဌာန်တူသော မိစ္ဆာကောင်များ
က ဂူပေါက်ဝ၌ စောင့်ကြပ်နေကြသည်။

www.burmeseclassic.com



ထိုနေရာသို့ မဟူရာဒေဝီသခင်မ ရောက်လာသောအခါ အစောင့်များက အရိုအသေပေးပြီးနောက် ကျောက်တံခါးချပ်ကြီးကိုဖွင့်ပေးလေသည်။

ဂူကြီးအတွင်းဘက်မှာ သီးခြားထွန်းထားသော မီးရောင်မရှိသော်လည်း ငရဲမီးရောင်များတော့ရှိနေသည်။

ထိုမီးရောင်များကြောင့်ကောင်းစွာ မြင်ရသည်။

အတွင်းရောက်သောအခါ အခန်းကျယ်ကြီးတစ်ခုသို့ ရောက်သွားပြီး မီးလျှံငရဲတွင်းကို ကျောက်ပြားဝိုင်းကြီးဖြင့် ပိတ်ထားလေသည်။

သခင်မက ထိုကျောက်ပြားဝိုင်းကြီးအားဖွင့်ဖို့ အမိန့်ပေးလိုက်ရာ အစောင့်များက ကျောက်ပြားဝိုင်းအား ဖွင့်ပြီး နံဘေးသို့ဖယ်လိုက်ကြသည်။

ထိုသို့ ဖွင့်လိုက်သည်နှင့် တွင်းထဲမှ မီးရောင်များက အပေါ်သို့ လျှံတက်လာသည်။

တွင်း၏အောက်ခြေမှာတော့ ကေသရီရှိနေလေသည်။ မီးတောက်မီးလျှံများက နံဘေးပတ်လည်၌ရှိနေသော်လည်း သူမရှိသော ကျောက်ပြားချပ်ပေါ်မှာတော့ ဘာမှမရှိပေ။

မီးတောက်များမရှိသလို အပူရှိန်လည်းမရှိပေ။ အကယ်၍သာ ထိုကျောက်ပြားပေါ်မှာ မနေဘဲ . . အခြားတစ်နေရာသို့ ရွှေ့ပြောင်းရန်ကြိုးစားပါက ငရဲမီးလျှံများက လာဟပ်သဖြင့် ခဏချင်း ပြာကျသွားပေလိမ့်မည်။

မဟူရာဒေဝီသခင်မက ကမ္ဘဇိတ္တကို အသုံးချပြီးထိုတွင်းထဲသို့ဆင်းလိုက်သည်။

သူမ၏ခန္ဓာကိုယ်မှာ ငှက်မွေးတောင်တစ်ခုပမာ ပေါ့ပါးစွာဖြင့် အောက်သို့ရောက်သွားလေသည်။

သူရောက်လာသည်ကို ကေသရီက မသိရှာပေ။

ကျောက်ပြားချပ်ပေါ်မှာ လဲလျောင်းနေရင်း ငြိမ်သက်စွာရှိနေလေသည်။

ထို့ကြောင့် သခင်မက မှော်ဝင်ကြိမ်လုံးဖြင့် သူမဦးခေါင်းကို တို့ထိပေးလိုက်တော့မှ အံလန့်တကြားဖြင့် ထလာသည်။

သခင်မကို မြင်သောအခါ ကြောက်ရွံ့စွာဖြင့် အရိုအသေပေးလိုက်လေသည်။

"နင် နောင်တရပြီလား ကေသရီ"

ဘာမှပြန်မပြောပဲ ငိုကြွေးနေသည်။

"လူတွေမှာ ရုပ်ခန္ဓာကို စိတ်ကဦးဆောင်နေတယ် ဆိုပေမယ့် လုပ်သင့်တာကိုလုပ်ရတယ် မလုပ်သင့်တာကို မလုပ်ရဘူး၊ အခုတော့ ကံကြမ္မာဆိုးတွေနဲ့ ကြုံနေရပြီမဟုတ်လား"

ကေသရီက ဘာမှပြန်မပြောပေ။

"တစ်ချိန်ကျရင် နင်ငါ့နေရာကို ဆက်ခံခွင့်ရမယ်သူပဲ ကိုယ်စိတ်ကိုကိုယ်ပြင်မယ်လို့ ကတိပေးရင် ဒီနေရာက လွတ်မြောက်ခွင့်ပေးမယ်"

"လွတ်မြောက်ခွင့်ရလည်း ကျွန်မဘဝက အသက်ရှင်နေပါလျက်နဲ့ ဘဝသေနေရတဲ့သူဘဝမျိုး ရောက်မှာပါပဲ သခင်




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



မရယ်"

"နင်က သူ့အပေါ်မှာ အတော့်ကို စွဲလမ်းနှစ်သက်မှုဖြစ် နေတာကို၊ နင်ချစ်နေတဲ့သူက အခုဒီနေရာကို တစ်ခေါက်ပြန် ရောက်နေပြီ"

"ဟင်"

"ဟုတ်တယ် သူနဲ့အတူ အဖော်တွေလည်းပါလာကြ သေးတယ်၊ အခုတော့ သူကလွတ်လပ်သူတစ်ယောက်မဟုတ် တော့ဘူး၊ သူ့ကို ဂန္ဓမာနဲ့ လက်ထပ်ပေးထားလိုက်ပြီ"

"ရှင်"

ကေသရီတစ်ကိုယ်လုံး တုံ့လှုပ်သွားသော အမူအရာ ဖြင့် ဒယိမ်းဒယိုင်ဖြစ်သွားလေသည်။

"ဒါကြောင့် နင်သူ့ကို မျှော်လင့်မနေနဲ့တော့၊ ငါနဲ့ပြ လိုက်ခဲ့ပြီး၊ အရင်အတိုင်း နေမယ်ဆိုရင် တစ်ခါတည်း ပြန်ခေါ် သွားမယ်"

ထိုစကားကြားတော့ ပထမဉြင်းပယ်ရန် စိတ်ကူးမိသေး သည်။ သို့သော် ဂရဲတွင်းထဲမှာ နေရသည်ထက် အပြင်ရောက် လျှင် အခြေအနေပိုသိရနိုင်မည် ဖြစ်သောကြောင့် ကတိပေး လိုက်လေသည်။

"ကျွန်မ ကတိပေးပါတယ်"

ထိုစကားကြားသောအခါမှ မဟူရာဒေဝီသခင်မက ကေသရီအားအပေါ်သို့ တစ်ပါတည်းပြန်ခေါ်သွားလေတော့ သည်။ နောက်တစ်နေ့မှာတော့ သခင်မက ကေသရီကို သူမ





ခန်းသို့ခေါ်ပြီး သစ္စာရေတိုက်သည်။

"ဒေါက်တာမင်းထင်ကျော်နှင့်တွေ့ပါက စိတ်ဖောက် ပြန်မှုမျိုးဖြစ်ခဲ့ပါလျှင် ဒီဘဝမှာ မကျွတ်မလွတ်သောဘဝနှင့် နေရပါစေသား"

ဟူသော သစ္စာပြုရခြင်းပင်ဖြစ်သည်။

နောက်တစ်နေ့မှာတော့ မဟူရာဒေဝီသခင်မန်ဘေး တွင် ကေသရီကို ပြန်တွေ့ကြရလေသည်။

ခါတိုင်းကဲ့သို့ပင် ကေသရီကလက်ယာဘက်၌နေရပြီး ဂန္ဓမာကလက်ဝဲဘက်၌ နေရလေသည်။

သူတို့နှစ်ယောက်မှာ ယခင်က ခင်မင်သူများဖြစ်ခဲ့ကြ စေကာမူ ယခုအကြိမ်ပြန်တွေ့သောအခါမှာတော့ တစ်ကြိမ် တစ်ခါမှ တွေ့ဘူးမြင်ဘူးခြင်းမရှိသူများကဲ့သို့ သူစိမ်းပြင်ပြင်ဖြစ် သွားကြလေသည်။

ညအချိန်ရောက်တော့ ဂန္ဓမာက ဒေါက်တာမင်းထင် ကျော်အား ကေသရီပြန်ရောက်နေပြီဖြစ်ကြောင်း ပြောပြလိုက် သည်။

"ဒီလိုဆိုရင် ငါသူနဲ့တွေ့ချင်တယ်၊ သွားတွေ့ခွင့်ပေး မလား"

ဟု ခွင့်တောင်းသည်။

"ကျွန်မက ရှင်နဲ့လက်ထပ်ထားတယ်ဆိုပေမယ့် ဆိုင် သာဆိုင်ပြီး မပိုင်တဲ့ဘဝမျိုးနဲ့ နေရသူပါ၊ ရှင်သွားတွေ့ရင်လည်း တားခွင့်မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကတုံကရင်အသံမျိုးဖြင့် ခွင့်ပေးလေသည်။

ထို့ကြောင့် ညအချိန်ရောက်သောအခါ ဒေါက်တာ မင်း ထင်ကျော်က ကေသရီရှိသော အခန်းရှိရာသို့ သွားကာတွေ့ ရရန်ကြိုးစားသော်လည်း မတွေ့ရပေ၊ လူချင်းတွေ့ခွင့်ရဖို့ မ ထားနှင့် အသံပင်မကြားခဲ့ရပေ။

ထို့ကြောင့် ထိုအခန်းထဲ၌ ကေသရီမရှိဟု ယူဆ လက်လျှော့ပြီး ပြန်လာခဲ့သည်။

သူထင်သလိုတော့ မဟုတ်ပေ။

အခန်းထဲမှာ ကေသရီရှိနေသော်လည်း တွေ့ခွင့်မပေး တော့ခြင်းသာဖြစ်ပေသည်။

မဟူရာဒေဝီခင်သခင်မထံ ကတိပေးထားသည်က ကြောင်း၊ ဂန္ဓမာနှင့် လက်ထပ်ပြီးပြီမို့ သစ္စာမဖောက်ချင်သည် တစ်ကြောင်းကြောင့် တမင်အတွေ့မခံတော့ခြင်းပင်ဖြစ်၏။

နောက်ပိုင်းရက်များမှာလည်း သခင်မနံဘေးတွင်သာ တွေ့ရပြီး. . အခြားနေရာများတွင် မတွေ့ရသလောက်ရှိ သည်။

တစ်နေ့တော့ ဂန္ဓမာက သူမနှင့် တွေ့နိုင်ရန်စောင့် နှစ်ယောက်ချင်းတွေ့သည်။

"ဂန္ဓမာ ဘာကြောင့်ငါနဲ့လာတွေ့လာလဲ"

"နင့်ကိုပြောစရာတွေရှိလို့ပေါ့ ကေသရီရယ် နင်ငါ့ ပေါ်မှာ အထင်အမြင်လွဲနေတယ်မဟုတ်လား"

"ငါဘယ်သူ့အပေါ်မှ အထင်မလွဲပါဘူး၊ မကောင်းခဲ့





ကိုယ့်ရဲ့ကံကြမ္မာကိုပဲ စိတ်နာနေမိတာပါ၊ နင်ဘာပြောမှာလည်း ဂန္ဓမာ"

"ကိုမင်းထင်ကျော်အကြောင်းကို ပြောမှာပါ၊ ငါသူနဲ့ လက်ထပ်ခဲ့တယ်ဆိုတာ တကယ်မဟုတ်ပါဘူး သခင်မ လက် ထပ်ပေးလို့သာ လက်ထပ်ခဲ့ရပေမယ့် တကယ်မဟုတ်ပါဘူး၊ အခုလိုမှ လက်မထပ်ရင် သူ့အသက်သေတော့မယ့် အခြေအနေ မျိုးမို့ ငါ့သူ့ကို အကူအညီပေးထားခဲ့တာပါ"

ထိုစကားကြားတော့ ကေသရီခမျာ တအံ့တသြဖြစ်နေ ပြန်လေသည်။

"တကယ်တော့ မလွှဲသာတဲ့ အခြေအနေကြောင့်သာ ဒီလိုလုပ်ရပေမယ့် သူကလည်း ငါ့ကို လုံးဝမချစ်ပါဘူး၊ ဒါ ကြောင့် လက်ထပ်ပြီး ကြတယ်ဆိုပေမယ့် သာမန်အခြေအနေ မျိုးမှာပဲ ရှိပါသေးတယ်"

"နင်. . နင်တကယ်ပြောနေတာလား ဂန္ဓမာ"

"ငါနင့်ကို ဘာကြောင့် ညာပြောရမှာလဲ၊ ဒီအကြောင်း တွေကလည်း ညာပြောရမယ့်အကြောင်းတွေမှ မဟုတ်တာ၊ နင် မယုံရင် သူ့ကိုကိုယ်တိုင်မေးကြည့်ရင် ပိုပြီးသိမှာပါ တကယ်တော့ သူကလည်း နင့်ကလွဲပြီး ဘယ်သူ့မှမချစ်ပါဘူး"

ထိုစကားကြားသောအခါ ကေသရီမျက်နှာပေါ်မှာ တက်ကြွမှု၊ စိတ်လှုပ်ရှားသော အမူအရာပေါ်လာလေသည်။

"ငါ. . ငါ. . သူ့အပေါ်မှာ အထင်လွဲနေမိတယ်၊ အခု တော့ သူနဲ့တွေ့မှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့သင့်တာပေါ့၊ နင့်အတွက် အရေးအကြီးဆုံး ဆုံးဖြတ်ချက်တစ်ခုကိုလည်း သူနဲ့တိုင်ပင်ရမှာပေါ့"

"ဟာ. . ဘာလဲဟင်"

"နင်က မကြာခင်မှာ ဒီဘုံဘဝက လွတ်မြောက်ခွင့်ရတော့မယ်၊ အဲဒီအခါမှာ သူတို့ကိုပါ တစ်ပါတည်းခေါ်ပြီးတော့ ဒီနေရာက လွတ်မြောက်အောင် ကြိုးစားရမှာပေါ့"

"ဖြစ်ပါ့မလားဟင်. . ငါက သခင်မဆီမှာ သစ္စာရေသောက်ခဲ့ရပြီးပြီ"

"သစ္စာရေသောက်ခဲ့ရပြီးပေမယ့် နင်ဆောင်ရွက်ရမယ့်ကိစ္စတစ်ခုက အများအတွက် ကောင်းမှုဖြစ်တယ်၊ ကုသိုလ်ရတဲ့အလုပ်မျိုးဆိုရင် လဲတန်လဲရမှာပေါ့၊ နင်တို့လွတ်မြောက်ဖို့ ငါအကူအညီပေးမှာပါ"

ထိုစကားကြားသောအခါမှ ကေသရီ၏ အမူအရာမှာ ပြောင်းလဲသွားလေတော့သည်။

"အခြေအနေတွေရဲ့ အကြောင်းရင်းကိုမသိရဘဲ၊ ငါနင့်အပေါ်မှာ အထင်လွဲမိတာကို တောင်းပန်ပါတယ်၊ ငါ့ကို ခွင့်လွှတ်ပေးပါ၊ နောက်ပြီး ငါသူနဲ့ တွေ့ချင်တယ် တွေ့ပါရစေ"

ဟုခွင့်တောင်းသောအခါ ဂန္ဓမာက အားနည်းစွာ ပြုံးလိုက်သည်။

"ငါ့ဆီမှာ ခွင့်တောင်းစရာမလိုပါဘူး၊ တကယ်တော့ ငါ့အနေနဲ့ သူ့အပေါ်မှာ ဆိုင်သာဆိုင်ပြီး၊ မပိုင်တဲ့ဘဝမျိုးနဲ့ နေရတာပါ၊ ညအချိန်ရောက်ရင် ငါသူ့ကိုနင်နဲ့တွေ့ဖို့ လွှတ်ပေး





လိုက်ပါ့မယ်"

ဟုပြောကာ ဂန္ဓမာက ပြန်လှည့်ထွက်သွားလေသည်။

ကျောခိုင်းထွက်သွားပြီးနောက်တွင် သူမမျက်နှာပေါ်သို့ မျက်ရည်များစီးကျနေသည်ကိုတော့ ကေသရီမမြင်လိုက်ရပေ။

ညအချိန်ရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က သူမကိုယ်လေးကို ထွေးဖက်ထားလိုက်သည်။

"ငါ့အတွက်ကြောင့် မင်းဒုက္ခဆင်းရဲတွေနဲ့ ကြုံတွေ့ခဲ့ရတယ်၊ ငါ့ကိုခွင့်လွှတ်ပေးပါ"

"ကျွန်မရှင့်အပေါ်မှာ ဘယ်တုန်းကမှ အပြစ်တင်တဲ့အတွေးမျိုးနဲ့ အပြစ်မတင်ရက်ခဲ့ပါဘူး"

"ငါဒီကို တစ်ခေါက်ထပ်လာတဲ့ ရည်ရွယ်ချက်ထဲမှာ မင်းကိုခေါ်သွားဖို့လည်း အဓိကပါတယ်၊ မင်းလိုက်ခဲ့မယ် မဟုတ်လားဟင်"

"ဒီဘုံဘဝကလွတ်မြောက်ဖို့ဆိုရင် ဒီအတိုင်းထွက်ပြေးရုံနဲ့မရဘူး၊ သူကလွတ်မြောက်ခွင့်ပေးမှရမယ်"

"ဒီတော့ဘယ်လိုလုပ်ကြမလဲ ၊မင်းမပါပဲနဲ့တော့ ငါဒီနေရာကနေပြန်မသွားဘူး၊ ငါမင်းနဲ့ မခွဲနိုင်တော့ပါဘူး၊ အမှန်ပြောရရင်တော့ ငါမင်းအပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်မိနေပါပြီ"

"ကျွန်မလည်း ရှင့်လိုပါပဲ၊ ရှင့်အပေါ်မှာ တကယ်ချစ်မိနေလို့ မီးလျှံငရဲတွင်းထဲမှာ အကျဉ်းခံရခဲ့တာပါ"

"ကေသရီရယ်"

ဒေါက်တာမင်းထင်ကျော်က ရင်ခွင်ထဲရောက်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကေသရီကိုယ်ကလေးကိုတင်းကျပ်သွားအောင် ဖက်ထားလိုက်သည်။

"ဒီလိုခေါ်သွားလို့မှ မရရင်တော့ သခင်မဆီမှာ အဖြစ်မှန်အတိုင်း ဖွင့်ပြောပြီး ခွင့်တောင်းရတော့မှာပဲ၊ မကောင်းဘူးလားဟင်"

"ဒီလိုလုပ်ရင် ကျွန်မတို့နှစ်ယောက်စလုံးကို မီးလျှံထဲ တွင်းထဲမှ အကျဉ်းသားဘဝနဲ့ထားပြီး အပြစ်ပေးလိမ့်မယ်"

"ဒီလိုအပြစ်ပေးရင်လည်း မင်းနဲ့အတူတူနေရရင် ကိုယ်ခံပါ့မယ်၊ မင်းနဲ့ခွဲခွာနေရခြင်းက ငရဲမီးလောင်ကျွမ်းခံရတာထက်ပိုပြီး ပူလောင်လှပါတယ်"

ထိုစကားကြားသောအခါ ကေသရီက ဒေါက်တာမင်းထင်ကျော်ကို တင်းတင်းဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေပြန်သည်။

"မောင်ရယ် ကျွန်မတို့ဘဝက ဆိုးလှပါတယ်"

တိုးတိုးလေး ရေရွတ်ပြောဆိုနေလေသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ချစ်သူနှစ်ယောက်ရင်ထဲမှာတော့ ဗလောင်ဆူနေလေသည်။ အပြင်ဘက်၌ နှင်းများကျသဖြင့် အေးလှသည်။ သူတို့ရင်ထဲမှာတော့ ကျွမ်းမီးတောက်လောင်သကဲ့သို့ ပူပြင်းလှပေသည်။







# အခန်း(၁၇)

## စည်းတစ်ဘက်ခြမ်းမှ လွမ်းကျန်ရစ်ခဲ့သူ

အချိန်က နံနက်ပိုင်းအချိန်ဖြစ်သည်။ ရင်ပြင်တော်ကြီးပေါ်၌ ရှိသမျှအားလုံးတို့ ရောက်နေကြလေသည်။ ထို့ပြင် ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်း၊ ဒီပက၊ ရမ်ပ၊ ကင်းနက်တို့ငါးယောက်လည်း ရှေ့ဆုံး၌ ရှိနေကြလေသည်။

မဟူရာဒေဝီသခင်မကတော့ ကျောက်စိမ်းပလ္လင်ပေါ်၌ ရောက်ရှိနေကာ သူမမျက်နှာပေါ်၌ ဒေါသစိတ်ကြောင့် တင်း

www.burmeseclassic.com



မာခက်ထန်မှုများဖြစ်ပေါ်နေသည်။

သူမ၏ ဘေးတစ်ဖက်တစ်ချက်၌ရှိနေသော ကေသရီနှင့် ဂန္ဓမာတို့နှစ်ယောက်ကတော့ ကြောက်ရွံ့ကမှုကြောင့် မျက်စိမျက်နှာပျက်နေကြလေသည်။

"နင်တို့က ငါ့ကိုလိမ်ညာခဲ့ကြတာပေါ့ ဟုတ်လား၊ ဂန္ဓမာကလည်း ဟန်ဆောင်လက်ထပ်ခဲ့တယ်၊ ကေသရီကလည်း သစ္စာရေသောက်ပြီး အတန်တန်ကတိပေးထားပြီးမှ ကတိသစ္စာကို ဖောက်ဖျက်တယ် နင်တို့နှစ်ယောက်စလုံးကို မီးလျှံငရဲတွင်းထဲမှာ အကျဉ်းချထားရမယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တရှေ့သို့ထွက်လိုက်သည်။

"သူတို့နှစ်ယောက်မှာ ဘာမှအပြစ်မရှိပါဘူး၊ ဒီလိုဖြစ်ရတာတွေဟာ ကျွန်တော်အတွက်ကြောင့် ဖြစ်ရတာဆိုတော့ ကျွန်တော်မှာပဲ အပြစ်ရှိပါတယ် ဒါကြောင့် သူတို့ကို ခွင့်လွှတ်ပေးပြီး ကျွန်တော်ကိုပဲ အပြစ်ပေးပါ"

ထိုစကားကြားသောအခါ သခင်မက ဒေါသမျက်နှာဖြင့်တစ်ချက်ကြည့်လိုက်ရင်း . . .

"သင်တို့မှာလည်း မပြစ်ရှိတယ်ဆိုတာ အမှန်ပဲ၊ ဘာကြောင့်လည်းဆိုတော့ မလာသင့်တဲ့နေရာကို ရောက်လာကြလို့ပဲ၊ ဒါကြောင့် သင်တို့အားလုံးကို ငရဲခွေးတွေရဲ့ အစာကျွေးပြီးသတ်ပစ်ရမယ်"

ဟုပြောဆိုလေသည်။





"သေရတာကတော့ မကြောက်ပါဘူး၊ သက်ရှိသတ္တဝါတွေမှန်သမျှ သေခြင်းတရားနဲ့ ကြုံတွေ့ရတာလည်း မထူးဆန်းပါဘူး၊ တစ်ခုသိထားရမှာက ခင်ဗျားအနေနဲ့ သတိထားရမှာက အရင်ဘဝတွေက ပြုခဲ့တဲ့ အကုသိုလ်ကံတွေကြောင့် ဒီဘုံဘဝမျိုး ရောက်နေရတယ်၊ ဒီလိုရောက်နေရတဲ့အခါမှာ ထပ်ပြီးမကောင်းမှုကံတွေ ကျူးလွန်မယ်ဆိုရင်တော့ ဒီထက်နိမ့်တဲ့ငရဲဘုံဘဝရောက်မှာ မလွဲတော့ဘူး"

"သင်က ငါ့ကိုဒီလို ပြောဝံ့သတဲ့လား၊ အခုချက်ချင်း ငါ့အကြောင်းသိစေရမယ် ငရဲထိန်းတွေ သူတို့ငါးယောက်ကို ဖမ်းခေါ်သွားပြီး ငရဲတွင်းထဲ ပစ်ချလိုက်ပေတော့"

ဟုအမိန့်ပေးလိုက်ရာ ပတ်ဝန်းကျင်တွင် အသင့်အနေအထားမျိုးဖြင့် ရှိနေကြသော ငရဲထိန်းများရောက်လာပြီး ဒေါက်တာမင်းကျော်တို့ ငါးယောက်စလုံးကို ဖမ်းချုပ်လိုက်ကြလေသည်။ ထိုအခြေအနေကိုမြင်သောအခါ ကေသရီနှင့် ဂန္ဓမာတို့နှစ်ယောက်မှာ မျက်စိမျက်နှာပျက်သွားကြလေသည်။

သို့သော်လည်း တန်ခိုးသိဒ္ဓိစွမ်းချင်း မတူသဖြင့် သူမတို့အနေဖြင့်လည်းဘာမှ မတတ်နိုင်ကြရှာပေ။

ထိုအချိန်မှာ အမျိုးသမီးများ တန်းစီရပ်နေသော ကြားလမ်းမှ လူတစ်ယောက်ဝင်လာသည်။ ကျောင်းတိုက်ကြီးအတွင်း၌နေသော သူတော်စင်ကြီး ကုမာရပင်ဖြစ်လေသည်။

သူတော်စင်ကြီးက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာရာ ငရဲထိန်းများကပါ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အရိုအသေပေး



www.burmeseclassic.com

www.burmeseclassic.com



ကာ လမ်းဖယ်ပေးကြရသည်။

သူတော်စင်ကြီးကုမာရက ကျောက်လှေခါးထစ်များ အတိုင်းတက်သွားရာ သခင်မကိုယ်တိုင် ပလ္လင်ပေါ်မှ ဆင်းလာပြီး ခရီးဦးကြိုပြုရလေသည်။

"ဦးကြီးတော်၊ ဘယ်အတွက်ကြွရောက်လာရပါသလဲ"

"ငါရောက်လာတာ နင့်ကိုသတိပေးစရာရှိလို့ လာခဲ့တာပဲ၊ သူတို့က မဟာဂန္ဓာရီ တက္ကသိုလ်ကလာတဲ့ သူတော်ကောင်းတွေပဲ၊ မဟာဂန္ဓာရီတက္ကသိုလ်က ဆရာသခင်တွေကလည်း ငါ့ဆီကို လိပ်ပြာခန္ဓာနဲ့ ရောက်လာပြီး ပြောပြထားပြီးပြီ၊ သူတို့ကို ဒုက္ခပေးရင် နင်အကြီးအကျယ်မှားလိမ့်မယ်"

ထိုသို့ပြောရာ သခင်မမှာ ဘာမှပြန်မပြောပဲ ခေါင်းငုံ့လျက် နားထောင်နေသည်။

"နောက်ထပ်တစ်ချက်က နင်လည်း ဒီဘုံဘဝက ကျွတ်လွတ်ခွင့်ရတော့မယ်"

"ရှင်"

သခင်မမျက်နှာပေါ်မှာ မယုံကြည်နိုင်လောက်အောင် အံ့ဩမှုများဖြစ်ပေါ်သွားလေတော့သည်။

"ဟုတ်တယ် နင် ဒီဘုံဘဝက ကျွတ်လွတ်ခွင့်ရပြီး ဒီထက်အဆင့်အတန်းမြင့်တဲ့ ဘုံဘဝကို ရောက်ရပေတော့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ဦးကြီးတော်ရယ်"

"ဒါကြောင့် ဒီနေရာကိုသင့်တော်တဲ့သူတစ်ဦးကို လွှဲ





ပေးပြီး ငါ့နောက်ကို လိုက်ခဲ့ပေတော့"

ဟုပြောကာ သူတော်စင်ကြီးက အဆောက်အဦးကြီး အတွင်းပိုင်းသို့ ဝင်ရောက်သွားလေတော့သည်။

ထို့နောက်မှာတော့ မဟူရာဒေဝီသခင်မက သူ့နေရာတွင် ဆက်ခံမည့်နှစ်ယောက်ရှိရာ ကေသရီက မကြာခင်လွတ်မြောက်ခွင့်ရတော့မည့်သူဖြစ်သဖြင့် မရွေးတော့ဘဲ ဂန္ဓမာကိုခေါ်ပြီး လွှဲအပ်ပေးလေသည်။

ဦးခေါင်းပေါ်မှ သိဒ္ဓိရှိသော သရဖူကို ချွတ်ပြီး ဂန္ဓမာဦးခေါင်းပေါ်သို့ ကိုယ်တိုင်ဆောင်းပေးလိုက်ကာ မှော်ဝင်ကြိမ်လုံးကို အပ်လိုက်သောအခါ ဂန္ဓမာမှာ ထိုနေရာတစ်ခုလုံး၏ အရှင်သခင်မဘဝ ရောက်သွားလေတော့သည်။

ထို့နောက် ဒေါက်တာမင်ထင်ကျော်တို့အနီးသို့ လျှောက်လာပြီး တောင်းပန်စကားဆိုလေသည်။

"ရှင်တို့အပေါ်မှာ ပြုခဲ့တဲ့အပြစ်တွေအတွက် ကျွန်မကို ခွင့်လွှတ်ပေးကြပါ၊ အားလုံးလည်း ဒီနေရာကလွတ်မြောက်အောင် ဂန္ဓမာက ဆောင်ရွက်ပေးပါလိမ့်မယ် အားလုံးကိုနှုတ်ဆက်ခဲ့ပါတယ်"

ဟုပြောဆိုနှုတ်ဆက်ကာ သူတော်စင်ကြီးကုမာရထွက်သွားရာနောက်သို့ လိုက်သွားလေတော့သည်။

သူတို့ပြန်ခွင့်ရတော့မည်ကို သိရသဖြင့် ဝမ်းသာကြသော်လည်း လက်ထပ်ထားသော မိန်းကလေးများအတွက်ကတော့ စိတ်မကောင်းဖြစ်ကြရသည်။ မိန်းကလေးများ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာလည်း ဝမ်းနည်းပူဆွေးမှုများဖြင့် ငိုကြွေးနေကြသည်။

ထို့နောက်မှာတော့ ဂန္ဓမာကိုယ်တိုင် ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့ကို လက်ထပ်ပေးလိုက်သည်။

"သူက ဒီဘုံဘဝက လွတ်မြောက်ခွင့်ရပြီးသူမို့ တစ်ပါတည်းခေါ်ဆောင်သွားလို့ရပါပြီ၊ သူ့ကိုသာ ကောင်းမွန်စွာ စောင့်ရှောက်ပေးပါ"

"ကောင်းပါပြီ"

ဒေါက်တာမင်းထင်ကျော်က ပူဆွေးကြေကွဲနေသည့် အရိပ်အယောင်များ သမ်းနေသော ဂန္ဓမာမျက်နှာလေးကို စိတ်မကောင်းစွာတစ်ချက်ကြည့်ကာ ဦးခေါင်းညိတ်ပြလိုက်လေသည်။ ထို့နောက်မှာတော့ သူတို့ခြောက်ယောက်ကို ငရဲထိန်းများကိုယ်တိုင် ဝေမာနိက တံခါးပေါက်သို့ လိုက်ပို့ပေးကြလေသည်။

ဂန္ဓမာကတော့ မနီးမဝေးမှလိုက်လာလေသည်။

ထိုနေရာသို့ရောက်သောအခါ ဝေမာနိကတံခါးချပ်မှာ အလိုအလျောက် ပွင့်နေသည်ကို တွေ့ကြရသည်။

အတွင်းသို့ ဝင်ကာနီးတော့ ဂန္ဓမာကို လက်ပြနှုတ်ဆက်ကြပြီးမှ အတွင်းသို့ ဝင်ကြလေရာ သူတို့အတွင်းသို့ရောက်သည်နှင့် တံခါးချပ်များက အလိုအလျောက် ပြန်ပိတ်သွားကြလေသည်။ စည်းတစ်တန်ခြားသွားခဲ့လေပြီ။

လူ့ဘဝနှင့် စည်းခြားထားသောဝေမာနိက တံခါးချပ်မှာ ငြိမ်သက်စွာရှိနေချေပြီ။ သို့သော် အပြင်ဘက်၌ ရပ်လျက်သားကျန်ခဲ့သူတစ်ယောက်၏ ရင်ထဲမှာတော့ ပူဆွေးသောကများဖြင့်





…ှုပ်ရှားနေလေတော့သည်။

"ကျွန်မရှင့်ကိုတကယ်ချစ်ခဲ့ပေမယ့် ရှင့်အချစ်ကို မရခဲ့…ဘူး၊ ကျွန်မယက် အရင်ဦးနှင့်နေသူရှိနေတော့ အခွင့်အရေး…ရခဲ့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ရှင်နဲ့တဒင်္ဂဆုံတွေ့ခဲ့ရတဲ့ အဖြစ်အ…က် ကလေးတွေကိုတော့ ကျွန်မရင်ထဲမှာ တစ်သက်လုံး သိမ်း…ားပြီး အမှတ်တရရှိနေမှာပါ"

ဟုတီတိုးရေရွတ်ရင်း ပါးပြင်ပေါ်သို့ စီးကျလာသော …တ်ရည်စများကို သုပ်ဖယ်ရင်း ဝေမာနိကတံခါးမှ ပြန်လှည့်သွား…သတော့သည်။

ထိုအကြောင်းကိုတော့ အတူလက်တွဲပြီး လူ့လောကသို့ …ခွင့်ရခဲ့ကြသော ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့ …ယောက်ကတော့ မသိနိုင်၊ မမြင်နိုင်ကြတော့ပါပေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (စည်းခြားသည့် …မာနိကတံခါး) အမည်ရှိသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာ…ည်း နိဂုံးကမွတ် အဆုံးသတ်ပြီးဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

ကြိုသခ်

…နိုး။ ။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်၊ အင်္ဂါနေ့(၄)နာရီ။



BURMESE CLASSIC
www.burmeseclassic.com